

မိုးမိုး စာပေ
(လုံးချင်းဝတ္ထုရှည်)
ရွှေအာဠဝီ
သက်ဝင်နှလုံးသား

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရွှေအဉ္ဇလီ

သက်ဝင်နှလုံးသား

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း။<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံယဉ်အော့ဖ်ဆက်<br>၆၈၊ စကားဝါလမ်း။<br>အုံကြီးမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဇွန်လ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

ရွှေအဥလိ
သက်ဝင်နှလုံးသား / ရွှေအဥလိ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၇၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) သက်ဝင်နှလုံးသား


## အခန်း (၁)

မျက်ရည်မကျဘူးဟု ကြွေးကြော်ထားပေမယ့် တကယ်တမ်း လက်တွေ့ကြုံလာတော့ ယမုံနာ မျက်ရည်များကို ထိန်းချုပ်မရနိုင်။

အံကို တင်းတင်းကြိတ်ပြီး စိတ်ကို အမျိုးမျိုးပြောင်းခဲ့ပေမယ့် ရရှိထားသော ဒဏ်ရာကြောင့် ရုတ်တရက် ထိန်းချုပ်မရ။

ယမုံနာ ကားကို ကိုယ်တိုင်မောင်းထွက်ခဲ့သော်လည်း စိတ်က ပျားရည်ထံကို ရောက်နေသည်။

ပျားရည်…နာမည်နှင့်လိုက်အောင် အပြောချိုသည်။

ယမုံနာ ပျားရည်ကို မုန်းတယ်ဟု ရက်ရက်စက်စက် ပြောလိုက်ပေမယ့် တကယ်တမ်း လက်တွေ့စွန့်လွှတ်လိုက်ရတော့ မယ်ဆိုတော့ ယမုံနာ နမြောတသ ဖြစ်မိသည်။

ကြေကွဲသည်။

ယမုံနာအတွက် ပျားရည်ဟာ အဖြည့်ခံလူသား တစ်ယောက်။ ယမုံနာ ခံစားခဲ့သမျှ၊ ကြေကွဲခဲ့သမျှ ပျားရည် ခံစားကြေကွဲရအောင် တမင် ဖန်တီးလိုက်ခြင်းဖြစ်သည်။

အချစ်ကို နားမလည် အားကိုးပြီး ပျော်ရွှင်ကြည်နူးမှုကို မက်မောမိသော ပျားရည် ကြေကြေကွဲကွဲ ခံစားရ၏။

ပျားရည် ခံစားနေရမည်ဆိုတာ ယမုံ သိနေသည်။ နူနယ် သော ယမုံနာ၏ စိတ်ဓာတ်တွေ ဘယ်လိုသဘောနှင့် ဒီလောက် ရက်စက်နေရသည်ဆိုတာ မဝေခွဲနိုင်။

ယမုံနာ လုပ်ရပ်ကို ယမုံနာ မှန်တယ်ထင်သည်။

သူတို့ သောကရောက် ကြေကွဲနေကြတာ ယမုံနာ ကြေကွဲ ခံစားရသလောက် မရှိဟုထင်နေသည်။ ယမုံနာ မျက်ရည်ကျ





ကြေကွဲရတုန်းက အချိန်၊ နာရီနှင့်အမျှ ကြေကွဲရသည်။

ယမုံနာ အသက်လောက်ချစ်ရသော ဂင်္ဂါ လူ့လောကကို ကျောခိုင်းထွက်ခွာရသည့်အတွက် ဘယ်လိုအရာမဆို ယမုံနာ ရင်ဆိုင်ရဲသည်။ နောက်ပြန်လှည့်ကြည့် အားငယ်စိတ်တွေ မွေးဖွား ရန်မလို။

ယမုံနာ ကားကိုသာ ဦးတည်ချက် ကင်းမဲ့စွာ မောင်းနေ သည်။ ယမုံနာ မောင်းနေသော ကားလေးသည် ဤမြို့ကို ကျောခိုင်းနေသည်ဆိုသော အသိက ခေါင်းထဲမှာ ရောက်ရှိလာ ပေမယ့် မသိစိတ်က ပိတ်ပင်ထားမြစ်ခြင်းမရှိ။

"ပျားရည်…နင့်ကို ငါသိပ်ချစ်တယ်၊ အခုအချိန်မှာ နင့်အနားမှာ တခြားမိန်းမတစ်ယောက် ရောက်လာရင် အဲဒီမိန်းမကို ငါ သတ်မိမလား မသိဘူး"

ယမုံနာ ပြောရင်းနှင့် ရင်ခုန်သံတွေ ဆူညံလာသည်။

ယမုံနာ တကယ်ချစ်ရသောသူက ပျားရည်ဖြစ်သည်။ ပျားရည်ကို ယမုံနာ တကယ်ချစ်သည်။ ပျားရည်က ပျားရည်ဆို

သည့်အတိုင်း စကားပြောတာကအစ ချိုလွန်းသည်။

ယမုံနှာ ချစ်တယ်ဆိုသော စကားပြောတာ အဆန်း မဟုတ်။ တခြားမိန်းကလေးတွေကလည်း ပျားရည်ကို စိတ်ဝင်စား ချင်ကြသည်။ ပျားရည်ကို ချစ်ကြသည်။

ပျားရည်က ယောကျ်ားပီသသည်။ အရပ်က ခြောက်ပေ ပြည့်ရန် သုံးလက်မ လိုသည်။

နိုင်ငံခြားကလာသော စပို့ရှပ်တွေကိုသာ အဝတ်များသလို ရောင်စုံစတိုင်ဘောင်းဘီများကိုပါ အမြဲဝတ်ဆင်တတ်သည်။

ပျားရည်ကို တွေ့လိုက်တာနှင့် တခြားလူ စိတ်လန်းသွား ၏။ (မိန်းမပိုများသည်)

"စိတ်ဝင်စားစရာ ကောင်းတဲ့လူပဲ၊ မိုက်သွားပြီကွာ"

မိန်းမတို့၏ လက်သုံးစကား။

ပျားရည်အတွက် ထူးဆန်းသော စကားမဟုတ်။ ပျားရည် က ဘယ်လိုမိန်းမကိုမှ စိတ်ဝင်စားတတ်သူမဟုတ်။

သူငယ်ချင်းတွေနှင့်သာ အချိန်ကုန်ခဲ့သည်။

ဝိုးဝိုး၈၁၇၄ပ



ဆိုင်တစ်ဆိုင်မှာ စတိုင်လ်အသစ် ရောက်တာနှင့် ဝယ်ဝတ် တတ်သည်။

ငှင်းမြို့ရှိ ဆိုင်တွေကို ပျားရည် မရောက်ဘူးတာမရှိ။ မိသားစုထဲမှာ ပျားရည်က အငယ်ဆုံး။ အားလုံးက အလိုလိုက် သည်။ ပျားရည်က စတိုင်လ်ကျကျ အဝတ်အစားများကို ဝတ်မယ်။ သူငယ်ချင်းတွေနှင့် ကော်ဖီဆိုင် ကောင်းကောင်းမှာ ထိုင်စကား ပြော အချိန်ဖြုန်းတတ်သည်။

"ပျားရည်"

"ဘာလဲ အဂ္ဂ"

"ငါတို့ အသစ်ဖွင့်ထားတဲ့ စူပါမားကတ်တစ်ခု တွေ့ထား တယ်၊ အဲဒီဆိုင်မှာ စတိုင်လ်ကျတဲ့ ဘောင်းဘီတွေ တွေ့ခဲ့တယ်၊ ပိုကောင်းတာက အဲဒီစူပါမားကတ်ရဲ့ အပေါ်ထပ်မှာ ဖွင့်ထားတဲ့ ကော်ဖီဆိုင်ကလည်း ကောင်းတယ်ကွာ၊ အဲဒါ ငါတို့သွားကြရ အောင်"

အဂ္ဂစကားကို ပျားရည် စိတ်ဝင်စားသွားသည်။ ပျားရည်

ဝိုးဝိုး၈၁၇၄ပ

က စတိုင်လ်ဘောင်းဘီနှင့် ကော်ဖီကောင်းကောင်းဆို စိတ်ဝင်စားသည်။ တကယ်လည်း သောက်သည်။ အဲဒီအတွက် ဈေးဘယ်လောက်ကြီးသလဲ ဂရုမစိုက်။ သောက်လိုက်ရင် ကျေနပ်သည်။

ပျားရည်ဘဝမှာ ငွေ ပိုက်ဆံမလို။

အချိန်မရွေးရှိသည်။

ပျားရည်၏ နောက်ဆုံးပေါ် သိန်းရာကျော်တန်ကားက အနားမှာ အမြဲရှိသည်။ ပျားရည် သွားချင်တာဆို ပျော်ရွှင်စွာ ခေါ်သွားတတ်သလို နောက်ဆုံးထွက်သော သီချင်းခွေ အသစ်တွေက အမြဲရှိသည်။

အဂ္ဂ ခေါ်သော စူပါမားကတ်ကို သွားရန် ပျားရည် စိတ်ဝင်တစား လက်ခံလိုက်သည်။

ဝိုး:မိုး:၀၇၄ပ

## အခန်း (၂)

ရင်ခုန်စရာ အကြောင်းတစ်ခုက စူပါမတ်ကို အရောက်မှာ ပေါ်လာ၏။ ပျားရည် အပါအဝင် သူငယ်ချင်းသုံးယောက် စူပါမတ်ထဲကို ရောက်ခဲ့သည်။

ပျားရည်တို့ သူငယ်ချင်းသုံးယောက်ကို မန်နေဂျာရုံးခန်းမှ တီဗီမှတစ်ဆင့် ထိုင်ကြည့်နေသူက ယမုံနှာ။

ယမုံနှာသည် ပျားရည်တို့ သွားလာလှုပ်ရှားနေပုံကို အမိက ထား ကြည့်နေသည်။

ပျားရည်၏ ယောကျ်ားပီသမှု ဝတ်ဆင်ထားတာတွေ၏

ဝိုး:မိုး:၀၇၄ပ

စတိုင်လ်ကျမှုကို အားလုံးက အံ့ဩသည်။

စူပါမတ်တစ်ခုလုံးတွင် ပျားရည်၏ ရုပ်လက္ခဏာက ထင်းနေသည်။ ပျားရည်သည် သူကြိုက်နှစ်သက်သော စတိုင်လ် ဘောင်းဘီကို စိတ်တိုင်းကျ ဝယ်နေတာကို ယမုံနာ အံ့ဩခြင်း များစွာနှင့် ကြည့်နေသည်။

တကယ်တော့ စူပါမတ်သည် ခေတ်မီသလို ဆိုင်တစ်ခု လုံး ဗီဒီယိုကင်မရာများနှင့် ချိန်ထားသလို ပစ္စည်းဝယ်ယူသူများ ၏နောက်ကို အရောင်းဝန်ထမ်းများ မလိုက်ကြ လိုချင်တာကို စိတ် တိုင်းကျ ဖြုတ်ယူပြီးမှ ကောင်တာက လက်ဆွဲအိတ်တစ်လုံးနှင့် သေသေသပ်သပ် ထည့်ပေးသည်။

တခြားလူကို လက်ဆောင်ပေးမည်ဟု ဝယ်သူက ပြောလာ ပါက လက်ဆောင်ပစ္စည်းအဖြစ် ပါကင်ထည့်ပေးသည်။

ပစ္စည်းဝယ်သူတွေအတွက် အဆင်ပြေအောင် ဖန်တီးပေး ထားသည်။ စူပါမတ်ထဲကို ရောက်လာသူတွေအတွက် အခက်အခဲ ဘယ်လိုမှ မရှိ။





"ဘယ့်နှယ်လဲ ပျားရည် အဆင်ပြေရဲ့လား"

"မင်းခေါ်တာနဲ့ ကွက်တိဖြစ်ပါတယ်ကွာ၊ အဲဒီအတွက် ကျေးဇူးတင်တယ်"

"ကျေးဇူးက ငါတို့အတွက် ဘာမှလုပ်မရဘူး၊ အပေါ် ထပ်တက်ပြီး ကော်ဖီသောက်ရအောင်"

"ကောင်းသောစကားပေါ့ကွာ"

ပျားရည်တို့ အပေါ်ထပ်ကို တက်ခဲ့ကြသည်။

ယမုံနာ မန်နေဂျာရုံးခန်းကထွက်ပြီး အပေါ်ထပ်ရှိ ကော်ဖီ ဆိုင်မှ ကော်ဖီတစ်ခွက်နှင့် မုန့်တစ်ပန်းကန်ကို မှာယူလိုက်ချိန်တွင် ပျားရည်ကလည်း ကော်ဖီနှင့်မုန့်ကို မှာလိုက်သည်။

၎င်းနောက် ယမုံနာမှာ ပျားရည်အတွက် မှာထားသော ကော်ဖီဗန်းကို ဆွဲယူလိုက်တာကြောင့် ပျားရည် ဘာလုပ်ရမှန်းမသိ အောင် ဖြစ်သွား၏။

ဒေါသထွက်သွား၏။

ယမုံနာ မှာထားသော ကော်ဖီဗန်းကိုယူပြီး လိုက်လာ၏။

ယမုံနှာ မှာထားသည်က ကော်ဖီတစ်ခွက်၊ မုန့်တစ်ခု၊ ပျားရည်မှာထားတာက ကော်ဖီသုံးခွက်၊ မုန့်သုံးခု။

တန်ဖိုးအားဖြင့် အတော်ကို ကွာသည်။

ပျားရည် ယမုံနှာအနောက်က လိုက်လာသည်။ ယမုံနှာ မှာ ထိုင်ခုံအလွတ်တစ်ခုမှာ ကော်ဖီဗန်းကို ချလိုက်ပြီး သူပါထိုင် လိုက်၏။ ထိုင်ခုံမှာ တစ်ယောက်ထိုင်ခုံဖြစ်သည်။

"ဒီမှာ ခင်ဗျားကော်ဖီဗန်း မှားသွားပြီ၊ အဲဒါ ကျွန်တော့် ကော်ဖီဗန်း၊ ဒါ ခင်ဗျား ကော်ဖီဗန်း"

"ဟုတ်တယ်၊ ကျွန်မလည်း ဒီခုံပေါ်ချမှ သတိထားမိ တယ်၊ ကျွန်မဗန်းမဟုတ်ဘူးဆိုတာပေါ့၊ စိတ်မရှိနဲ့နော်၊ ရှင့်ကော်ဖီ ဗန်းကို ပြန်ယူသွားပါ၊ ကျွန်မ ကော်ဖီဗန်းကိုသာ ထားခဲ့ပါ"

ယမုံနှာကို ကြည့်လိုက်၏။ ယမုံနှာမျက်နှာက ဘယ်လို အရောင်မှ သမ်းလာခြင်းမရှိ။

ပျားရည်၏အကြည့်က ဘယ်လိုမိန်းမမျိုးလဲဟု ထင်၏။ (ရူးနေသလား)





ပျားရည် ဘာမှဆက်မပြောလို။ သူ့ကော်ဖီဗန်းကိုသာယူ ပြီး ပြန်လှည့်လိုက်သော အချိန်တွင်...

"ဟိတ်...ဟိတ်"

ပျားရည် အနောက်ကို လှည့်ကြည့်လိုက်သည်။

ယမုံနှာ၏ မျက်နှာက တွေ့တုန်းကလိုမဟုတ်။ လန်းဆန်း နေ၏။

"ကျေးဇူးပဲနော်"

"ဘာ"

ယမုံနှာ၏ စကားကို ဒေါသထွက်မိသော်လည်း ပျားရည် ဘယ်လိုမှ တုန့်ပြန်လို့မရ။ အနားရှိတုန်းက အဲဒီလိုပြောရင် ကော်ဖီ ဗန်းကို ချပြီး မျက်နှာကို လက်သီးနှင့် ထိုးလိုက်မိမှာ သေချာ သည်။ အခု သုံးလေးခုံကျော်မှ ပျားရည် ဘယ်လိုမှ အနိုင်မရ အောင် ရှုံးသွား၏။

နောက်ဆုံးတော့ ယမုံနှာဘက်ကို နှာခေါင်းကြီးရှုံ့ချပြီး ထွက်ခဲ့သည်။

ပျားရည်၏ လုပ်ရပ်ကို ယမုံနာ ရယ်နေသည်။

ပျားရည်မှာ မကျေမနပ် ဖြစ်နေသည်။

သူနှင့်မသိတဲ့ မိန်းမတစ်ယောက်က သူ့ကို ဒီလိုလုပ်လိုက်တာကို ဒေါသဖြစ်နေ၏။

ကော်ဖီကြိုက်တဲ့ ပျားရည်၊ ကော်ဖီ၏အရသာကို ဘယ်လိုခံစားရမှန်းမသိအောင် ဖြစ်နေ၏။

"အဲဒါ ဘာမှမဟုတ်ဘူး၊ ဂျပိုး…ဂျပိုး"

"မဟုတ်ပါဘူးကွာ၊ ငါနဲ့လည်း မသိဘဲနဲ့ အပွေးခံလိုက်ရတာကို မကျေနပ်တာ"

ပျားရည် ယမုံနာကို ကြည့်လိုက်သည်။

ယမုံနာမှာ သူ၏လုပ်ရပ်အတွက် ကျေနပ်သောအပြုံးနှင့်သာ ပြုံးနေ၏။ ယမုံနာ၏ အပြုံးနှင့် မျက်နှာက ပျားရည်၏နှလုံးသားထဲကို တမြည့်မြည့် ဝင်ရောက်နေရာယူနေ၏။

မသိစိတ်၏ တောင်းဆိုမှုတွေကြောင့် ရင်ခုန်သံတွေက ဘယ်ညာလူးလိမ့်နေ၏။





တကယ့်ပင်ကိုယ်စိတ်က ယမုံနာကို သတ်ပစ်ချင်လောက်အောင် မုန်းနေသည်။

"လေပေါ်က စကားလုံးတွေကို အပ်ချည်မျှင်နဲ့ သီနေရင် မောတာပဲဖြစ်နေမှာပေါ့ကွာ"

"ငါ့ရဲ့စိတ်ကို ငရုပ်ရည်နဲ့ အပက်ခံလိုက်ရလို့ပါကွာ"

"ကောင်းချီးပေးနေတာပါ ပျားရည်ရာ၊ အမှုဝေပြီး သာဓုခေါ်လိုက်ပေါ့ကွာ"

"ဒီလောက်နဲ့တော့ မကျေနပ်နိုင်သေးဘူး၊ အကြောင်းသိအောင်လို့တော့ အောင်းပြရမယ်၊ လာကွာ သွားကြမယ်"

ပျားရည်တို့ ထိုင်ရာက ထလိုက်ကြသည်။ ပျားရည် ယမုံနာကို ကြည့်လိုက်၏။

ယမုံနာ တစ်ရှူးနှင့် နှုတ်ခမ်းများကို ဟန်လုပ်ပြီး သုတ်ပြနေ၏။ ပျားရည် ယမုံနာနားကို ရောက်သွား၏။ လက်တစ်ဖက်က ခုံပေါ်ကို ထောက်တင်လိုက်ပြီး မျက်နှာကို ယမုံနာအနားကို တိုးကပ်လိုက်၏။

"နောက်မှတွေ့မယ်"

ဖျားရည် ထွက်သွားသည်။

ယမုံနာမှာ ဖျားရည်၏ ခေါသမျက်နှာကိုကြည့်ပြီး ကျေနပ်သောအပြုံးနှင့် ပြုံးရင်း ကျန်ရစ်ခဲ့သည်။

ယမုံနာ ဖျားရည်၏ အနောက်ကို ပြေးလိုက်သွား၏။

ဖျားရည်တို့ အောက်ထပ်ကိုဆင်းသော လှေကားထိပ်ကို ရောက်နေ၏။

"ဟိတ်…ခဏ"

ယမုံနာစကားကြောင့် ဖျားရည် ရပ်နေသည်။

အဂ္ဂတို့ကတော့ အောက်ကို အရင်ဆင်းနေကြ၏။ ယမုံနာ ဖျားရည်အနားကို ရောက်သွားသည်။

"ဒီဆိုင်မှာပဲ စောင့်နေမယ်နော်"

"ဟာကွာ…အရှုး"

ဖျားရည် ကျယ်လောင်စွာအော်ပြီး အောက်ထပ်ကို ဆက်ဆင်းသွားသည်။





ပြုံးရွှင်သော မျက်နှာလေးနှင့် ယမုံနာ ဖျားရည်ကို ကြည့်နေရင်းက ကျေနပ်စွာ သဘောကျနေသည်။

သူမ၏လုပ်ရပ်ကြောင့် တစ်ဖက်သားလူ အရှုးဖြစ်သွားသည်။

ယမုံနာ ဖျားရည်ကို လုပ်လိုက်ရတာ အတော်ကို ကျေနပ်နေသည်။

ယမုံနာ တွေ့ချင်ဆုံး လူတစ်ယောက်ရှိသည်။

အဲဒီလူကိုတွေ့ဖို့ ယမုံနာ အမြဲကြိုးစားသည်။ အဲဒီလူ၏ မိသားစုကို အမြဲစုံစမ်းသည်။

ယခုတော့ ယမုံနာ တွေ့ချင်သောလူကို ယမုံနာ တွေ့ရသည်။

အဲဒီလူက ဖျားရည်။

ဖျားရည် ယမုံနာကို မသိ။ တွေ့လည်းမတွေ့ဘူး။ အမှန်အတိုင်း ဝန်ခံရရင် ယမုံနာ ဖျားရည်ကို တစ်ခါမှ မမြင်ဘူးခဲ့။ ဒါ ပထမဆုံးအကြိမ်ဖြစ်သည်။

သက်ရှိ လူတွေ့စကားပြောခြင်းကို ဆိုလိုတာပါ။

ပျားရည်ကို ဓာတ်ပုံထဲမှာ မြင်ဖူးသလို အချိန်ပြည့် ပျားရည်၏ ဓာတ်ပုံကို ကြည့်သည်။

တကယ် အပြင်မှာ ပျားရည်နှင့်တွေ့တော့ ရုပ်လုံးပေါ် စဉ်းစားနေစရာမလိုတော့။

မျှော်လင့်ချက်ကို ယမုံနာ ယုံသည်။ လက်ခံသည်။ ဘယ်လိုနည်းနှင့်မဆို ပျားရည် သူ့ရှိတဲ့ အနီးတစ်ဝိုက်ကို ရောက်လာ လိမ့်မည်ဆိုတာ။

ပျားရည် ယမုံနာအနားကို ရောက်လာသည်။

ယမုံနာကို ပျားရည် မှတ်မိသွားသည်။

ပျားရည်၏လုပ်ရပ်က ပျားရည်တို့ မိသားစုအထဲကို ရောက်သွားသည်။ ပြောကြမည်။ အနည်းဆုံး တစ်ပတ်လောက် ပြောမှာ သေချာသည်။

ငှင်းစကားသည် ကောင်းခြင်း၊ မကောင်းခြင်း နှစ်ခုကို ပြိုင်တူပြောနေကြမည်။ အဲဒါကို ယမုံနာ ကျေနပ်သည်။

◆ ◆ ◆



## အခန်း (၃)

ရယ်စရာမဟုတ်သော နေရာမှာ ရယ်စရာတစ်ခု ဖြစ်လာ၏။

အဲဒီနေ့က ပျားရည်နှင့် ယမုံနာတို့ ဒုတိယအကြိမ် ထပ်မံဆုံတွေ့ခြင်းဖြစ်သည်။

တိုက်ဆိုင်မှုတစ်ခုလား၊ စိတ်က ဆောင်းဆိုတာလား။

သေချာသော အဖြေ ထုတ်မရ။ ရုပ်ပါမတ်စတိုးဆိုင်ထဲမှာ ယမုံနာ အချိန်ပြည့်ရှိသည်။

သို့သော် ပျားရည်နှင့် တွေ့ပြီးနောက်ပိုင်း ကော်ဖီဆိုင်ကို

နောက်ထပ်မရောက်တော့။ ကော်ဖီသောက်ချင်လာတာနှင့် ဖုန်းနှင့် လှမ်းမှာသည်။ တစ်ခါတလေ အနားရှိ ဝန်ထမ်းတစ်ယောက်က ဝယ်ပေးသည်။ အဲဒါကို ယမုံနာ ကျေနပ်သည်။

ငှင်းနေ့ နေ့လည် ယမုံနာ ခေါင်းတွေမူးတာနှင့် ကော်ဖီ အေးသောက်ရန် တစ်ယောက်တည်း ထွက်ခဲ့သည်။

"ကော်ဖီအေးတစ်ခွက်"

မှာထားပြီး စားချင်သော မုန့်တွေကို လိုက်ကြည့်ပြီး ကြိုက်သောမုန့်ကို နှစ်ခုဝယ်ပြီး ပြန်လာသည်။ ယမုံနာ မှာထားသော ကော်ဖီအေးကို လူတစ်ယောက် ယူသွားပြီး ကော်ဖီပူပန်းကန်ကို ထားခဲ့သည်။

"ဟိုလူ လဲသွားတာ"

ကောင်တာက မိန်းကလေး၏ ညွှန်ပြမှုကြောင့် ယမုံနာကို ကျောခိုင်းထိုင်နေသော သူ့အနားကို ရောက်သွား၏။

ယမုံနာ ပထမဆုံး ကော်ဖီခွက်ကို ကြည့်လိုက်၏။ ကော်ဖီ ခွက်က အပြည့်မရှိတော့။ သောက်ထားပြီးပြီ။ ယမုံနာ ဒေါသထွက် သွား၏။

'ငါမှာထားတာကို ပိုင်စိုးပိုင်နင်းနဲ့'

ဒေါသတွေ မိုးပေါ်ကို ရောက်ကုန်သည်။ ဘာလို့ ငါ့ကော်ဖီခွက်ကို ယူသွားရတာလဲဆိုတဲ့ အကြည့်နှင့် ကြည့်လိုက် ၏။

"ဒီမှာ ဘာလို့ ကော်ဖီခွက်မှားပြီး ယူသွားရတာလဲ"

"ဗျာ"

ယမုံနာကို မော့ကြည့်လိုက်သူက ပျားရည်။ ယမုံနာ၏ ကော်ဖီခွက်ကို ယူသွားသူက ပျားရည်။ နောက်ဆုံးတစ်ငုံ စားသောက်လိုက်သူက ပျားရည်ကို ယမုံနာ ဘာပြောရမှန်းမသိ ဖြစ်သွား၏။

ငှင်းဖြစ်ရပ်ကို ယမုံနာ မြင်သွားသည်။ ပျားရည်ဝယ်ထား သော ကော်ဖီ ယမုံနာ မသိဟန်ဆောင် ယူခဲ့သည်။

အဲဒီတုန်းက ယမုံနာ တမင်လုပ်လိုက်မှန်း သိသာလွန်း သည်။

ယမုံနာက တစ်ယောက်တည်း။ ယူသွားတာက ကော်ဖီ သုံးခွက်ကို ယူသွားတာ။ ယခု ယမုံနာကော်ဖီခွက်က တစ်ခွက် တည်း။ ပျားရည် ငြင်းနိုင်သည်။

"ဒါ ခင်ဗျားကော်ဖီခွက်လား၊ စိတ်မရှိပါနဲ့ဗျာ သောက်ချင်စိတ်များလို့ ဖြစ်သွားတာပါ၊ ရော့...ပြန်ယူပါ"

ပျားရည် ကော်ဖီခွက်ကို ယမုံနာဘက်သို့ တိုးပေးလိုက် ၏။ ယမုံနာ ပျားရည်ရှေ့မှာ ထိုင်လိုက်၏။

ပျားရည်၏ မျက်နှာကို တစ်ချက်ကြည့်လိုက်၏။

"ဟင်...ရှင်သောက်လို့ရှေ့နေတာ"

"ရပါတယ်"

ပျားရည် သူပိုင်ကော်ဖီခွက်ကို ယူပြီး ယမုံနာရှေ့က ကော်ဖီ အေးခွက်ထဲကို ထည့်ပေးလိုက်၏။

အံ့ဩသော မျက်လုံးနှင့် ပျားရည်ကို ကြည့်လိုက်၏။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ကျွန်မဟာက ကော်ဖီ အေး၊ ရှင် ဘယ်လိုလူလဲ"





"ဟာ...ဆောရီးဗျာ ဆောရီး၊ ကျွန်တော် အားနာလို့ ဖြစ်သွားတာပါ"

ယမုံနာ၏ ရယ်စိတ်မပြတ်ခင်မှာ ဒေါသတွေ ထွက်လာ ၏။

ယမုံနာ စားချင်လို့ ဝယ်ထားသော ကိတ်မုန့်နှစ်ချပ်အနက် တစ်ချပ်ကိုယူပြီး စားလိုက်၏။

"ဒါဘာလုပ်တာလဲ၊ အဲဒါ ရှင့်အတွက် မဟုတ်ဘူး၊ ကျွန်မစားဖို့ ဝယ်လာတာ"

ယမုံနာပြောမှ ပျားရည် ပိုအံ့ဩသွားသည်။

လက်ထဲမှာ ကိုင်ထားသော ကိတ်မုန့်တစ်ချပ်နှင့် ဝါးနေ သော ကိတ်မုန့်၊ အတော်ကို စိတ်ညစ်သွား၏။

ပျားရည် လက်ကျန်ကိတ်မုန့်တစ်ချပ်ကို ယမုံနာပန်းကန် ထဲကို ထည့်ပေးလိုက်၏။ မျက်နှာမှာ တောင်းပန်သလို ဖြစ်နေ၏။

သူတကယ်မှားသွားတယ်ဟု ယမုံနာ ထင်မှတ်ပြီး အားနာ သွား၏။

"ဆောရီးဗျာ...စိတ်မရှိနဲ့နော်၊ ကျွန်တော် ပြန်ဝယ်ပေးမယ်၊ ဒါမှမဟုတ် ကျွန်တော့်ပါးစပ်ထဲကဟာ ပြန်အန်ထုတ်ပေးပါ့မယ်"

"မဟုတ်တာ၊ ရှင့်ပါးစပ်ထဲကဟာ ဘယ်သူစားမှာလဲ"

"ဟာ...ဟုတ်သားပဲ၊ စိတ်မရှိနဲ့ဗျာ၊ ကျွန်တော် ခင်ဗျားနဲ့တွေ့မှ ဒီလိုဖြစ်ရတာ၊ ရှက်တယ်ဗျာ၊ ဒီတစ်ခါတော့ ကျွန်တော် တော်တော်ရှက်သွားပြီ"

ပျားရည်သည် မျက်နှာကို လက်ဝါးကျဲကျဲအုပ်ပြီး ယမုံနာအနားက ထွက်သွား၏။

ပျားရည် ရှက်သလား၊ မရှက်သလား မပြောတတ်။ မှာထားသော ကော်ဖီအပူနှင့် အအေးပါ သောက်ပြီးသွားသည်။

ပျားရည် ဘယ်တုန်းက သောက်သွားတယ်မသိ။ ပန်းကန်ထဲမှာ မုန့်တစ်ချပ်သာ ကျန်ပြီး တစ်ချပ်ပျောက်နေသည်။

ပျားရည်ကို သနားတဲ့စိတ် ပေါ်ပေါက်ရန် ကြံရွယ်နေတုန်း ဒေါသတွေ ထွက်လာ၏။

ဝိုးဝိုးစာပေ



ကော်ဖီအေးနှင့် မုန့်စားချင်သော ယမုံနာမှာ မှာထားတာတွေ တစ်ခုမှ မစားလိုက်ရ။ ပျားရည် ဘယ်လိုစားသွားမှန်း မသိခံလိုက်ရတာကြောင့် ဒေါသမျိုသိပ်ပြီး ပြန်ခဲ့သည်။

♦ ♦ ♦

ဝိုးဝိုးစာပေ

## အခန်း (၄)

ချုန်ထားခဲ့လို့မရသော ဖြစ်ရပ်တစ်ခုက ယမုံနာကိုယ်ပေါ် ကပ်ပါလာခဲ့သည်။ အစထဲက ၄င်းလိုဖြစ်စေချင်နေတာကြောင့် ဖြစ်ပါစေဟု ဆုတောင်းနေသည်မှာ သတိရတိုင်း။

ယမုံနာ ဆုတောင်း ယခု ပြည့်သွားသည်။

ယမုံနာ စောင့်ဆိုင်းခဲ့ရတဲ့ နာရီတွေ အချိန်တွေအားလုံး ယမုံနာ ထင်ထားသည့်အတိုင်း မကြာခင် ရက်ပိုင်းအတွင်း ယမုံနာ ၏ လုပ်ငန်းကို စတင်အကောင်အထည် ဖော်ရတော့မည်။

မှတ်မိသေးသည်။

ငှင်းနေ့က ဖြစ်ရပ်က ယမုံနာအတွက် အကောင်းဆုံးဟု ထင်သည်။

စူပါမတ်ထဲကို ပျားရည် ဝင်လာသည်။ သူကြိုက်သော ဆောင်းဘီတစ်ထည်ကို ယူလိုက်သည်။ အခြားအလှကုန်ပစ္စည်းများလည်း ဝယ်ထားသည်။ အားလုံး နှစ်သောင်းကျော်သည်။ ပိုက်ဆံမရှင်းရသေး။

ငွေရှင်းကောင်တာကို ရောက်သည်။ ဘယ်လောက်ကျသလဲ မေးလိုက်သည့်အချိန်တွင် အရောင်းစာရေးမလေးက ကွန်ပျူတာနှင့် ကျသင့်ငွေကို ပေါင်းလိုက်ပြီး ဘောက်ချာစာရွက်လေးကို ပေးလိုက်သည်။

ပျားရည်သည် ဘောက်ချာကိုကြည့်ပြီး ဆောင်းဘီအိတ်ကို နှိုက်လိုက်၏။

"ဟာ...သွားပြီ"

ပျားရည် အာမေဋိတ်သံကြောင့် အားလုံး အံ့သြသော မျက်နှာနှင့် ဝိုင်းကြည့်နေကြသည်။





ရုတ်တရက် ပျားရည် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွား၏။

မျက်နှာတစ်ခုလုံး ပျားအကောင်တစ်ရာလောက် သုတ်(ကိုက်)လိုက်သလို ထူပူသွား၏။ ရှက်သည်။ ဒေါသဖြစ်သည်။

လမ်းမှာ တခြားလူတစ်ယောက်က လုယူဖို့ဆိုတာ မလွယ်သောကိစ္စ။ အိမ်ကလာကတည်းက ကားပေါ်တက်သည်။ ကိုကို့ကို အလုပ်လိုက်ပို့ပြီးတာနှင့် စူပါမတ်ကို အရောက်လာခြင်းဖြစ်သည်။

လိုချင်တာတွေ အကုန်ဝယ်ပြီးကာမှ ပိုက်ဆံရှင်းစရာမရှိတာကြောင့် အတော့်ကို အခက်တွေ့ရသည်။ ဒီလို တစ်ခါမှ မဖြစ်ဖူးတာအမှန်။

ပျားရည် ကောင်တာရှေ့ရပ်ပြီး ဘာပြောရမှန်းမသိအောင် ဖြစ်နေ၏။ ဝယ်ထားပြီးသား ပြန်ပေးခဲ့ရင် ကောင်းမလား တွေးနေသောအချိန်...

"ဝယ်ပြီးပစ္စည်း ပြန်မယူပါ"

ငှင်းစာတန်းလေးက စိတ်ကို ခြောက်လှန့်နေသည်။

ပျားရည်၏ ပုံစံကိုကြည့်ပြီး ယမုံနာ ကျေနပ်မှုအပြည့်နှင့် ပြုံးရွှင်နေသည်။ ပျားရည် ဘယ်လိုဆုံးဖြတ်မလဲဆိုတာ ကြည့်ရင်း တွေးနေပေသည်။

"ခဏလေးနော်…ကျွန်တော် ပိုက်ဆံပျောက်ခဲ့လားမသိ လူး၊ အိမ်ကိုဖုန်းဆက်ပြီး ပိုက်ဆံမှာချင်လို့"

"ရပါတယ်၊ ဟိုမှာဖုန်းရှိတယ်"

ဖြစ်ချင်လာလျှင် ဘာကိုမှ တားမရဖြစ်လာ၏။

အခါတိုင်း သွားလေရာ တယ်လီဖုန်းနှင့် ပိုက်ဆံအိတ် အမြဲပါသည်။ ဒီတစ်ခါတော့ ဘာတစ်ခုမှ ပါမလာ။ ကားတောင် အမြဲစီးနေကြမို့၊ နို့မဟုတ်ရင် ပျားရည်အဖို့ ဒီနေ့အတွက် လုံးဝ တန်ဖိုးမရှိသော လူတစ်ယောက် ဖြစ်နိုင်သည်။

ပျားရည် အိမ်ကို ဖုန်းခေါ်လိုက်သည်။ ဖုန်းက တော်တော် နှင့် ခေါ်မရတာကြောင့် အဌဖုန်းကို ခေါ်လိုက်၏။

အဌ ဖုန်းကို ကိုင်လိုက်၏။





"အဌလား ငါပါ၊ ပျားရည်ပါ"

"××××"

"ဒီမှာ ငါ ရုပါမတ်ထဲ ရောက်နေတယ်၊ အဲဒါ ငါ့ပိုက်ဆံ အိတ် အိမ်မှာကျန်နေခဲ့တယ်ထင်တယ်၊ ငါ့ဆီကို ပိုက်ဆံသုံးသောင်း လောက်ယူပြီး အခုလာခဲ့ကွာ၊ ပစ္စည်းတွေဝယ်ထားပြီးပြီ"

"×××××"

"အေး…အေး ငါ ဒီကပဲစောင့်နေမယ်၊ ဟော့ကောင် မြန်မြန်လုပ်နော်"

အားကိုးစိတ်အပြည့်နှင့် ပြောပြီး ပျားရည် ဖုန်းကိုချလိုက် ၏။

ပျားရည်၏ ဖြစ်ရပ်ကိုကြည့်ပြီး ယမုံနာ ကျေနပ်နေသည်။ ငှင်းနောက် ယမုံနာသည် သူထိုင်နေသည့် အခန်းလေးထဲက အပြင်ကို ထွက်လာသည်။

လန်းဆန်းသော မျက်နှာနှင့် ပျားရည်ကို လှမ်းခေါ်လိုက် သည်။ ပျားရည်မှာ အားငယ်စွာ ယမုံနာ၏အနားတွင် ရပ်လိုက်၏။

"ကျွန်မ ဘာကူညီရမလဲ ပျားရည်"

ယမုံနာ၏ စကားကြောင့် ပျားရည် အတော့်ကို အံ့သြသွား၏။

ပျားရည်တဲ့။

သူ့နာမည်ကို ဘယ်တုန်းက သိသလဲဆိုသော အကြည့်နှင့် ယမုံနာကို ကြည့်လိုက်၏။

ယမုံနာနှင့် တွေ့သည်မှာ မကြာခဏ ဖြစ်သလို ယမုံနာ၏နာမည်ကို ပျားရည် မသိသလို စကားပြောတဲ့နေရာမှာ နာမည်တပ်၍ မပြောသလို နာမည်ဘယ်လိုခေါ်ပါတယ်ဟု မိတ်ဆက်လေ့မရှိတာကြောင့် ပျားရည် ယမုံနာနာမည်ကို မသိသလို သူ့နာမည်ကိုလည်း မပြောထား။

ပျားရည်က ယမုံနာနှင့် ပတ်သက်စရာမရှိ။ ပျားရည်ဘယ်မိန်းကလေးကိုမှ အထင်မကြီးတတ်သလို ဘယ်လိုမိန်းမကိုမှ စိတ်မဝင်စား။

ငှင်းကြောင့် သူသွားရာ တွေ့တတ်သော မိန်းမတွေကို





အသိအမှတ် မပြုလုပ်။

ပျားရည်က သူ့ကိုယ်သူ အထင်ကြီးနေတတ်သူ။ မိန်းမတွေ သူ့ကို အထင်ကြီးပြီး လေးစားရမည်။ (စိတ်ဝင်စားသူ ပေါများသူပေါ့၊ အများအားဖြင့် မိန်းမတွေ)

ပျားရည် ထင်ထားတာ အလွန်မှန်သည်။

ပျားရည်ကို မိန်းမတိုင်း စိတ်ဝင်စားသည်။ အဲဒီအထဲမှာ ယမုံနာလည်း ပါသည်။

' ဘာကူညီရမလဲဆိုသော ယမုံနာ၏ အမေးစကားကို ဘယ်လိုပြောရမလဲ မတွေးတတ်အောင် ခက်နေ၏။

"ရပါတယ်၊ ကျွန်တော့်ပိုက်ဆံအိတ် အိမ်မှာကျန်နေခဲ့လို့၊ အဲဒါ လာပို့ခိုင်းဖို့ အိမ်မှာလူမရှိတာနဲ့ သူငယ်ချင်းဆီက လှမ်းဆွဲလိုက်တယ်"

"ဪ…ဒါလား ရပါတယ်၊ ဘယ်လောက်လဲ၊ နှစ်သောင်းရှစ်ထောင့်လေးရာ မဟုတ်လား"

"တိကျလှချည်လား"

အံ့သြခြင်းများစွာနှင့်အတူ ယမုံနာကို ကြည့်လိုက်၏။

သူပေးရမည့် စာရင်းငွေအမောင့်(တ်)ကို ဘယ်ကသိသလဲ ဆိုတာ ကောင်းစွာ တွေးနေ၏။

ယမုံနာ ပြုံးရွှင်စွာ ပျားရည်ကို ကြည့်နေ၏။

ပျားရည် ဝယ်သောပစ္စည်း၏ တန်ဖိုးကို အရောင်းကောင်တာက ငွေရှင်းဂဏန်းပေါင်းကွန်ပျူတာကို ဖန်သားပြင်က ဆွဲယူကြည့်လို့ရသည်။

၎င်းကြောင့် ပျားရည် ဝယ်ယူထားသော ပစ္စည်းကို ဆွဲယူကြည့်တာကြောင့် အတိအကျ ပြောနိုင်သည်။

ယမုံနာ၏ တိကျသောလုပ်ရပ်ကို ပျားရည်စိတ်ထဲမှာ ချီးကျူးနေမိသည်။

"ရပါတယ်၊ နေပါစေဗျာ၊ အားနာစရာကြီး၊ တော်ကြာ အဂ္ဂ ရောက်လာပါတော့မယ်"

"မဟုတ်တာ ပျားရည်ရယ်၊ ရော့…ရှင်ဝယ်ထားတာတွေ ပေးဖို့ ပိုက်ဆံ၊ ရှင့်လိုသူဌေးသားက ဒီမှာကြာကြာရပ်လို့ မကောင်း





ပါဘူး၊ အခု ကျွန်မပိုက်ဆံနဲ့ ပေးလိုက်၊ ရှင့်သူငယ်ချင်း လာမှ ကျွန်မကို ပြန်ပေးပါ၊ ဘယ့်နှယ်လဲ အဲဒါပြီးတာနဲ့ ကျွန်မနဲ့ ကော်ဖီ လိုက်သောက်ပါလို့ ဖိတ်ခေါ်ပါတယ်"

"ခင်ဗျား ဘာကြောင့် အဲဒီလောက် ကျွန်တော့်ကို ယုံနေရတာလဲ"

"ရှင့်ရဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာကို လေးစားလို့"

"ကျွန်တော့်အရွယ်က ကိုယ်ကျင့်တရားနဲ့ သိက္ခာ အဲဒီလောက်ကောင်းတယ်လို့ ခင်ဗျားထင်သလား၊ မ…ဟို"

"ကျွန်မနာမည် ယမုံနာပါ"

ယမုံနာဆိုမှ ပို၍စိတ်ဝင်စားသွား၏။

ပျားရည် ယမုံနာကို ကြည့်နေ၏။ ဒီမိန်းမဟာ တချို့သော မိန်းမတွေနှင့် အတူတူဆိုတာကို ပျားရည် တွက်ဆမိသည်။

"ကိုယ်ကျင့်တရားနဲ့ သိက္ခာဆိုတာ အရွယ်နဲ့မဆိုင်ဘူး ပျားရည်၊ အသိတရားနဲ့ပဲ ဆိုင်တယ်၊ အသိတရားရှိတဲ့ လူက အသက်အရွယ်ကို ခေါင်းထဲမှာမထားဘူး၊ ဆရာလုပ်တာ မဟုတ်

ဘူးနော်၊ အသိတရားဟာ လှေလာမှုအပေါ်မှာ မူတည်နေတယ်၊ အဲဒါကို ရှင် လက်ခံသလား ပျားရည်"

"ဆောရီး…ယမုံနာ၊ ကျွန်တော် ဒဿနဆရာ မဖြစ်ချင်ဘူး၊ ဘဝကိုလည်း ကြိုမတွေးတတ်ဘူး၊ အရှင်းဆုံးပြောရရင် လက်တွေ့ဘဝကို ယုံကြည်တယ်၊ လက်ခံတယ်၊ အဲဒါကိုပဲ စိတ်ဝင်စားတယ်၊ ကျွန်တော် ဘာကိုမှ စိတ်မဝင်စားဘူး၊ အရှင်းဆုံးပြောရရင် မသိချင်ဘူးပေါ့ဗျာ၊ အဲဒီလိုပြောလိုက်လို့ မှားတယ်ပြောရင်လည်း ကျွန်တော်ကတော့ ဘယ်လိုမှ မတုန့်ပြန်တတ်ဘူး၊ အယူအဆ မတူလို့ပဲ သဘောထားတယ်"

"အယူအဆ"

ယမုံနာ ဘယ်လိုမှ ပြောမတတ်အောင် ပိတ်သွား၏။ ယမုံနာ စကားတွေကို တစ်ခုမှ လက်မခံ၊ လက်တွေ့ဘဝကိုပဲ လက်ခံတယ်ဟု ပြောလိုက်ခြင်းဖြစ်သည်။

ယမုံနာ လိုချင်သောအရာသည် လူတစ်ယောက်၏ အတွင်းစိတ်ကို ဖြစ်သည်။

စိုးမိုးစာပေ



ယမုံနာ လက်ထဲက ပိုက်ဆံအိတ်အတွင်းမှ ပိုက်ဆံကို ဆွဲထုတ်လိုက်၏။

ပျားရည်လိုသော ပိုက်ဆံကို ရေတွက်ပြီး ပေးလိုက်သည်။

"ဒါတွေ ထားလိုက်ပါလေ၊ ရော့…ဒီမှာ ပိုက်ဆံ၊ ကျွန်မ ရေပြီးသား၊ အဲဒီအတိုင်း ပေးလိုက်ရုံပဲ"

ပျားရည် ဘယ်လိုမှ ပြောမရအောင် ပိတ်ဆို့သွား၏။

ဘယ်လိုမိန်းမပါလိမ့်။

တွေးလိုက်မိသည်။ ပျားရည် ကောင်တာကို ရှေ့ရှင်းလိုက်၏။ ကောင်တာမှာ ရှိနေသော အရောင်းစာရေးမကိုမှာပြီး ပျားရည်တို့ အပေါ်ထပ်လှေကားကို တက်ခဲ့ကြသည်။

◆ ◆ ◆

စိုးမိုးစာပေ

## အခန်း (၅)

အဲဒီနေ့ကစပြီး ပျားရည်နှင့် ယမုံနာတို့ ခင်မင်သွားကြ၏။ တွေ့စကလို မဟုတ်ကြတော့။

စကားပြောရာမှာ အဆင်ပြေလာသည်။ ခင်မင်မှုထက် ပို၍ပင် ခင်မင်လာသည်။

ပျားရည်က ပျင်းတဲ့အခါမှာ ယမုံနာထံ ဖုန်းဆက်သည်။ ယမုံနာကလည်း ပျားရည်ထံ ဖုန်းဆက်သည်။

ယမုံနာအပေါ် ပျားရည် အကဲခတ်မရတာ တစ်ခုရှိသည်။ ပျားရည်ကို ယမုံနာ မပြော။

ဖျားရည် ဈေးဝယ်နေသော စူပါမတ်မှာ ယမုံနာက ဘာလဲ။ တစ်ခါတလေ အဲဒါတွေကို သိချင်သည်။ ဒါပေမဲ့ ဖျားရည် ယမုံနာကို ထင်သလောက် စိတ်မဝင်စား။

ဖျားရည် ရောက်တဲ့အချိန်တိုင်း ယမုံနာကို တစ်နေရာမဟုတ် တစ်နေရာမှာ တွေ့နေတတ်သည်။ ဖျားရည် ဝယ်သော စတိုင်လ်ဘောင်းဘီတွေ၏ ဈေးကို ဖျားရည် အကုန်သိသလို ယမုံနာ ဝတ်သော အဝတ်အစားများကလည်း ဖျားရည်လို ခေတ်မီသည်။ ဈေးကြီးသည်။

ယမုံနာမှာ တစ်နေ့တစ်မျိုး မထပ်အောင် ဝတ်ဆင်သည်။

ယမုံနာ ဘယ်လောက် ချမ်းသာတယ် မသိပေမယ့် လက်ထဲမှာ ကိုင်ထားသော ဆယ်လူလာဖုန်းက သိန်းနှစ်ဆယ်အကျော်မှာရှိသလို နေ့စဉ်စီးနေသော ကားနှစ်စီးက သိန်းရှစ်ရာကျော်တန်သည်။

ယမုံနာက ဘာလဲဆိုသော မေးခွန်းကို တစ်ခါတလေ ဖျားရည်၏ မသိစိတ်တွေက အသိစိတ်ကို မေးတတ်သည်။





ဖျားရည် ဘယ်လိုပင် မေးပေမယ့် အဖြေကောင်းကောင်း ထွက်ပေါ် လာခြင်းမရှိ။

သို့သော် ယမုံနာနှင့် ဖျားရည်တို့ ဖုန်းနှင့် စကားပြောကြသည်မှာ မကြာခဏ။

"မင်းတို့နှစ်ယောက်က ဘယ်လိုလဲ ဖျားရည်"

အဂ္ဂက ၎င်းမေးခွန်းကို မေးသည်။

ဘယ်လိုလဲဆိုသော မေးခွန်းက အခါနှစ်ဆယ်ကျော်မကတော့။ ဘယ်လိုလဲဆိုတဲ့ စကား၏ နောက်ဆက်တွဲမှာ ဒီလိုပါဆိုသော ပြတ်သားသည့် အဖြေတစ်ခုမှ ထွက်ပေါ်လာခြင်းမရှိ။

ယခုလည်း ၎င်းမေးခွန်းကို ထပ်မံမေးပြန်ပြီ။

ဖျားရည်တို့ ထိုင်နေကျ ကော်ဖီဆိုင်က ဗိုလ်ချုပ်ဈေးကဆိုင်ဖြစ်သည်။ တစ်ခါတလေကျရင် ယမုံနာ အမြဲရှိသော စူပါမတ် ခေါင်မိုးပေါ်က ဆိုင်မှာဖြစ်သည်။

ဖျားရည် ကော်ဖီခွက်ကို အာစွတ်ရုံ သောက်လိုက်၏။ ချိုပေါ့ ခါးသက်သက် အရသာရှိသော ကော်ဖီကြောင့် ခေါင်းထဲ

မှာ ရှင်းသွားသလို ထင်ရ၏။

"ဘာကိုမေးတာလဲ အငှ"

"ငါမေးတဲ့စကားက မင်းအတွက် အဲဒီလောက် ဖြေရခက်နေလို့လား ပျားရည်"

"ဖြေဖို့ခက်တာ မဟုတ်ဘူး၊ မဖြေတတ်တာ"

"ဘာ"

ပျားရည်၏အဖြေကို အငှ အတော်ကို အံ့သြသွား၏။

နားမလည်သော မျက်လုံးနှင့် ပျားရည်ကို ကြည့်လိုက်၏။

"ဟုတ်တယ် အငှ၊ ယမုံနာဟာ ဘယ်လိုမိန်းမလဲ၊ ဘာလုပ်လဲ၊ အဲဒါတွေ ငါ ဘာတစ်ခုမှမသိ၊ အဲဒီအတွက် အချိန်ပေးပြီး စုံစမ်းဖို့ကိုလည်း အဲဒီလောက် စိတ်မဝင်စားဘူး၊ အခု မင်းမေးတာကို ငါဘယ်လိုဖြေမလဲ"

"မင်း တကယ်စိတ်မဝင်စားတာလား ပျားရည်"

"အဲဒီမေးခွန်းအတွက် ငါ့စိတ်ကို မမေးရသေးဘူး၊ မင်းတို့





နားလည်အောင် ဘယ်လိုရှင်းပြရမှန်း မသိသေးဘူး"

"ဒါဆို မင်း ဘာလို့ ယမုံနာကို ဖုန်းဆက်ပြီး စကားပြောနေရတာလဲ"

"မင်းတို့ကို ငါပြောပြီးပြီလေ၊ ဘာလို့ နှစ်ခါထပ်မေးနေရတာလဲ၊ မင်းတို့သိချင်ရင် ငါ တစ်ခုတော့ပြောတတ်တယ်၊ အဲဒါက ငါ့ရဲ့ အတွေးအာရုံထဲမှာ ဝိုးတဝါးပေါ်လာတဲ့ သူ့ရဲ့ပုံရိပ်ပဲ၊ တစ်ခါတလေ ငါတစ်ယောက်တည်းနေရင် ငါ့ရဲ့အနားမှာ သူစကားပြောနေသလို၊ ဖုန်းထဲမှာ စကားပြောနေသလို ဖြစ်နေတယ်၊ အေးဒါပေမဲ့ ငါ သူ့ကို ခွဲလမ်းမနေတာတော့ သေချာတယ်"

ပျားရည်စကားကို အငှ နားမလည်နိုင်သော မျက်လုံးများနှင့် ကြည့်လိုက်၏။

ယမုံနာကို မခွဲလမ်းဘူးတဲ့။

နားထောင်လိုက်ရတဲ့ စကားတွေက ခွဲလမ်းမှုများစွာလွှမ်းမိုးနေသည်။

တကယ်တမ်းကျတော့ ပျားရည်၏ မသိစိတ်တွေက

ယမုံနာကို ခွဲလမ်းနေသည်။

ဘယ်လိုပဲ ဖြစ်နေပါစေ။ ညအိပ်ရာ မဝင်ခင် ယမုံနာထံမှ ဖုန်းမလာရင် သူကိုယ်တိုင် ယမုံနာကို ဆက်သည်။ အဲဒီကိစ္စက တစ်ညမဟုတ်။ ညတိုင်းလို။

အဂ္ဂတို့ကို မပေးတတ်ဘူးဟု ပြောနေပေမယ့် တကယ်တမ်း ထွက်ပေါ်လာသော အဖြေက ယမုံနာအပေါ်မှာ နှစ်သက်မှု တစ်ခု ရှိနေ၏။

အဲဒီနှစ်သက်မှုကို ပျားရည် အကောင်အထည် ဖော်မပြနိုင်သေး။ ရင်ထဲမှာ ဖြစ်ပေါ်လာသော အကြောင်းအရာတွေက ဘာကိုဆိုလိုတယ်ဆိုတာ တိတိကျကျ မပြောနိုင်ခဲ့။

အဂ္ဂတို့မေးခွန်း ပျားရည်ဖြေတာ ဘယ်လိုဆိုတာမသိ။ ထွက်ပေါ်လာသော အဖြေက ပြတ်သားမှုမရှိသည်မှာ သေချာပေသည်။

အဂ္ဂ၏ မှတ်ချက်ကို ပျားရည် ဘယ်လိုမှ ငြင်းဆိုမရအောင် ဝိတ်မိနေသလို မခံချင်သော မျက်လုံးနှင့် ကြည့်လိုက်၏။





ပျားရည်၏ အကြည့်က မီးဟုန်းဟုန်းတောက်နေ၏။

"မင်းတို့စကားက ငါ့ကို အရမ်းအထင်သေးသွားပြီကွာ"

"အထင်သေးခြင်း၊ မသေးခြင်းဆိုတာ မင်းနဲ့ပဲဆိုင်တယ် ပျားရည်၊ ငါတို့ပြောတဲ့စကားက အဓိက မင်းအတွက်ပဲ၊ မင်းအိမ်ရောက်ရင် စဉ်းစားကြည့်ပေါ့ကွာ၊ မိန်းမတစ်ယောက်နဲ့ အချိန်မတော် ဖုန်းဆက်တယ်၊ စကားပြောကြတယ်၊ မင်းတို့က ကျောင်းနေဘက်သူငယ်ချင်းတွေမဟုတ်တော့ ကျောင်းတုန်းက သူငယ်ချင်းတွေ အကြောင်း မပြောဘူးဆိုတာတော့ သေချာတယ်၊ စကားပြောတယ်ဆိုတာ ကိုယ့်အတွက် အကျိုးမရှိတဲ့ ဘာကြောင့် ပြောနေရမှာလဲ"

"ခင်မင်မှုကို အရင်းပြုပြီး စကားပြောတာဟာ စီးပွားရေးသမားလို ပြောတဲ့စကားကို စီးပွားရေးတွက် တွက်ပြောရဦးမှာလား၊ ငါ့အထင်နဲ့တော့ တခြားစီပဲ၊ အေး တစ်ခုတော့ရှိတယ်၊ တစ်ချိန်ကျရင်တော့ ယမုံနာနဲ့ငါ ချစ်သူတွေဖြစ်ရင် ဖြစ်သွားနိုင်တယ်၊ အဲဒါဆို မင်းတို့ ဘယ်လိုမြင်လဲ"

ပျားရည်၏စကားကို အဂ္ဂ ခေါင်းညိတ်လက်ခံသည်။

သူတို့ကြားချင်တာက အဲဒီလို တိတိကျကျ စကားမျိုး။ ပျားရည်က တိကျမှုဆိုတဲ့ စကားလုံးတွေကို ပြောခြင်းမရှိတာကြောင့် စကားနာ ထိုးပြီး ပြောရခြင်းဖြစ်သည်။

အဂ္ဂတို့အထင်က ပျားရည်နှင့် ယမုံနာတို့ ချစ်သူတွေဖြစ် ကုန်ပြီး အဲဒါကို ပျားရည်က ဝန်ခံခြင်းမရှိတာကြောင့် စကားကို ဘယ်ညာလုပ် ပြောနေရခြင်းဖြစ်သည်။

♦ ♦ ♦



## အခန်း (၆)

ပြောလိုက်သောစကားက တကယ်ဟုတ်နေသည်။

ပျားရည် ယမုံနာကို ချစ်သည်။ ချစ်နေမိသည်။

ယမုံနာနှင့် စကားတွေ အများကြီးပြောသည်။ ယမုံနာကို ...န်းထဲမှာ ပြောတဲ့စကားတွေထက် အပြင်မှာ နှစ်ယောက်တည်း ...က်နှာချင်းဆိုင် စကားပြောချင်လာသည်။ ပြောဖို့လည်း ယမုံနာ ...ကို ရိုးရိုးသားသား ပြောလိုက်၏။

ယမုံနာကလည်း ပျားရည်မျက်နှာလေးကို ကြည့်ပြီး ပြောချင်ပါတယ်ဆိုတဲ့ စကားကို ကြားလိုက်ရတော့ ပျားရည်မှာ

ပျော်လိုက်တာ။ ဘယ်လိုပြောရမှန်း မသိအောင်ပဲ။

ပျားရည်ဆန္ဒနှင့် ယမုံနာဆန္ဒ အဲဒီလောက်တူရသလား ဆိုပြီး နောက်ဆက်တွဲ ပျော်ရွှင်မှုက ပထမပျော်ရွှင်မှုထက် ဆယ်ဆ လောက် ပျော်ရွှင်ပြန်သည်။

ယမုံနာ ပျားရည်ကို တွေ့ချင်တယ်။ အဲဒါ ပျားရည်၏ အောင်မြင်မှုဖြစ်သည်။ ယမုံနာကို စိတ်ဝင်စားမှု များစွာပိုလာနိုင် သည်။ ချစ်သူတစ်ယောက် ရှာစရာမလိုဘဲ အချိန်တိုတိုနှင့် ရလိုက် တာဟု တွေးရင်း ကျေနပ်နေသည်။

"ရောက်တာ ကြာပြီလား ပျားရည်"

ထွက်ပေါ်လာသော အသံရှင်ကို မော့ကြည့်စရာမလို အောင် မှတ်မိနေသည်။ ပျားရည်သည် သောက်လက်စ ကော်ဖီကို ဆက်လက်သောက်ပြီး ကော်ဖီခွက်ကို အောက်ကိုပြန်ချလိုက်ပြီး ခေါင်းကို အသာညိတ်လိုက်တာကြောင့် ပျားရည်၏ရှေ့ မျက်နှာ ချင်းဆိုင်ခုံမှာ ယမုံနာ ထိုင်လိုက်၏။

"ကျွန်ခဲ့တဲ့ သုံးမိနစ်လောက်က ရောက်တာပါ ယမုံနာ"





"စောင့်ရတာ စိတ်မဆိုးပါဘူးနော်"

"ကျွန်တော်တို့က ကလေးတွေမှ မဟုတ်ကြပဲ ယမုံနာ"

"နားလည်မှုရှိတာ ကျေးဇူးတင်ပါတယ် ပျားရည်"

"လူသားအားလုံးအပေါ် နားလည်မှုရှိနေဖို့ ကျွန်တော် အမြဲကြိုးစားနေပါတယ် ယမုံနာ"

"အဲဒီလောက်ပဲလား ပျားရည်ရယ်"

ပျားရည်၏မျက်နှာကို ကိုယ်ချင်းစာသောစိတ်နှင့် ကြည့် လိုက်၏။ ယမုံနာ ပျားရည်ကို သနားတဲ့စိတ်လေးတွေ ပေါ်လာ၏။

ကျွန်မ ရှင့်ကို အရမ်းသနားသွားပြီ ပျားရည်ရယ်။ ကျွန်မ ရဲ့လုပ်ရပ်ကို ရှင်သိသွားရင် ရှင် ကျွန်မကို ရက်ရက်စက်စက် သတ်ချင်လောက်အောင် မုန်းမိမှာ သေချာတယ်။ ဒါပေမဲ့ ရှင့်ရဲ့ အမုန်းကို ကျွန်မ ရက်ရက်စက်စက် ခံရဲပါတယ်။

ယမုံနာသည် ပျားရည်ကို မသိမသာကြည့်ရင်း ရင်ထဲမှာ ကြိတ်၍ ပြောနေသော်လည်း ပျားရည်၏အကြည့်များက အကြင်နာ ရိပ်တွေ သမ်းနေပေသည်။

ယမုံနာ ပျားရည်ကို အပြုံးတစ်ချက်နှင့် ကြည့်ပြီး ဖြတ်တောက်နေသော စကားက စလိုက်၏။

"ဒီကော်ဖီအေးနဲ့မုန့်က ကျွန်မအတွက်များလား ပျားရည်"

"ကျွန်တော့်မှာ နောက်ထပ်တစ်ယောက် ရှိနေတယ်ထင်လို့လား ယမုံနာ"

"ကိုအဂ္ဂတို့များ လာသေးလားလို့ မေးကြည့်တာပါ၊ အဲဒီမေးခွန်းအတွက် ကျွန်မကို နားလည်ပေးစေချင်တယ်"

"စိတ်မရှိနဲ့နော်…ကျွန်တော် ယမုံနာကို အမြဲတမ်းနားလည်ပေးနေမှာပါ"

နားလည်မယ်တဲ့လား ပျားရည်ရယ်။

ရင်ထဲက ထွက်ပေါ်လာသော စကားလေးကို အကြိမ်ကြိမ် ရုပ်သိမ်းနေ၏။ ပျားရည်၏စကားက ဘယ်လိုပင် ချိုမြနေပေမယ့် ယမုံနာအတွက်ကတော့ တမာရည်ထက် အဆပေါင်းများစွာ ခါးသက်နေပေသည်။





"ကျေးဇူးတင်ပါတယ် ပျားရည်"

"ယမုံနာစကားက သူစိမ်းသိပ်ဆန်နေသလိုပဲ၊ အပြစ်တင်တာမဟုတ်ဘူးနော် ယမုံနာ၊ ကျွန်တော့်အထင်ပြောတာ"

"အသက်ရှိတဲ့ လူတိုင်းဟာ ဘယ်သူကိုမဆို လွတ်လပ်စွာ ထင်ပိုင်ခွင့်ရှိပါတယ်၊ အဲဒီထင်မြင်ချက်ပေးတတ်တဲ့သူကို ကျွန်မက အမြဲချီးကျူးနေတယ်"

"ချီးကျူးတယ်ဆိုတဲ့ စကားကြားရတာ ကျွန်တော်သိပ်ကို ကျေနပ်တယ်၊ ဒါပေမဲ့ ကျွန်တော် ချီးကျူးခံရတဲ့လူ မဖြစ်ချင်ဘူး၊ ကဲ့ရဲ့မခံရဖို့ပဲ ကြိုးစားနေပါတယ် ယမုံနာ"

ပျားရည်၏စကားကို သူမ လက်ခံသောအနေနှင့် ပြုံးလိုက်၏။ လူသားတစ်ဦးမှာ အတွင်းခံစိတ်တစ်ခုရှိသည်။ တခြားလူတွေ၏ စိတ်ထက် ပျားရည်၏အတွင်းစိတ်ကို သိလိုက်ရတဲ့အတွက် သူမ၏လုပ်ရပ် တစ်ဝက်အောင်မြင်သွားပြီဟု ထင်မှတ်မိသည်။

"ပျားရည်က လူပျော့လို့ ထင်ရပေမယ့် တကယ်တမ်း

ကျတော့ တော်တော်ခေါင်းမာတဲ့ ဘိုးတော်''

ယမုံနာ၏ သူငယ်ချင်းတစ်ယောက် ပျားရည်အကြောင်းကို ပြောပြထားသည်။ ထိုအတွက်ကြောင့် သူမ ပျားရည်၏ အကြောင်းတွေကို သိနေသည်။

ယမုံနာ မုန့်ကို အပြီးသတ်စားပြီး လက်ကျန် ကော်ဖီအေးကို မော့သောက်လိုက်၏။

''ပျားရည်''

''ပြောပါ ယမုံနာ၊ ကျွန်တော် နားထောင်နေပါတယ်''

''ပျားရည်နဲ့ကျွန်မ မိတ်ဆွေဖြစ်တာ တော်တော်ကြာပြီနော်''

''သုံးလပြည့်ဖို့ တစ်ရက်ပဲ လိုတော့တယ်၊ မနက်ဖြန်ဆို ပြည့်ပြီလေ၊ ဘာဖြစ်လို့လဲ''

''တခြားမဟုတ်ပါဘူး၊ ပျားရည်နဲ့ကျွန်မ မိတ်ဆွေအဖြစ်ရင်းနှီးတာတောင် ကျွန်မတို့ မိသားစုအကြောင်း မမေးဘူးနော်''

''အဲဒါကို လိုလား၊ ကျွန်တော်ကတော့ မိတ်ဆွေဖြစ်





ရင် အဲဒါတွေကို မမေးတတ်ဘူး၊ ကျွန်တော်ခင်တာက ယမုံနာကိုလေ၊ ယမုံနာ မိသားစုကိုမှ မဟုတ်တာ၊ လောလောဆယ်ပြောတာနော်''

''ဒါဆို နောက်ဆို မိသားစုနဲ့ပါ မိတ်ဆွေဖြစ်မယ်ဆိုတဲ့သဘောလား''

သူမ မျှော်လင့်ချက်တစ်ခုနှင့် မေးလိုက်၏။

သူမ မျှော်လင့်ချက်ထားသည်။ သူမ၏မျှော်လင့်ချက်ကပျားရည်ကို လက်ထပ်ယူဖို့ အဆင့်ထိ။ ၎င်းကြောင့် ပျားရည်၏စကားကို အတွင်းကျကျ လိုက်လျောမှုအပြည့်နှင့် နားထောင်နေ၏။

ယမုံနာ၏လုပ်ရပ်ကို ပျားရည် မသိနိုင်။ ပျားရည်ဟာခေတ်လူငယ်တစ်ယောက်ဖြစ်သလို အရာအားလုံးကို အဖြူသက်သက် မြင်ထားသည်။

ယမုံနာ၏ မေးခွန်းများကို အဖြူသက်သက် ဖြေနေသည်။ ယမုံနာ၏ ဆန္ဒတစ်ခုက သူမတို့မိသားစုအကြောင်းကို ပြောပြ

ချင်နေသည်။

လောလောဆယ် မသိချင်သေးဘူးဆိုတဲ့ စကားကြောင့်သာ အေးအေးနေရသည်။

"ဟုတ်တယ်၊ ယမုံနာနဲ့ပတ်သက်ပြီး ရင်းရင်းနှီးနှီး မိတ်ဆွေဖြစ်မယ်လို့တော့ ကျွန်တော် ထင်ထားတာပဲ၊ ကျွန်တော့်အထင်နော်၊ အဲဒီအထဲမှာ ယမုံနာရဲ့ဆန္ဒက အဓိက ပိုကျပါလိမ့်မယ်"

"ကျွန်မဆန္ဒကတော့ အခုပဲ မိတ်ဆွေတွေအဖြစ် မိတ်ဆက်ပေးလို့ရရင် ပျားရည်နဲ့ မိတ်ဆက်ပေးချင်နေတာပဲ"

ယမုံနာ၏စကားကို အံ့ဩသောမျက်လုံးနှင့် ကြည့်လိုက်၏။

ရင်ခုန်သံတွေ ဆူညံစွာ ထွက်ပေါ်လာ၏။

ဘယ်လိုဖြစ်တယ် မသိနိုင်။ ပျားရည် ထိုင်ရာကထပြီး ယမုံနာ၏ကိုယ်လေးကို ဆွဲညှစ်လိုက်ချင်သည်။

အဲဒီလောက်အထိ အသည်းယားသည်။





စိတ်ထဲမှာ ပျော်ရွှင်သွား၏။ သူ၏စကားအစလေးတွေကို အကျယ်ချဲ့ပြောတာကိုက ပျားရည်အတွက် မျှော်လင့်ချက်အများကြီးဖြစ်လာ၏။ ရှင်းသည်…ဆွေမျိုးတွေနှင့် မိတ်ဆက်ပေးချင်သည်။

ပျားရည် ယမုံနာကို တကယ်ချစ်နေသော်လည်း အချစ်ဆိုသောစကားကို ဘယ်လိုစပြောရမှန်းမသိ။

မိန်းမတစ်ယောက်နှင့် ဒီလို ရင်းရင်းနှီးနှီး နေထိုင်စကားပြောတယ်ဆိုတာ ဒါ ပထမဆုံးအကြိမ်ဖြစ်သည်။

ပျားရည် ယမုံနာကို ကြည့်လိုက်၏။

သူ၏အကြည့်က အပြုံးတွေပါနေသလို သူမ၏အကြည့်ကလည်း အပြုံးများစွာ ရောယှက်နေ၏။

"ကျွန်တော် မျှော်နေပါ့မယ် ယမုံနာ"

ကျေနပ်သွားသော ပျားရည်။ ဒါပေမဲ့ ကျွန်မ မိတ်ဆက်ပေးမယ်ဆိုတာ ကျွန်မရဲ့မိဘဆွေမျိုးတွေ မဟုတ်ဘူး။ အဲဒါ ကျွန်မရှင့်ကိုမပြောဘူးဆိုတာ ရှင် ယုံကြည်ထားပါ။ ရှင်တို့မိသားစု

ကျွန်မကြောင့် စိတ်ဆင်းရဲစေရမယ်ဆိုတာ သိထားလိုက်ပါ။

ပျားရည်၏အပြုံးများသည် သူမ၏အတွင်းစိတ်ထဲတွင် ပျောက်ကွယ်သွား၏။

ငှင်းနေ့မှစတင်၍ ပျားရည်နှင့် သူမတို့၏ ခင်မင်မှုသည် အရင်းနှီးဆုံးထက် အရင်းနှီးဆုံးလူတွေ ဖြစ်လာ၏။

ပျားရည်က ယမုံနာကို ချစ်ရေးဆိုသည်။ ယမုံနာက လည်း စဉ်းစားမှုဆိုတာကို ချေဖျက်လိုက်၏။

ပျားရည်ဆိုလာတဲ့ ချစ်ရေးကို ချက်ချင်းအဖြေပေးလိုက် ၏။

ငှင်းနေ့က ပျားရည်မှာ ပျော်လွန်းတာကြောင့် ယမုံနာ အနားမှာ ရစ်ပတ်ပြီး ပုံစံအမျိုးမျိုးနှင့် ကနေသည်။

♦ ♦ ♦



ဆွေမျိုးမတော်စပ်တဲ့
ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်
သူတို့နှစ်ယောက်ရဲ့ ဘဝနှစ်ခုကို တစ်ခုတည်းပေါင်းပြီး
လက်ထပ်ယူလိုက်ကြတယ်ဆိုတာက
အချစ်တစ်ခုကို ဦးစားပေးပြီး လက်ထပ်ယူလို့မဖြစ်နိုင်ဘူး
ကြည်နူးမှု…
ကြင်နာမှု…
ယုံကြည်မှု…တွေနဲ့ ပေါင်းစပ်ပြီးမှ လက်ထပ်ယူလို့ဖြစ်
ဘာ

♦ ♦ ♦

# ဒုတိယပိုင်း (၂)

ဝိုး‌ဝိုး၀၁၄ပ

# အခန်း (၁)

သူမ၏ အကြည့်စူးစူးအောက်မှာ ပျော်ရွှင်နေသူက ပျားရည်။ ပျားရည်သည် ယမုံနာကို အသက်လောက်ချစ်နေသည်။

အချိန်တိုင်း ယမုံနာ၏မျက်နှာကို မြင်နေချင်သည်။ သို့သော် သူမ၏ငြင်းဆိုမှုကြောင့် အချိန်နှင့်တွေ့နေရတာကို ပျားရည်အတွက် မကျေနပ်စရာ။ ဒေါသဖြစ်နေသလို သူမအတွက်တော့ ရယ်စရာ ဟာသတစ်ပုဒ်ဖြစ်နေသည်။

ပျားရည်နှင့် ချစ်သူဘ၀ မရောက်ခင်ကာလမှာ ယမုံနာဟာ ပျားရည်ကို အချိန်ပြည့်နီးနီး တွေ့ဆုံစကားပြောသည်။

ချစ်သူဘဝကို ရောက်ပြီးသောနေ့တွင် ပျားရည်ကို သူမ သိပ်ဂရုမစိုက်တော့သလို ချိန်းထားသည့်အချိန်ထက် နောက်ကျမှ ရောက်တတ်သည်။

"အလုပ်တွေ အရမ်းကျနေလို့ နည်းနည်းနောက်ကျ သွားတယ်ကွာ၊ စိတ်မဆိုးနဲ့နော်"

"ဟူး…မောလိုက်တာ"

ညည်းတွားမှုတွေနှင့်အတူ သူမ အပြေးရောက်လာတတ် သည်။

ပျားရည်အနားကို ရောက်လာသော သူမမှာ တကယ်ပဲ မောလာသည်။ မျက်နှာပေါ်မှာ ထွက်ကျလာသောချွေးများကို ရေးကြီးသုတ်ပျာ သုတ်လိုက်သည်။ ၎င်းနောက် လက်တစ်ဖက် မှာကိုင်ထားသော ဆယ်လူလာဖုန်းနှင့် ပိုက်ဆံအိတ်ပါးပါးလေး ကို တင်လိုက်၏။

ထိုလုပ်ရပ်က တစ်ခါတည်း မဟုတ်ချင်သူဖြစ်ပြီး နောက် ပိုင်း ကြုံတွေ့နေရသောဖြစ်ရပ်။





ပျားရည် ယမုံနာကိုစောင့်ရင်း ဒေါသတွေထွက်လာ သည်။ အဆိုးဆုံးအချက်က စူပါမတ်မှာ ဘာလုပ်တယ်ဆိုတာ မသိရသလို သွားကြည့်တဲ့အခါတိုင်း မတွေ့ဘဲ ပြန်လာပြီး ချိန်း ထားသော နေရာမှာ ထိုင်စောင့်နေရသည်။

ပျားရည်လက်မှာ ပတ်ထားသော နာရီကိုကြည့်လိုက် သည်။ ချိန်းထားသော အချိန်ထက် နှစ်ဆယ့်သုံးမိနစ် နောက်ကျ နေသည်။ ယမုံနာ ရောက်လာခြင်းမရှိ။

"နည်းနည်းနောက်ကျသွားတယ်၊ စိတ်မဆိုးနဲ့နော်"

လက်မှာကိုင်ထားသော ဆယ်လူလာဖုန်းနှင့် ပိုက်ဆံ အိတ်လေးကို ခုံပေါ်တင်လိုက်သည်။

ယမုံနာ ပျားရည်ရှေ့တည့်တည့်ခုံမှာ ထိုင်လိုက်၏။

ပျားရည် ကျေနပ်မှုမရှိသော မျက်နှာနှင့် သူမကို ကြည့် လိုက်သည်။

"ကျွန်တော် မှတ်ထားတယ်၊ ဒီတစ်ခါနဲ့ဆို ဆယ့်သုံး ကြိမ်ရှိသွားပြီ၊ ဒါ တမင်စိတ်ခံတက်ကျအောင် လုပ်နေတာပဲလို့

ထင်တယ်၊ ကျွန်တော် ယမုံနာကို တစ်ခုမေးချင်တယ်၊ ယမုံနာ ကျွန်တော့်ကိုမချစ်ဘူးမဟုတ်လား''

''ဟုတ်တယ်၊ ကျွန်မ ပျားရည်ကို တကယ်မချစ်ဘူး ချစ်လာမိရင် မုန်းဖို့ပဲ အရင်ကြိုးစားမယ်၊ အရှင်းဆုံးပြောရရင် ပျားရည်အတွက် ရာသက်ပန်ပေးမရတဲ့ ဒဏ်ရာတစ်ခုပေးချင်တာ ပါ၊ အဲဒီလောက်ပေးတာ သိသွားရင် ကျွန်မကို သတ်ပစ်ချင် လောက်အောင် မုန်းမိမှာသေချာတယ်''

သူမ ပြောရင်း ကျေနပ်နေမိသော်လည်း ရင်ထဲက ဝေဒနာတွေကို မျက်နှာပေါ်ရောက်မလာအောင် ထပ်ခါထပ်ခါ ခြေဖျက်နေ၏။

သူ၏မျက်နှာကတော့ တင်းမာနေသည်။

အပြစ်တင်သူ၏ အကြည့်ကို ခံလိုက်ရသော သူမ၏ မျက်နှာသည် ခပ်ပါးပါးပြုံးနေ၏။

''ယောကျ်ားတစ်ယောက်ကို မချစ်ဘဲ အနစ်မွန်းခံပြီး တွဲသွားတာ ပျားရည် မြင်ဖူးလို့လား၊ ကျွန်မကတော့ လူတစ်ယောက်





ကိုမချစ်ဘဲ အချိန်ကုန်ခံပြီး ဘယ်တော့မှ အဲဒီလိုမလုပ်ဘူး''

''ဒါဆို ယမုံနာ ကျွန်တော့်ကိုချစ်တယ် ပြောလိုက်တာ ပေါ့''

''ကျွန်မ ပျားရည်ကို သိပ်ချစ်ပါတယ်''

''ယမုံနာရဲ့ အချစ်ကို ကျွန်တော် ဘယ်လိုယုံရမှာလဲ''

''ပျားရည် ယုံကြည်အောင် ကျွန်မ ဘာကိုသက်သေထူ ပြရမလဲ၊ တစ်ခုရှိတယ်၊ ကျွန်မက အလုပ်တစ်ဖက်နဲ့ ပျားရည် ကို လာတွေ့ရတာနော်၊ အဲဒါကိုတော့ ပျားရည် သိထားသင့် တယ်''

''ကျွန်တော်ဟာ တစ်ချိန်ကျရင် ယမုံနာရဲ့ခင်ပွန်းဖြစ် မယ့် ယောကျ်ားတစ်ယောက်ဆိုတာ ယမုံနာ သိတယ်မဟုတ်လား၊ ကိုယ် လက်ထပ်ယူရမယ့် ယောကျ်ားတစ်ယောက်ကို တန်ဖိုးမရှိ တဲ့နေရာမှာ ထားခဲ့နိုင်တဲ့အတွက် ကိုယ့်ကိုယ်ကို သူရဲကောင်းလို့ တစ်တိုင်တက် ကြွေးကြော်တဲ့ မိန်းမကို ဘယ်လိုယောကျ်ားတွေက အထင်ကြီးမှာလဲ၊ အဲဒီမိန်းမကိုရော မိန်းမကောင်းလို့ သတ်မှတ်

ရမှာလား"

"အဲဒီလို တစ်ဖက်သတ်အမြင်နဲ့ မပြောပါနဲ့ ပျားရည် လူတစ်ယောက်ဟာ အမှားတစ်ခုကို ကျူးလွန်တာဟာ သိလျက်နဲ့ ကျူးလွန်တာလား၊ မသိဘဲနဲ့ ကျူးလွန်တာလား၊ ပျားရည် သိအောင် ပြောမယ်နော်၊ သိရက်နဲ့ ဘယ်သူမှ ပြစ်မှုတစ်ခုခုကို မကျူးလွန်ဘူး၊ မသိလို့ဖြစ်တာ၊ ဒါမှမဟုတ်ရင် မတော်လို့ဖြစ် တာ၊ ဒီနှစ်ခုကိုကျော်ပြီး ဘယ်သူကိုမှ တမင်မလုပ်ဘူး၊ ပျားရည် နဲ့ ကျွန်မတို့ကိစ္စက လူသတ်သလောက် ကြီးမားတဲ့အပြစ်ပေ မဟုတ်ပါဘူးကွယ်"

"အဲဒါက မင်းရဲ့အထင်လေ၊ အဲဒီလိုပြောလိုက်လို့ ကျွန်တော် မှားသွားပြီထင်တယ်၊ ဒီမှာ...ယမုံနာ၊ ဆွေမျိုးမတော် စပ်တဲ့ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် သူတို့ နှစ်ယောက်ရဲ့ ဘဝနှစ်ခုကို တစ်ခုတည်းပေါင်းပြီး လက်ထပ် တယ်ဆိုတာ အချစ်တစ်ခုကိုလက်ခံပြီး လက်ထပ်လို့ မဖြစ်နိုင် ဘူး၊ ယုံကြည်မှု၊ နားလည်မှုတွေ ပေါင်းစပ်ပြီးမှ လက်ထပ်ရ





လို့ဖြစ်တာ၊ အဲဒါကို မင်းသိလား"

"အိမ်ထောင်ပြုတယ်ဆိုတာ နားလည်တဲ့သူတွေအတွက် ကတော့ ထူးဆန်းတဲ့ အရာဝတ္ထုမဟုတ်ပါဘူး။ လူ့လောကမှာ ယောက်ျားနဲ့မိန်းမ ဒီနှစ်ယောက်တည်းရှိတာ၊ သူတို့ဟာ အချိန် တန်ရင် ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် အိမ်ထောင်ပြုကြမှာပဲ၊ အဲဒီမှာ အသက်ကြီးတာ၊ ငယ်တာ၊ ဆင်းရဲတာ၊ ချမ်းသာတာ ဒါပဲကွာ မယ်၊ ကျန်တာတွေက ထူးဆန်းမှုသိပ်မရှိဘူး၊ တစ်ခုတော့ရှိတယ်၊ အိမ်ထောင်ပြုတယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် နားလည် မှုရှိဖို့ အဓိကလိုတယ်၊ ပျားရည် ယမုံနာကိုချစ်တယ်ဆိုရင် နား လည်မှုရှိဖို့ကိုပဲ လိုတယ်"

နားလည်မှု။

အံ့ဩသော မျက်လုံးနှင့် သူမ ကြည့်လိုက်၏။

တကယ်ပြောတာလားဆိုသော အတွေးစများက မျက်လုံး ထဲမှာ သံသယရောယှက်နေ၏။

သူမ၏အပြုံးတွေက သူ၏နလုံးသား ဗဟိုတည့်တည့်ကို

မြားတစ်စင်းပမာ ပစ်လွှတ်လိုက်၏။

သူမ ပစ်လွှတ်လိုက်သော မြားချက်ကြောင့် ထွက်နေသောအခါသစိတ်တွေ လွင့်စင်ပျောက်ကွယ်ကုန်ကြ၏။

သူမကို ပျားရည် စကား တော်တော်နှင့်မပြောနိုင်အောင် ပိတ်ဆို့နေသည်။

"ပျားရည်...ကျွန်မကို စိတ်ဆိုးနေတုန်းပဲလား၊ စိတ်မဆိုးနဲ့တော့ကွာ၊ ကျွန်မ တောင်းပန်တယ်"

ပျားရည် ပြုံးလိုက်သည်။

သူမသည် ချေးသုတ်စက္ကူနုနုလေးကို ဆွဲထုတ်ပြီး စာလုံးလေးတွေ ရေးလိုက်သည်။

'စိတ်မဆိုးနဲ့ ချစ်သူရယ်'

သူမ ဝါးထားသော ဗီကေကိုယူပြီး ပျားရည်၏လက်မှာ ကပ်လိုက်၏။

ပျားရည် ပြုံးရွှင်ခြင်းကို ကျော်လွှားပြီး ရယ်လိုက်မိ၏။

အဲဒီပျော်ရွှင်မှုတွေက ပျားရည်အတွက် နောက်တစ်နေ





ူးပြောင်းသွား၏။ ဗီကေနှင့်ကပ်ထားသော စာရွက်နှင့် စာလုံးလေးက ဖျက်မရအောင် ပေါ်လွင်နေ၏။

သူ့လက်ကိုတစ်ချက် သူမကိုတစ်ချက်ကြည့်နေ၏။

"အား...အချစ်ကလည်းကွာ"

အထပ်ထပ်ပြေးတက်လာသော ကြည်နူးမှုတွေက တင်းသောစိတ်တွေကို စည်းရုံးပေးလိုက်၏။

"ယမုံနာကို ကျွန်တော် မေးစရာရှိတယ်၊ ယမုံနာမိဘတွေ ဘယ်မှာနေလဲ၊ ကျွန်တော် တွေ့ချင်တယ်"

"ကျွန်မမိဘတွေကို တကယ်တွေ့ချင်ပြီလား ပျားရည်"

"ကျွန်တော့်ကို မယုံတော့ဘူးလား ယမုံနာ၊ ကျွန်တော့်ကို အဲဒီလောက် အထင်သေးရလား"

"ကျွန်မ ပျားရည်ကို အထင်သေးတာမဟုတ်ပါဘူး၊ ကျွန်မရဲ့နားကို ကျွန်မ မယုံလို့ ပြန်မေးမိတာပါ"

သူမကို နားမလည်သော မျက်လုံးနှင့် ကြည့်လိုက်၏။

"ပျားရည်ကို ကျွန်မ ပြောဖူးတယ်လေ၊ လွန်ခဲ့တဲ့လတွေ

ကပေါ့၊ အဲဒါကို ပျားရည် လက်မခံခဲ့ဘူး''

''ဆောရီး…ယမုံနာ၊ ကျွန်တော် မှားသွားတယ်၊ အဲဒီအချက်ကို ကျွန်တော် လုံးဝသတိမထားမိဘူး၊ ဟုတ်တယ်…အဲဒီတုန်းက ကျွန်တော်နဲ့ပျားရည်က ချစ်သူတွေ မဟုတ်ကြသေးဘူးဆိုတော့ သိဖို့မလိုဘူးလို့ ပြောခဲ့တယ်၊ အခုတော့ ကျွန်တော်နဲ့ ယမုံနာက ချစ်သူတွေဖြစ်သွားပြီလေ၊ သိသင့်ပြီထင်တယ်''

''ကျေးဇူးတင်ပါတယ် ပျားရည်၊ ကျွန်မမိဘတွေဆီကိုရှင် လိုက်ခဲ့ပါ၊ လိုက်မယ်ဆိုတဲ့နေ့ကို ပြောပါ၊ ကျွန်မဆန္ဒကတော့ ကျွန်မတို့လက်ထပ်ပြီးမှ တွေ့ကြတာ ပိုကောင်းမလားလို့''

''ကောင်းတယ်၊ အဲဒီအစီအစဉ် လက်ခံတယ်၊ စိတ်မဆိုးနဲ့နော်၊ ကျွန်တော် ယမုံနာကို လက်ထပ်ချင်တယ်''

စောစောကတည်းက ဒီစကားပြောသင့်တာ။ အခုမှပြောတော့ နောက်အတော်ကျနေပြီ ပျားရည်ရယ်။

သူမစိတ်က အဲဒီလောက် မြန်လွန်းနေတယ်။ ပျားရည်ကို တွေ့တဲ့နေ့ကစပြီး လက်ထပ်ယူဖို့ ပြောချင်နေတာ အခု

စိုးမိုး၈၁၄ပ



ဆိုတော့ ယမုံနာ တော်တော့်ကို ပင်ပန်းနေသည်။

အရှင်းဆုံးပြောရရင် သူမက ပျားရည် စတွေ့တဲ့နေ့က ချစ်သူဖြစ်၊ လက်ထပ်၊ ဇာတ်လမ်းကို ချက်ချင်းဖြတ်။

ဒီလိုဖြစ်ချင်နေတာ။ နောက်တော့ သူမ မျှော်လင့်ထားသော ရက်တွေထက် နှစ်လလောက် နောက်ကျခဲ့သည်။

ပျားရည် တောင်းဆိုမှုတွေကို သူမ တစ်ခုမှမငြင်းဆို။ အကုန်လက်ခံသည်။ နောက်ဆုံး မင်္ဂလာကိစ္စကိုပါ အမြန်ဆုံးလုပ်ဖို့အထိ တိုက်တွန်းလိုက်သည်။

◆ ◆ ◆

စိုးမိုး၈၁၄ပ

## အခန်း (၂)

သူတို့မိသားစုမှာ ပထမဆုံး ယမုံနာနှင့်ပတ်သက်၍ ပြဿနာတစ်ခု တက်သည်။ အဲဒီသတင်းကို ကြားလိုက်ရတော့ ယမုံနာမှာ စိတ်မကောင်းသလိုနှင့် ရင်ထဲမှာ ရယ်မိသည်။

ကျေနပ်သည်။

ပျော်သည်။

နောက် ဒီထက် ပြဿနာတက်ဦးမည်။

အရှင်းဆုံးပြောရရင် ရှင်တို့မိသားစု စိတ်ဝမ်းကွဲ သောက ရောက်စေရမယ်။

သူမတစ်ယောက်တည်း ဆုတောင်းမိသည်။

သူတို့မိသားစုတက်တဲ့ ပြဿနာ၏အစက ယမုံနာကြောင့် ဖြစ်သည်။ ယမုံနာက ဘယ်လိုမိဘတွေက မွေးဖွားတာလဲ၊ လက်ရှိ ဘာလုပ်သလဲ၊ မိန်းမပီသရဲ့လား။

သူတို့ရဲ့ မေးခွန်းတွေအထဲမှာ တစ်ခုကတော့ လုံးဝ ဆန့်ကျင်ဘက်။ ယမုံနာက မိန်းမဆိုပေမယ့် သူတို့ပြောတဲ့မိန်းမ တော့ မပီသ။ ယမုံနာက အရွယ်နှင့်မမျှသော ဝေဒနာတွေ၊ သောက တွေကို ခံစားရသည်။

အဲဒီအချိန်မှာ မကျေနပ်မှု၊ တုံ့ပြန်မှုတွေ ပေါ်ပေါက်လာ၏။ စိတ်ရိုင်းတွေ ဝင်လာ၏။ ယဉ်ကျေးတယ်၊ မိန်းမပီသမှု ဆိုသော စတင်ဝင်ရောက်ရမည့်အချိန်မှာ ရက်စက်သော လူသား တချို့နှင့် ရင်ဆိုင်ရသည်။

အဲဒီတုန်းက ယမုံနာက အသက် ဆယ့်လေးနှစ်။ မိဘ ပိုင်ဆိုင်သော စတိုးဆိုင်မှာ လူကြီးလုပ် ဦးစီးရသည်။

အလုပ်သမားတွေကိုပါ ဦးစီးရသည်။ မိခင်၏သင်ပြမှု





ဘောင်ကိုကျော်ပြီး ဘယ်သူ့ကိုမှ ဆရာမတင်။ ယှဉ်ပြိုင်လာသူကို ပုံစံအမျိုးမျိုးနှင့် အနိုင်ယူသည်။ မနက်လင်းလို့ စတိုးဆိုင်လေးကို စတင်ထိုင်လိုက်တာနှင့် ဘောင်းဘီရှည်ကိုဝတ်၊ လွယ်အိတ်ကို သိုင်းလွယ်ပြီး ချိန်းရိုက်တုတ်ကို အသင့်ထည့်ထားသည်။ အနိုင် ကျင့် စော်ကားသူတွေပေါ်လာရင် လွယ်အိတ်ထဲက တုတ်နှင့် ရိုက်လိုက်သည်။

သူမတို့မြို့လေးမှာ ယမုံနာကို လူတွေက သိလာသလို ဘယ်သူမှ ရိတိတိလုပ် မစော်ကားရဲတော့။ ဒါ ယမုံနာ၏ ပထမ ဘဝ အပိုင်းအစတစ်ခု။

ယမုံနာနှင့် လက်ထပ်မည့် ပျားရည်၏အသိုင်းအဝိုင်းက ယမုံနာ၏အကြောင်းကို မေးသည့်အခါကို သူမက မပြော။ အိမ်ထောင်ပြုသည့်နေရာမှာ မိသားစုစစ်တမ်း လိုသေးသလားဟု ယမုံနာက ပျားရည်ကိုပြောလိုက်၏။

နောက်ဆုံး ယမုံနာ ရှိတယ်ဆိုသော စတိုးဆိုင်မှာ ဝင်ရောက်စုံစမ်းကြသည်။ စတိုးဆိုင်ဝန်ထမ်းက ယမုံနာဟာ စတိုး

ဆိုင် ဘယ်လိုပတ်သက်နေတယ်ဆိုတာ မသိသလို စတိုးဆိုင်ကို ပိုင်ဆိုင်တဲ့သူ ဘယ်သူဆိုတာ မသိရသလို ဆိုင်ရှင်ကို ဘယ်သူမှ မသိကြ။ စတိုးဆိုင်မှာ ယမုံနာဆိုတာ ရှိတယ်သိပေမယ့် ယမုံနာ ဘယ်သူဆိုတာမသိသော ဝန်ထမ်းများစွာရှိနေသည်။

ငှင်းကိစ္စနှင့်ပတ်သက်၍ ပျားရည်တို့မိသားစု ပြင်းပြင်းထန်ထန် စကားများကြသည်။ အဓိကတရားခံက ယမုံနာဖြစ်သည်။

ပျားရည်သည် စိတ်ဓာတ်မာတယ်ဆိုပေမယ့် တကယ်တမ်း ရင်ဆိုင်လာတော့ ထင်သလောက် သတ္တိမရှိသလို ပြတ်သားမှုများလည်း မရှိ။

"မေမေတို့မေးတာ ကျွန်တော် ဘာမှမသိဘူး၊ ဖြေလည်း မဖြေတတ်ဘူး"

"မသိဘူး၊ မဖြေတတ်ဘူးလို့ပြောတာနဲ့ ပြီးသွားမယ်လို့ ထင်နေပြီလား သား၊ အခုကိစ္စက ကားမောင်းပြီး မြို့တစ်ပတ် လျှောက်လည်နေတာ မဟုတ်ဘူး၊ မင်းရဲ့အနာဂတ် အိမ်ထောင်ရေး ကိစ္စကို ပြောနေတာ၊ ဘယ့်နှယ်…ကိုယ်လက်ထပ်ယူရမယ့် မိန်းမ





က ဘယ်ကလာတဲ့၊ ဘယ်လိုမျိုးရိုးမှန်းမသိတာကို လက်ထပ်ယူမယ်တဲ့၊ ကြည့်လည်းပြောပါဦး သားရယ်"

"ကျွန်တော့်ကိစ္စက အဲဒီလောက်ထိ အခြေအနေဆိုးနေလို့လား မေမေရာ၊ ကျွန်တော်သိထားတာက ဘယ်သူတွေ ဘာပဲပြောပြော ကျွန်တော်လက်ထပ်ယူတဲ့ မိန်းမက မိန်းမကောင်းဖြစ်ဖို့ အရေးကြီးတယ်၊ ကျွန်တော် ယမုံနာကို မေးကြည့်တယ်၊ ကျွန်တော့်အသိုင်းအဝိုင်းကို သူ မသိချင်ဘူး၊ မလေ့လာဘူးတဲ့၊ သူ့လက်ထဲကိုရောက်လာမယ့် ကျွန်တော့်ကိုပဲ သိချင်တယ်တဲ့"

"ဒါဆို မင်းတို့က ဘယ်လိုလူတွေလဲ၊ သားမှာ ဖေဖေတို့ မိဘလူကြီးတွေ ရှိနေသလို သား လက်ထပ်ယူရမယ့် မိန်းမမှာ လူကြီးမိဘဆိုတာတော့ ရှိရမှာပေါ့၊ ဖေဖေ သိချင်တာ အဲဒီလူကြီးမိဘကို သိချင်တာ"

မိသားစုတွေ ပျားရည်ကို ဝိုင်းဖွဲ့၍ ယမုံနာ၏အကြောင်း ပြောကြသည်။

ယမုံနာက သူ့မိသားစုအကြောင်းကို ပြောမပြထားတာ

ကြောင့် ပျားရည်မှာ အတော်ကို စိတ်ညစ်နေရ၏။

"ပျားရည်ကို ကျွန်မချစ်တာ လက်ထပ်တာ ပျားရည်ရဲ့ ဆွေမျိုးတွေကြောင့် မဟုတ်ဘူးဆိုတာ သိလား၊ ကျွန်မ ပျားရည်ကိုချစ်တာ ဆွေမျိုးအသိုင်းအဝိုင်းကြောင့် မဟုတ်ဘူး၊ အဲဒီတော့ ပျားရည် ဆွေမျိုးတွေအကြောင်း ကျွန်မ မသိချင်ဘူး။ တစ်ခုပြောချင်တာက ကျွန်မဟာ အခြေအမြစ်ရှိတဲ့ မိသားစုက မွေးဖွားတယ်ဆိုတာပဲ၊ ပျားရည် ကျွန်မကိုချစ်တယ်၊ လက်ထပ်ကြတယ်၊ ပျားရည်တို့ မိသားစုက မင်္ဂလာမဆောင်ပေးဘူးလား၊ ကျွန်မ တာဝန်ယူမယ်၊ အဲဒီအတွက် ဘယ်လောက်ကုန်မလဲ၊ ကုန်ပါစေ၊ အကုန်ခံရဲတယ်"

ပြတ်သားသော ယမုံနာ၏ စကားကြောင့် ပျားရည် မိဘတွေကို ယဉ်ကျေးစွာ တော်လှန်နေ၏။ ပျားရည် သူ့ဘက်ပါလာအောင် အပိုင်ဆွဲနေတာကို ဘယ်လိုလူမှမသိ။ ပျားရည် ယမုံနာစကားကို လက်ခံယုံကြည်သည်။

မိဘတွေ၏စကားကို ပြတ်ပြတ်သားသား ငြင်းဆိုနေ





သည်။ ၄င်းကိစ္စအတွက် မိဘများက ယမုံနာကို မကျေနပ်။ မိသားစုကိစ္စကို သွေးခွဲသည်ဟု ထင်သည်။

"ယမုံနာမိဘတွေက နယ်မှာတဲ့၊ ကျွန်တော်တို့ လက်ထပ်ပြီးလောက်မှ ပြန်လည်ကြမယ်၊ ယမုံနာ အစီအစဉ်က သူ့မိဘနေထိုင်တဲ့ရွာမှာ မင်္ဂလာ ထပ်ပြီးဆောင်ဦးမယ်တဲ့"

"အောင်မာ...သူက ဘာလို့ မင်္ဂလာနှစ်ခါဆောင်ရတာလဲ၊ ငါတို့မိသားစုမှာ အဲဒီလို နှစ်ခါအပင်ပန်းမခံဘူး၊ နေရာတစ်ခုကိုသာ ရွေးချယ်၊ ဒါပဲ"

"နေပါဦး၊ သားကို မေမေ မေးရဦးမယ်၊ သား သူ့ကိုဘာကယ်လက်ထပ်ယူဖို့ စဉ်းစားထားပြီးပြီလား"

"စဉ်းစားတာမဟုတ်ဘူး၊ ဆုံးဖြတ်ထားတာ၊ အဲဒီလောက်ဆို ဖေဖေတို့ သဘောပေါက်မှာပါ"

"ကောင်းပြီလေ၊ သားက ဒီလောက်ဖြစ်နေမှတော့ မေမေပြောတော့ပါဘူး၊ ဒါပေမဲ့ သားတို့လက်မထပ်ခင် ယမုံနာနဲ့တွေ့ချင်တယ်၊ အဲဒါ သား လိုက်ဖို့မလိုဘူး၊ မေမေနဲ့ ကိုကို တစ်ယောက်

ယောက် သွားမယ်၊ အဲဒီကောင်မလေးနဲ့ ဆွေးနွေးဖို့''

''အဲဒီကိစ္စကို ကျွန်တော် မပြောဘူး၊ သူ့အိမ်ကို မေမေ တို့ လိုက်သွားပေါ့၊ သူနဲ့စကားပြောပြီးမှ သူ့အကြောင်းသိမှာပေါ့ ကျွန်တော်ကလည်း အဲဒီလိုသွားစေချင်နေတာ''

''ကောင်းပြီလေ၊ ဒီရက်ထဲမှာ မေမေတို့ ယမုံနာအိမ်ကို လိုက်သွားမယ်''

ဖျားရည်နှင့် ယမုံနာတို့ကိစ္စကို ဖြေရှင်းမရအောင် မိသားစု ရှုပ်ထွေးနေ၏။

ပိုဆိုးသည်က ဖျားရည်၏အစ်ကိုကြီး ဥန္နှဟန် ဖြစ်သည်။ ဥန္နှဟန်ဟာ ဘယ်လိုလူကိုမှ အထင်မကြီးသူ၊ ရထားသော ဓာတု ဗေဒဘွဲ့လို ဘွဲ့ကို အကြီးကြီးဟု ကြီးကျယ်သဘောထားပြီး သာမန်လူတွေကို အေးအေးဆေးဆေး အရှုးလို သဘောထား၏။

အမေသည် သွားကြည့်မယ်ပြောတာနှင့် သူကိုယ်တိုင် သွားရောက်ခြင်းဆိုတာ မရှိသလောက် ရှားပါးသည်။

ဘယ်လိုလုပ်ငန်းမဆို အစ်ကို၏အကြည့်၊ ပြောဆိုခြင်း





တွင်သာ အပြီးသတ်သွားသည်။

အမေသည် အစ်ကို့ဘက်ကို မျက်နှာမူလိုက်ပြီးနောက် ယမုံနာဆီကို သွားပါဟု ပြောလိုက်ခြင်းဖြစ်သည်။

◆ ◆ ◆

# အခန်း (၃)

ယမုံနာ ပျော်ရွှင်သွားသည်။

ဒီလိုနေ့ကို မျှော်လင့်လာခဲ့သည်မှာ နှစ်အတော်ကြာခဲ့သည်။ သူမ ပျားရည်၏အစ်ကိုနှင့် နှစ်ယောက်တည်းစကားပြောချင်တာ အတော်ကိုကြာခဲ့ပါပြီ။ အရှင်းဆုံးပြောရရင် လွန်ခဲ့သောခြောက်နှစ်လောက်ကတည်းက တွေ့ချင်နေတာကြာခဲ့သည်။

မှတ်မိသည်။ ဒီလိုနေ့ကို ယမုံနာ မမေ့။

ဘယ်တော့မှမမေ့။ ဒီလိုစကားပြောလိုက်ရသည့်အတွက် ကျေနပ်ပျော်ရွှင်သွားသည်။

ယမုံနာ စတိုးဆိုင်ကပြန်လာပြီး တိုက်ထဲမှာ အနားယူနေသည်။ ၄င်းနောက် ကားတစ်စီး ဆိုက်လာ၏။ ယမုံနာ အပန်းဖြေကုလားထိုင်မှာ အနားယူနေ၏။

"လူတစ်ယောက် တံခါးလာဖွင့်စမ်း"

အစေခံ မိန်းမတစ်ယောက်က တံခါးကိုလာဖွင့်ပေးသည်။ ယမုံနာ ရောက်လာသော ဧည့်သည်ကို ကျောခိုင်းပြီး မှန်ကြီးက တစ်ဆင့် ကြည့်လိုက်၏။

သို့သော်…

သူမက မသိဟန်ဆောင်ကာ အစေခံများကို မေးလိုက်ရပေမယ့် တစ်နေ့ ရှင် ကျွန်မအိမ်ကို ရောက်လာမယ်ဆိုတာ ကျွန်မ သိနေပါတယ် ကိုဂျွန်ဟန်။ ဒါပေမဲ့ ရှင် ကျွန်မကို အပေါ်စီးက ဘယ်လိုမှဆက်ဆံလို့ရဘူးဆိုတာ ရှင်သိနေမှာ။

အပြင်ကဝင်လာသောဧည့်သည်ကို လုံးဝမသိတဲ့ပုံစံ လုပ်လိုက်၏။ မျက်နှာကို အချိုဆုံးသွေးလိုက်၏။

"အေး…ဘယ်သူလဲ"





"မသိဘူး၊ မမလေးနဲ့ တွေ့ချင်လို့တဲ့"

"ဟဲ့…မသိတဲ့လူတစ်ယောက်ကို ငါနဲ့တွေ့ချင်တယ်ဆိုတာနဲ့ လွှတ်ပေးလိုက်ရလား၊ စည်းကမ်းမရှိ အချိန်မတော်လာတဲ့ ဧည့်သည်ကို ဘာလို့လွှတ်ပေးရတာလဲ၊ ဒါ လူကောင်းတွေနေတဲ့အိမ်ဆိုတာလည်း သိထားဦးမှပေါ့"

သူမ၏ မသိဟန်ဆောင် ပြောလိုက်တာကြောင့် ဗူးရည်၏ အစ်ကို ဂျွန်ဟန်မှာ ဘာပြောရမှန်းမသိအောင် ခက်သွားသည်။

သူသည် ရုတ်တရက် နာရီကိုကြည့်လိုက်၏။ နာရီ၏ ညွှန်ပြချက်အရ ည ဆယ်နာရီကျော်နေပြီ။

သူမ၏စကားကို ဂျွန်ဟန် အပြစ်မတင်နိုင်။ မိန်းမတွေနေတဲ့အိမ်ကို ဒီအချိန် အရောက်သွားမိတာက သူ မှားသွားပြီဆိုတာ သိလိုက်ရသည်။

သူ၏ညီ၊ သူမ၏ချစ်သူကို ည ကိုးနာရီကျော်တာနှင့် အိမ်ကို အလာမခံသလို တွေ့ချင်ရင် ဖုန်းဆက်ခိုင်းသည်။ ဖုန်းထဲမှာ ဘယ်လောက်ကြာကြာ စကားပြောလည်း ရသည်။ အဲဒါကို

သူမ အချိန်ပေးပြီး ပြောသည်။

သူ သိသည်။

သူမနှင့်ပတ်သက်တာတွေ အားလုံးကို ညီဖြစ်သူက အကုန်လုံးနီးပါး ပြောတတ်သည်။ သူမနှင့်ပတ်သက်သမျှ အားလုံးကို သိထားသည်။

ဂျွန်ဟန်မှာ အထင်သေးမှုတွေနှင့်အတူ ယမုံနာအိမ်ကို ရောက်လာခဲ့သည်။ ယမုံနာ၏ ပထမဆုံးလုပ်ရပ်ကို တွေ့လိုက်ရတော့ သူ့ညီပြောသောစကားကို သတိရမိသည်။

"ကိုကြီးကို အတွေ့ခံတယ်ဆိုတာ အတော်ကံကောင်းတာပေါ့၊ နို့မဟုတ်ရင်တော့ ခွေးအကိုက်ခံရမှာပဲ၊ ယမုံနာမှာ ဂျွန်နဲ့ဒွန် ဆိုတဲ့ သဘော်သား ခွေးကြီးနှစ်ကောင် ရှိတယ်၊ မိုးချုပ်ပြီးတာနဲ့ လွှတ်ထားတယ်၊ သူတို့နဲ့တွေ့လို့တော့ ကိုကြီးအတွက် မလွယ်နိုင်ဘူး"

ပြားရည်ပြောသော ခွေးကြီးနှစ်ကောင်နှင့်သာ တွေ့လိုက်လို့ သူ့ညီပြောသလို မလွယ်ဘူးဆိုတာကို သတိရလိုက်မိသည်။





သူမ မွေးထားတဲ့ ခွေးကြီးနှစ်ကောင် ဘယ်ကိုရောက်နေပါလိမ့်။ သူ မျက်လုံးကို ဝေ့ကြည့်လိုက်၏။

"မအေးမာ...ဂျွန်နဲ့ဒွန် ဘယ်သွားလဲ"

သူမပြောသော စကားကို ကြားလိုက်ရတော့ ဂျွန်ဟန်မှာ အတော်ကို တုန်လှုပ်သွားသည်။ ဘာသဘောနဲ့ သူ့ကို အထဲဝင်ခွင့်မပြုသေးတာလဲ တွေးနေမိသည်။

"နောက်မှာ ထမင်းကျွေးနေတယ် မမလေး"

"အေး...ကောင်းပြီ၊ ပြီးရင် ခဏချည်ထားလိုက်ဦး၊ ဟဲ့...ညွှံ့သည်ကို တံခါးဖွင့်ပေးလိုက်ဦးလေ"

အခုမှ တံခါးလာဖွင့်ပေးပေမယ့် ဂျွန်ဟန်မှာ အတော်ကို စိတ်တိုသွားသည်။ သူမကို ပြေးထိုးလိုက်ချင်သည်။ ဒါပေမဲ့ သူမက သူထင်ထားတဲ့ မိန်းမတွေနှင့်မတူတဲ့မိန်းမဆိုတာ သိလိုက်ရသည်။

တံခါးလာဖွင့်ပေးသည့်သူသည် တံခါးအတွင်းကိုရောက်ပြီး နေရာတစ်ခု (ဖိနပ်ချွတ်ရန်ထားသောနေရာ)မှာ ဖိနပ်ကိုချွတ်လိုက်သည်။ ယောကျ်ားဖိနပ် တစ်ခုမှမတွေ့ရ။ မိန်းမဖိနပ်ကိုသာ

တွေ့ရသည်။

သူ ဘာစကားစပြောရမှန်းမသိအောင် ခက်သွား၏။

သူမမျက်နှာကို ကြည့်လိုက်သည်။ ဒီမိန်းမကို သူ သိနေသလို။

“ဘာကိစ္စများရှိလို့ပါလိမ့်၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ”

“ပျားရည်အစ်ကိုပါ”

“ပျားရည်အစ်ကိုလား”

သူမ ပျာပျာသလဲ ဖြစ်သွား၏။

သူမ ထိုင်ရာက ထလိုက်၏။

“ဆောရီးနော်…အချိန်မတော် ရောက်လာတာကြောင့်မို့ပါ၊ အရေးကြီးကိစ္စ ရှိတယ်ထင်တယ်၊ လာ…အစ်ကို”

ဒီတစ်ခါတော့ ရှင်ကိုယ်တိုင် ကျွန်မအိမ်ကို ရောက်လာရပြီမဟုတ်လား ကိုဂျွန်ဟန်ရယ်။ ကျွန်မ ရှင့်ကိုမျှော်နေတာ။ ရောက်မလာတာနဲ့ ပျားရည်ကို ဖမ်းလိုက်တာပဲ။

စိတ်ထဲမှာ ကျေနပ်သွားသည်။ သူမ၏လုပ်ရပ်က





ဒီလောက်အထိ အောင်မြင်သွားပြီဟုတွေးပြီး ကျေနပ်နေသည်။ သူမသည် ဧည့်သည်အတွက် သီးသန့်ဧည့်ခန်းကို ခေါ်ခဲ့သည်။

သူတို့ ဧည့်ခန်းကိုရောက်သည်။

သူမ၏ဧည့်ခန်းက သူတို့မိသားစုဧည့်ခန်းထက် များစွာသာခြားသည်။

သူမ ဂျွန်ဟန်ကို ထိုင်စေသည်။ သူမ သူ၏ရှေ့သူ့အတွက် သီးသန့်လုပ်ထားသော ဆိုဖာဆက်တီမှာ ဝင်ထိုင်လိုက်၏။

“တင်မီရေ…ဧည့်သည်အတွက် အအေးနဲ့ စားစရာတစ်ခု ဖန်တီးပေးပါ”

ယမုံနှာ မှာလိုက်ပြီး စီးကရက်ဘူးနှင့် ဆေးလိပ်ပြာခွက်ကို အလယ်ခုံမှာ တင်ပေးလိုက်၏။

သူမ၏ဧည့်ခန်းတွင် ထွန်းထားသော မီးလုံး ဝါနီလေးကထင်သလောက် လင်းမနေ။ တစ်ယောက်မျက်နှာတစ်ယောက်မြင်ရုံသာရှိနေသည်။

"ကျွန်မဆီ ဒီအချိန်မှ ရောက်လာတယ်ဆိုတော့ အထူး ကိစ္စ တစ်ခုတော့ ရှိမယ်ထင်နေတယ်"

အထူး…။ ဟုတ်တယ်…အထူးကိစ္စ မှန်ပါတယ်။

ဂျွန်ဟန်သည် ဆေးလိပ်ကို တစ်ချက်ဖွာလိုက်၏။

"ပျားရည်ကိစ္စ လာတာပါ"

"ကျွန်မ ကြိုတင်သိနေပါတယ်၊ လာရင်းကိစ္စကို အမိက ထား ပြောပါ ဦးဂျွန်ဟန်"

"မင်းကို ငါ ရင်းရင်းနှီးနှီး မြင်ဖူးတယ်၊ ဘယ်မှာဆုံ တာ မသိဘူး"

"နေစမ်းပါဦး၊ ဦးဂျွန်ဟန်က ကျွန်မကို မိတ်ဆွေဖွဲ့ဖို့ လာတာလား၊ ပျားရည်ကိစ္စ ပြောဖို့လာတာလား၊ တစ်ခုကိုသာ ဦးတည်ပြောရင် ပိုကောင်းပါလိမ့်မယ်"

"သစ်တစ်ပင်အတွက် မျိုးစေ့ကောင်းဖို့ လိုမယ်ထင် တယ်နော်၊ အဲဒါ…"

"ခဏနေပါဦး ဦးဂျွန်ဟန်၊ ကျွန်မ ရှင့်ကို စကားပြော

ဝိုး၊ဝိုး၊၀၇၆ပ



ဖို့ အချိန်သိပ်မရှိဘူး၊ အဲဒီလိုစကားမျိုးတွေ ပြောမယ်ဆိုရင် ကျွန်မ အလုပ်နားတဲ့ရက်မှာ လာပြောပါ၊ အဲဒီနေ့အတွက် ကျွန်မ ကုန်ကျ စရိတ်အားလုံး တာဝန်ယူပါ့မယ်"

ပြတ်ပြတ်သားသား ပြောလိုက်သော ယမုံနာ၏စကား ကြောင့် ဂျွန်ဟန် အတော်စိတ်ညစ်သွား၏။

သူ ထင်ထားခဲ့တာတွေ တကယ်တမ်း လက်တွေ့ အကောင်အထည်ဖော်လိုက်တော့ အတော့်ကို အခက်တွေ့သွား၏။

ဂျွန်ဟန် ယမုံနာ၏မျက်နှာကို တစ်ချက်ကြည့်လိုက်၏။

သူမမျက်နှာက ထင်ထားသည်ထက်ပို၍ ပြတ်သား လွန်းသည်။ ဒီလောက် ပြတ်သားမာကျောတဲ့ မိန်းမကို ဘာကြောင့် သဲသဲမဲမဲ ချစ်တာလဲဆိုတာ တွေးနေမိသည်။

သူမကို ပြတ်ပြတ်သားသားပြောရန် ဆုံးဖြတ်လိုက် သည်။

"ပျားရည်က ယမုံနာကို လက်ထပ်ယူမယ်လို့ ပြော တယ်၊ အဲဒါ မင်းအထင်က ဘယ်လိုလဲ"

"ပျားရည် ပြောသလိုပဲ"

ဝိုး၊ဝိုး၊၀၇၆ပ

ဖြတ်သားလှချည်လား။

"မင်း မစဉ်းစားတော့ဘူးလား"

"ဒီမှာ…ကျွန်မ ပြောမယ်၊ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို ချစ်တယ်လို့ အဖြေပေးတဲ့နေ့မှာ လက်ထပ်ဖို့အထိ စဉ်းစားပြီးမှ အဖြေပေးတာ၊ အဲဒီလိုအဖြေပေးတဲ့နေ့မှာပဲ သူ့ကို ရာသက်ပန် လက်တွဲသွားဖို့ပါ ဆုံးဖြတ်ထားတယ်။ အဲဒါကိုမသိတဲ့ ခပ်ညံ့ညံ့ယောကျ်ားတွေက မိန်းမတစ်ယောက်ကို ဟန်ဆောင်ချစ်ရေးဆို၊ သူတို့ကြိုက်သလို ခြယ်လှယ်၊ သူတို့ဘက်ကိုပါအောင် အမျိုးမျိုးဆွဲခေါ်ပြီးမှ သူတို့ကြိုက်တာလုပ်ပြီး ထားခဲ့တယ်။ မသိနားမလည်တဲ့ မိန်းမတွေက ပြင်းပြင်းထန်ထန် ခံစားရ၊ တချို့ သေကြရတယ်။ အဲဒီလိုမိန်းမထဲမှာ ကျွန်မ မပါချင်တာနဲ့ ပျားရည်ကို အစကတည်းက အပြတ်ပြောလိုက်တာပဲ"

ယမုံနာကို အံ့သြတဲ့မျက်နှာနှင့် ကြည့်လိုက်၏။

သူသည် သောက်လက်စ ဆေးလိပ်ကို ဆက်မသောက်





တော့။ တစ်ဝက်နှင့် ဆေးလိပ်မီးကို ပြာခွက်ထဲမှာ သတ်လိုက်၏။

ယမုံနာပြောသော စကားကို သူကြားဖူးသည်။

၎င်းစကားကို ပြောတုန်းကလည်း သူ့ကို ပြောလိုက်ခြင်းဖြစ်သလို သူ အတော်ကိုခံစားဖူးသည်။ ဘယ်တုန်းကပြောတာလဲဆိုတာ တွေးနေမိသည်။

လွန်ခဲ့သော နှစ်တွေက မိန်းမတစ်ယောက်နှင့် ပတ်သက်၍ အပြောခံရခြင်းဖြစ်သည်။

သူ မိန်းမတစ်ယောက်ကို အသက်လောက် ချစ်သည်။ ၎င်းမိန်းမကို လက်ထပ်ယူဖို့အဆင့်ထိ ရောက်ခဲ့သည်။ လက်ထပ်မယ့်ရက်ကိုလည်း ရွေးချယ်မိကြသည်။ အဲဒီနေ့တုန်းက သူတို့အရမ်းပျော်သည်။ နောက်ရက်များမကြာမီ ကြားဝင်ဖျက်တာကြောင့် လက်ထပ်မယ့်ရက်ကို ရုပ်သိမ်းလိုက်ကြ၏။

အဲဒီတုန်းက သူ့ကို တော်တော်ပြောသွားသည်။ အဲဒီစကားကိုပြောသူက ယမုံနာ ပြောတ်တာတော့ သေချာသည်။

"ပျားရည်က မင်းပြောတဲ့အတိုင်း လုပ်မယ်ထင်လို့လား"

"ပျားရည်ကို ကျွန်မ ချစ်တာတစ်ခုတည်းပဲ သိတယ်။ သူ့ဘဝကို ချုပ်ကိုင်ဖို့ ကျွန်မချစ်တာမဟုတ်ဘူး၊ ရှင်တို့ကို ပျားရည် ပြောလားမသိဘူး၊ ကျွန်မချစ်တာ ပျားရည်၊ ကျွန်မ ပျားရည်ကိုပဲ သိတယ်၊ ပျားရည်နဲ့ပတ်သက်တာ ဘယ်သူ့အကြောင်းကိုမှမသိဘူး၊ သိဖို့လည်း မကြိုးစားဘူး"

"ဒါဆို မင်း လက်ထပ်ယူမယ့် ယောကျ်ားရဲ့မျိုးရိုးက ရောဂါရှိနေတယ်ဆိုရင် မင်း ဘယ်လိုလုပ်မလဲ၊ အဲဒီလို မျိုးရိုး ရှိတဲ့လူကို လက်ထပ်ယူမယ်ပေါ့"

"ကျွန်မ ရှင့်ကို ရှင်းရှင်းပြောမယ်၊ ရှင့်မိဘတွေမှာ ရောဂါရှိတာ ကျွန်မ မသိဘူး၊ ကျွန်မ လက်ထပ်ယူရမယ့် ယောကျ်ား ပျားရည်မှာ ဘာရောဂါရှိလဲ၊ သူ့မှာ ရောဂါရှိဆိုရင် ကျွန်မ သူ့ကို ဆေးကုပေးရမယ်၊ အဲဒီအတွက် ကျွန်မမှာ ပိုက်ဆံရှိတယ်၊ ပျားရည် မှာရှိတဲ့ ရောဂါတွေကို ပျောက်အောင်ကုပေးဖို့ပဲ၊ အဲဒီအတွက်





ပိုက်ဆံဘယ်လောက်ကုန်မလဲ၊ ဂရုမစိုက်ဘူး"

"အဲဒါက မင်း တစ်ဖက်သတ်ဆန်တာပဲ"

"တစ်ဖက်သတ်ဆန်တာ မဟုတ်ဘူး၊ သတ္တိမရှိတဲ့ ယောကျ်ား၊ ယောကျ်ားမဟုတ်တဲ့ ယောကျ်ားတွေကို တိုင်တက်စိန်ခေါ်ပြဖို့ပဲ၊ အဲဒီရည်ရွယ်ချက်က ပထမအချက်ထဲမှာ ပါတယ်"

"မင်းက ငါတို့ကို အသိအမှတ်မပြုဘူးလို့ ဆိုလိုတာလား"

"ကျွန်မစကားထဲမှာ အဲဒီလိုပြောလိုက်သလား၊ အဲဒီ အဓိပ္ပာယ်ပါနေလို့လား၊ စဉ်းစားပြောနော်၊ စကားတစ်ခွန်းမှားသွားရင် ဘယ်လိုမှ နုတ်မရသလို တောင်းပန်ရင် ခွင့်လွှတ်တတ်တဲ့ မိန်းမထဲမှာ ကျွန်မ မပါဘူးနော်၊ အဲဒီလောက်ပြောရင် ရှင် သဘော ပေါက်မယ်ထင်ပါတယ်"

ယမုံနာ၏စကားက အတော်ကိုပြတ်သားနေ၏။ ၄င်း အတွက် ဖွန်ဟန် ဘာလုပ်ရမှန်းမသိအောင် အခက်တွေ့သွား သည်။ သူမဟာ စကားပြောမှားလို့ရတဲ့ မိန်းမမဟုတ်ဘူးဆိုတာ ဖွန်ဟန်

သိသွား၏။

"ဆောရီး…ယမုံနာ၊ ကျွန်တော် စကားပြောမှားသွားရင် တောင်းပန်ပါတယ်၊ ကျွန်တော် စကားပြောလောသွားတာပါ၊ ကျွန်တော် အခုလာတဲ့ကိစ္စက ပျားရည်နဲ့ ယမုံနာတို့ရဲ့ မင်္ဂလာကိစ္စကို ပြောဖို့လာတာပါ၊ အဲဒီအတွက် ယမုံနာ ဘာလုပ်ထားလဲ ဆိုတာပါ"

"ကျွန်မ ဘာလုပ်ထားလဲ ပြောရအောင် ကျွန်မက ယောကျ်ားလေးမဟုတ်ဘူးလေ ရှင်တို့ဘက်က ဘာလုပ်ထားလဲ ဆိုတာပဲ ပြောပါ၊ ကျွန်မဆန္ဒတွေကိုတော့ ပျားရည်ကို တစ်လုံးမကျန် ပြောလိုက်ပြီးပြီ၊ ကျွန်မ ပြောတာကို လက်မခံလည်း ရတယ်နော်၊ အဲဒီအတွက် ကျွန်မ ဘာမှမဖြစ်ဘူး၊ စိတ်လည်းမဆိုးပါဘူး၊ တစ်ခုတော့ပြောလိုက်မယ်၊ ရှင်တို့ဘက်က အဲဒီလောက်အထိ အကုန်မခံနိုင်ရင် ကျွန်မ အကုန်ကျခံမယ်လို့ ပြောလိုက်ပါတယ်၊ အဲဒါကိုတော့ ရှင်သိအောင် ကျွန်မ တမင်ပြောလိုက်တာပဲ"





မျှော်လင့်ချက်မရှိသော စကားကို ကြားလိုက်ရတော့ ဠှန်ဟန် ဘာလုပ်ရမှန်းမသိသလို ခေါသလည်း ပြင်းပြင်းထန်ထန် ထွက်သွား၏။

ဒီစကားဟာ သူ့ကို စိန်ခေါ်နေတာလား၊ ပညာပေးနေ ဘာလား ချက်ချင်းအဖြေထုတ်နေသည်။

သူ့ကို နှိပ်စက်နေတယ်ဆိုတာ ကောင်းစွာသိလိုက်၏။

တခြားမိန်းမတွေ၊ လုပ်ငန်းရှင်တွေ ဠှန်ဟန်နှင့်စကား ပြောလိုက်တာနှင့် ဠှန်ဟန်စိတ်ကြိုက်၊ ဠှန်ဟန်စကားအောက်က အရှုံးပေးပြီး ပြန်သွားကြသည်။

ယမုံနာနှင့်တွေ့လိုက်တဲ့အချိန်မှာ ဠှန်ဟန်သည် အရှုံးနှင့်သာ ရင်ဆိုင်နေရသည်။ အိမ်မှာတုန်းက ပြောဖို့ရွေးချယ်ခဲ့သော စကားလုံးတွေ အစရှာမရအောင် ပျောက်ကွယ်ကုန်၏။

"အဲဒီစကားက ငါတို့ကို စော်ကားတာပဲ"

"ကျွန်မပြောတာ မှားသွားလား၊ ဒါဆို တောင်းပန်တယ်၊ အခုချက်ချင်းကို တောင်းပန်တယ်၊ အဲဒါဆို ကျေနပ်ပြီလား၊

နောက်ထပ် တောင်းပန်ရဦးမလား''

''ကျေးဇူးတင်ပါတယ် ယမုံနာ၊ မလိုတော့ပါဘူး၊ ဒါပေမဲ့ မင်းမိဘဆွေမျိုးအသိုင်းအဝိုင်းရဲ့ မျိုးရိုး၊ မိဘနှစ်ပါးရဲ့ နာမည်ကို သိချင်တယ်''

''အဲဒါက အရေးတကြီး လိုလို့လား၊ ကျွန်မတို့က နိုင်ငံတကာသိအောင် မင်္ဂလာဆောင်မယ့်ပွဲ မဟုတ်ဘူးနော်၊ မင်္ဂလာပွဲနေ့မှာ ဂျာနယ်သမားတွေကိုခေါ်ပြီး ဂျာနယ်မှာ မင်္ဂလာသတင်းထည့်ဖို့အထိ စီစဉ်ဆွဲထားလို့လား၊ ကျွန်မပြောပြီးသား စကားတွေကို ဘာလို့ပြန်မေးနေရတာလဲ၊ ရှင်တို့မိသားစုက ကျွန်မမိဘမျိုးရိုးက အတော်လိုအပ်လို့လား၊ တစ်ခုတော့ ပြောလိုက်ဦးမယ်၊ ဒုတိယအကြိမ် ထပ်ပြောတာနော်၊ ကျွန်မမိဘတွေက ဘယ်လိုရောဂါမှ မရှိသလို အောက်တန်းကျ ဆင်းရဲသားမိသားစုကတော့ မဟုတ်ဘူးဆိုတာတော့ မှတ်ထားပါ''

''အဲဒါ မင်းရဲ့ မရိုးသားတဲ့စကားပဲ၊ မိဘမျိုးရိုးတောင် မပြောပြနိုင်တဲ့ မိန်းကလေးနဲ့ လက်ထပ်ယူရမယ့် ယောကျ်ားလေး





ရဲ့ဘဝက ဘယ်လောက်ရင်နာဖို့ ကောင်းလိုက်သလဲ''

''အဲဒါတော့ ပကာသနဆန်လွန်းတယ်၊ တကယ်တမ်းပြောရရင် ဒီစကားကို မိန်းကလေးဘက်က မေးရမှာ၊ အခုတော့ ယောကျ်ားလေးဘက်က မေးတယ်ဆိုတော့ ရယ်စရာတော်တော်ကောင်းတာပဲနော်''

''မင်း အဲဒီလိုလုပ်မယ်ဆိုရင် ငါ့ညီ ပျားရည်နဲ့ သဘောတူ လက်ထပ်ပေးစားမယ့် အစီအစဉ်ကို ဖျက်သိမ်းရပါလိမ့်မယ်''

''လက်ထပ်ပွဲကို ဖျက်သိမ်းမယ်''

ရုတ်တရက် ယမုံနာ အံ့သြသွားသည်။

ရွှန်ဟန်က ပျားရည်တို့မိသားစုမှာ အဓိကလူ။ မိသားစုစီးပွားရေး တော်တော်များများကို သူက အဓိက ကိုင်ထားသည်။

မိဘများက သူ့စကားကို အောင်မြင်စွာ လက်ခံကြသည်။

ပျားရည်နှင့် ယမုံနာတို့ကိစ္စကို ရှေ့ပြေးသူရဲကောင်းလာလုပ်တာဖြစ်သည်။ အဲဒီအတွက် ယမုံနာက အပြတ်ပြောသည့်ဒါကို မခံနိုင်။ သူမစိတ်မာတတ်ကို တစ်ဆင့်မြင့်လိုက်သည်။

"အဲဒီအတွက် ကျွန်မမှာ မလွမ်းလောက်ပါဘူး၊ ကျွန်မတို့နှစ်ယောက်က ရိုးရိုးသားသား ချစ်သူတွေဆိုတော့ ခံစားရရုံကလွဲပြီး ဘယ်လိုမှ အမည်းစက်တွေ ကျန်နေကြမှာမဟုတ်ပါဘူး၊ တစ်ခုတော့ပြောလိုက်မယ်၊ ဒီရက်ထဲမှာ ပျားရည် ကျွန်မအနားက မခွာအောင် အမြဲရှိနေစေရမယ်"

အနားမှာ အမြဲရှိနေစေရမယ်။

ငှင်းစကားကို မခံနိုင်အောင် ဒေါသထွက်နေသည်။

သူတို့မိသားစုမှာ အရေထွေးဆုံး၊ အငယ်ဆုံး ညီလေး သူတို့အိမ်ကို မပြန်စေရဘူးတဲ့။ သူမပြောတဲ့စကားကို မိခင်ကြားသွားရင် ဘယ်လောက်များခံစားရမလဲ။ မိခင်က ပျားရည်ကို အတော်ချစ်သည်။ ပျားရည် စိတ်ညစ်တာကို မခံစေရ။ လိုလေသေးမရှိအောင် လုပ်ဆောင်ပေးသည်။

"ဘာ…မင်း ဘာပြောတယ်၊ မင်း အဲဒီလောက်မယုတ်မာနဲ့၊ ငါ့ညီကို ငါတို့မိသားစု ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိတယ်မဟုတ်လား"





"ရှင်တို့ချစ်တာက မိသားစု၊ ကျွန်မချစ်တာက ဘဝတစ်ခုလုံးကို ပုံအပ်ပြီးချစ်တာ၊ အဲဒီလောက်ဆို ရှင် သဘောပေါက်လောက်ပြီထင်တယ်"

ယမုံနာ ပြောလိုက်သည့်စကားကို ဇွန်ဟန် အတော်ကိုနာသွားသည်။ ယမုံနာသည် ဇွန်ဟန်၏စကားကို ဒေါသထွက်သလို မွှေးထားသော ခွေးတွေနှင့် ရှူးတိုက်ခိုင်းလိုက်မယ်ဟုပြောသည်။

ဇွန်ဟန်မှာ ဘာမှမပြောတော့။ စကားကိုသာ အမြန်ရပ်သိမ်းလိုက်လေသည်။

♦ ♦ ♦

## အခန်း (၄)

ကြီးမားသော ပြဿနာတစ်ခုက ပျားရည်နှင့် ယမုံနာ တို့ကြားမှာ ဖြစ်ပေါ်လာခဲ့သည်။

ယမုံနာမှာ ပျားရည်တို့မိသားစုကို အမုန်းဆုံး မုန်းနေ ဘာကြောင့် ပျားရည်ကို အပိုင်သိမ်းရန် ဆုံးဖြတ်လိုက်၏။

ယမုံနာ၏လုပ်ရပ်ကို ဘယ်သူမှမသိနိုင်သလို အနိုင်ရဖို့ ထက် အရှုံးပေးဖို့ကိုသာ ဦးတည်နေကြ၏။

ပျားရည်သည် မိဘစကားထက် ယမုံနာစကားကို ပို၍

ပင် အရာရောက်နေသည်။

ပျားရည် သူ့အခန်းထဲမှာ တစ်ယောက်တည်း စဉ်းစားနေသည်။

အနီးရှိ ဖုန်းကို ဂဏန်းဆယ်လုံးအနက် ခြောက်လုံးကို ရွေးရိုက်လိုက်သည်။

"ယမုံနာ ပြောနေပါတယ်"

"ယမုံနာ...ပျားရည်ပါ"

ယမုံနာ ဝမ်းသာသွားသည်။

"မျှော်လိုက်ရတာ ပျားရည်ရယ်၊ ယမုံနာက ဒီည ဖုန်းမဆက်ဘူးထင်ပြီး အခုပဲ ဖုန်းဆက်တော့မလို့၊ ဘာလို့ အခုမှ ဆက်ရတာလဲကွာ"

"ပျားရည် အခန်းထဲမှာရှိနေပါတယ်၊ ယမုံနာ မရောက်သေးဘူးထင်လို့ အချိန်ကိုစောင့်နေတာ၊ ယမုံနာ"

"ပြောလေ ပျားရည်"

"ကိုယ်တို့ လက်ထပ်ကြရအောင်"

ဝိုးမိုး၈၁၉ပ



ယမုံနာ ပျော်ရွှင်သွားသည်။

မိသားစုနှင့် လွှန်ဆွဲပွဲလုပ်နေသည့် အချိန်မှာ ပျားရည်က လက်ထပ်ဖို့ဆိုသော စကားကို အရမ်းကြားချင်သည်။ ယမုံနာနှင့် ပျားရည်တို့ လက်ထပ်ပြီးမှ ယမုံနာ ပျားရည်တို့မိသားစုကို အနိုင်ရမှာ။ အဲဒီအချိန်ကျရင် ယမုံနာဘဝ ဘာပဲဖြစ်ဖြစ် အဖြစ်ခံနိုင်သည်။ လက်ရှိအချိန် ပျားရည် သူ့မလက်ထဲကို အရောက်သိမ်းပိုက်နိုင်ရန်သာ အဓိကကျသည်။

အဲဒီအတွက် ယမုံနာ ပိုင်နိုင်စွာစဉ်းစားသည်။

"ယမုံနာလည်း ပျားရည်လိုပါပဲကွာ၊ ကိုယ့်ချစ်သူနဲ့ အတူတူနေချင်လှပါပြီ၊ အဲဒီကိစ္စအတွက် ပျားရည် ဘယ်လိုအစီအစဉ် ဆွဲထားလဲ"

"မိဘတွေနဲ့ ညှိနေတယ်"

"သူတို့က ဘာပြောလဲ"

"ယမုံနာမိဘတွေကို သိချင်နေကြတာပဲ၊ ပျားရည်တော့ ဘာလုပ်ရမှန်း မသိတော့ဘူးကွာ၊ အဲဒါတွေလည်း မသိချင်ဘူး၊

ဝိုးမိုး၈၁၉ပ

ပျားရည်သိတာက ယမုံနာနဲ့အတူတူနေချင်တယ်၊ ပျားရည်နဲ့ ယမုံနာတို့ အတူတူနေကြရင် သူတို့ ဘာမှမပြောနိုင်သလို တားဆီးလို့လည်း ရမှာမဟုတ်တော့ဘူး၊ ပျားရည်တို့ အတူတူနေကြမလား"

"ကောင်းတယ်၊ သိပ်ကောင်းတဲ့အကြံပဲ၊ အဲဒီအကြံကို ယမုံနာ လက်ခံတယ်၊ ပျားရည် ဘယ်နေ့လာမလဲ၊ ယမုံနာ စောင့်နေရအောင်လို့ပါ"

"ပျားရည် အမြန်လာမှာပါကွာ၊ ယမုံနာ မျှော်နေနော်"

"ယမုံနာ အိမ်မှာစောင့်နေမယ်"

"ပျားရည် တကယ်လာခဲ့မယ်၊ ဒါပေမဲ့ မင်္ဂလာဆောင်ကိစ္စကို ဘယ်လိုလုပ်မလဲ ယမုံနာ"

"ယမုံနာ ပြောထားပြီးသားပဲ၊ အဲဒီကိစ္စတွေ ယမုံနာ အစီအစဥ်ဆွဲမယ်"

သူတို့နှစ်ယောက် ပြောနေသော စကားကို ပျားရည်၏ မိဘတွေ အကုန်သိသွား၏။

မိခင်မှာ ပျားရည် ယမုံနာနှင့် အတူတူနေတော့မယ်

ဝိုးဝိုး၀၁၄ပ



ဆိုသောစကားကို အတော်စိုးရိမ်သလို သားကို ဘယ်လိုတားရမလဲဆိုတာကို တွေးတောနေ၏။

◆ ◆ ◆

ဝိုးဝိုး၀၁၄ပ

# အခန်း (၄)

ပျားရည် ပျော်ရွှင်နေတာကို ယမုံနာအတွက် ဟာသ ဖြစ်နေ၏။

အကြောင်းက ပျားရည်ကို တားမရတာကြောင့် ယမုံနာ နှင့် ပျားရည်တို့ကို လက်ထပ်ပေးစားရန်အတွက် အစီအစဉ်ဆွဲ နေကြရသည်။ အဲဒီသတင်းကိုကြားသောအချိန်မှာ ပျားရည်ကို သူ ကိုင်လို့ရပြီဟု တွေးနေမိသည်။

"ယမုံနာ ရှိလား"

အသက်ငါးဆယ်ကျော် ခြောက်ဆယ်ဝန်းကျင် မိန်းမကြီး

တစ်ယောက်…ပျားရည်၏မိခင် ဒေါ်ရတီလွင် ဖြစ်သည်။ ဒေါ်ရတီလွင်သည် ချမ်းသာသလို မျက်နှာက မာတင်းနေ၏။ အချိန်က ယမုံနာ အလုပ်သွားရန် ပြင်ဆင်နေသောအချိန်ဖြစ်သည်။

အိမ်ဖော် အမျိုးသမီးနှစ်ယောက်က အိမ်တံခါးဖွင့်ပေးလိုက်၏။ ဒေါ်ရတီလွင်မှာ ဧည့်ခန်းတွင် ထိုင်လိုက်၏။

"အန်တီ…ခဏလေးနော်၊ မမလေး ရေချိုး အဝတ်လဲနေလို့"

"အေး…အေး"

ဒေါ်ရတီလွင် သူ့ပိုက်ဆံအိတ်ထဲက စီးကရက်ဘူးကို မီးညှိသောက်နေသော အချိန်တွင် ယမုံနာ ရောက်လာသည်။

ယမုံနာ သူ့အတွက် သီးသန့်လုပ်ထားသော ဆိုဖာပေါ်မှာ ထိုင်လိုက်၏။

ဘယ်လောက်ချမ်းသာတဲ့ သူဌေးတွေ လာပါစေ။ သူတို့ ထိုင်ကြသော ဆိုဖာတွေက ယမုံနာထိုင်သော ဆိုဖာတွေထက် များစွာ ကွာခြားနေသည်။ သူမ ရောက်လာသောသူဌေး ဘယ်





လောက်ပဲ ချမ်းသာနေပါစေ၊ ယမုံနာလောက် ဘယ်သူမှ အဆင့်မမြင့်ဘူးဟု ထင်မြင်သည်။

ယမုံနာဟာ အဲဒီပုံစံနှင့် သူမထံ ရောက်လာသူတွေကို ငှင်းပုံစံအတိုင်းသွားလိုက်တာ များသည်။

"ယမုံနာဆိုတာ မင်းလား"

"ဟုတ်ပါတယ်၊ အန်တီက…."

"ငါ့နာမည် ဒေါ်ရတီလွင်၊ ပျားရည်ရဲ့အမေပဲ"

"ပျားရည်ရဲ့အမေလား၊ တွေ့ရတာဝမ်းသာပါတယ် အန်တီ၊ လာရင်းကိစ္စကိုသာ ပြောပါ၊ ကျွန်မ ဘာကူညီရမလဲ"

"ငါက အကူအညီတောင်းဖို့ လာတာမဟုတ်ဘူး၊ ငါ့သားနဲ့ နင့်ကိစ္စ ပြောမလို့လာတာ"

ဒေါ်ရတီလွင်၏ မာကျောခက်ထန်သော လေသံကို ယမုံနာ ဒေါသထွက်သွား၏။ သို့သော် သူဟာ ပျားရည်နှင့်ပတ်သက်ပြီး တော်ရမယ့် ယောက္ခမဖြစ်နေ၍ မျက်နှာကို အချိုသာဆုံး ပြုံးလိုက်၏။

သူမအပြုံး၏ နောက်ကွယ်မှာ ခနဲ့တဲ့တဲ့ အမူအရာတစ်ခု သိသိသာသာ ကပ်ပါလာသည်။

ငါ့သားနဲ့ နှင့်ကိစ္စတဲ့လား။

ယမုံနာ အစကတည်းက သိပြီးသားပါ။

ယမုံနာ ပျားရည်ကို စကားနှစ်ခွန်း ကောင်းကောင်းမပြော ရပါဘူးဆိုတာ ဒေါ်ရတီလွင်တို့မိသားစု မသိလိုက်။

ယမုံနာ ဒေါ်ရတီလွင်ကို တကယ်တွေ့ချင်သည်။ ဒေ ါသမောက်နေတဲ့ ဒေါ်ရတီလွင်၏မျက်နှာကို မြင်ချင်သည်။ သို့သော် ယမုံနာ ဒေါ်ရတီကို သူတို့အိမ်ကိုသွားပြီး ဘယ်တော့မှ ကြည့်မှာမဟုတ်။

ယမုံနာက ချမ်းသာသည်။ ဒေါ်ရတီလွင်တို့ ချမ်းသာတယ်ဆိုပေမယ့် ယမုံနာလည်း ချမ်းသာသည်။

ဒေါ်ရတီလွင်က ဘယ်သူ့အိမ်ကိုမှ အောက်ကျခံသွားတဲ့ မိန်းမ မဟုတ်။ သူ့သားငယ် ပျားရည်နှင့်ပတ်သက်ပြီး ယမုံနာကိုတော့ အောက်ကျခံရသည်။





ဒေါ်ရတီလွင် သူ့ထံရောက်လာခြင်းသည် ယမုံနာ တမင် လုပ်လိုက်တာကြောင့် လာရခြင်းဖြစ်သည်။ (အရှင်းဆုံးပြောရလျှင် ဒေါ်ရတီလွင်…ငါ့ဆီကိုလာခဲ့၊ ရှင်တို့လောက်တော့ ကျွန်မလည်း ချမ်းသာသည်။)

ငွေးကိစ္စကိုပြောရမှာ အထက်စီးကပြောလိုက်တာဖြစ်မှာ ကြောက်တာကြောင့် ပညာသားပါပါ ဆုံးဖြတ်ပြီး လုပ်လိုက်ရခြင်းဖြစ်သည်။

"ဟုတ်ကဲ့…ကျွန်မ နားထောင်နေပါတယ်၊ အန်တီပြောတာကိုလည်း ကျွန်မ လက်ခံဖို့ ကြိုးစားနေမှာပါ"

"ငါ့သားရဲ့ဆန္ဒအရ နှင်နဲ့ငါ့သားရဲ့ မင်္ဂလာကိစ္စ ဆွေးနွေးချင်လို့ လာခဲ့တာ၊ အဲဒါ နှင့်မိဘတွေနဲ့ တွေ့ချင်တယ်"

"ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်မကိစ္စ ကျွန်မနဲ့သာ ပြောပါ၊ ကျွန်မမိဘတွေကိုပြောလည်း ကျွန်မနဲ့သာဆွေးနွေးပါလို့ ပြောလိုက်မှာ သေချာပါတယ်၊ အခု အန်တီပြောမယ်ဆိုတဲ့ အန်တီ ရဲ့သားကိစ္စ ကျွန်မကိုပြောပါ၊ တဆက်တည်းမှာ အန်တီ့သားရဲ့ဆန္ဒ

ဆိုတော့ ပိုပြီးပြောကောင်းတာပေါ့၊ ကျွန်မကလည်း အဲဒါမျိုးကိုပဲ ပြောချင်နေတာပါ၊ တစ်ခုတော့ရှိတယ်၊ မင်္ဂလာပွဲကိစ္စဆိုရင်တော့ ကျွန်မရဲ့ဆန္ဒကို လုပ်ပေးနိုင်မှပြောပါ၊ မလုပ်ပေးနိုင်ရင်တော့ မပြောဘဲ ပြန်သွားတာကမှ ပိုပြီးကောင်းပါလိမ့်မယ်"

"အန်တီရဲ့ဘဝမှာ မလုပ်ပေးနိုင်ဘူးဆိုတာ မရှိဘူး မိန်းကလေးတောင်းဆိုမယ့် အခမ်းနားဆုံး မင်္ဂလာဧည့်ခံပွဲမျိုး တစ်ရာလောက်ကျင်းပလည်း အန်တီ စိန်ဘယက်တစ်ကုံးစာ မရှိပါဘူး၊ အခု အန်တီလာတာက မိန်းကလေးနဲ့ အန်တို့သား ဖျားရည် တို့ မင်္ဂလာကိစ္စ ပြောမလို့ပါ၊ မိန်းကလေးနဲ့ပြောရတာ ပိုကောင်းတာပေါ့"

"ကျွန်မကလည်း အကောင်းဆုံးဖြစ်အောင် ဖန်တီးထားပါတယ် အန်တီ"

ယမုံနာသည် ဒေါ်ရတီလွင်ကို ပြတ်သားသောစကားဖြင့် ပြောနေသည်။

သူမက အစကတည်းက တွက်ထားပြီးသား။ ဒေါ်ရတီ





လွင်က မင်္ဂလာပွဲအတွက် အကုန်မခံလည်း သူကိုယ်တိုင်ကုန်ကျခံမယ်ဟု အစကတည်းက ကြွေးကြော်ထားသည်။

သူမ၏ကြွေးကြော်မှုကို ကြောက်၍ လာရောက်ခဲ့ခြင်းဖြစ်သည်။

သူမက ဘယ်လိုဟာမျိုးကိုမှ ဂရုမစိုက်။ သူလုပ်မယ်ဆိုတာကို အကုန်လုပ်တတ်သည်။

ယမုံနာက ဘယ်လောက် ကြိုတင်ပြင်ဆင်ထားတယ်ဆိုတာ ယမုံနာကလွဲ၍ ဘယ်သူမှမသိ။

သူမသည် ဒေါ်ရတီလွင်ကိုတွေ့ဖို့ ကြိုတင်စီစဉ်ထားသည်။ ဒေါ်ရတီလွင် လာတာကို အလွန်ကျေနပ်သည်။

"အန်တီ သိပ်အချိန်မရဘူး မိန်းကလေး၊ အဲဒီတော့ စကားကို အတိုဆုံးဖြစ်အောင်ပြောကြမယ်၊ မိန်းကလေးကလည်း ကိုယ်ဖြစ်ချင်တာကို တစ်ခါတည်း အပြတ်ပြောပါ"

"ဟုတ်ကဲ့၊ အန်တီ မလာခင်ကတည်းက ကျွန်မပြောမယ့်စကားကို တစ်လုံးမကျန် စိတ်ထဲမှာ ကြိုတင်စီစဉ်ထားပါ

တယ်၊ အန်တီ့ဘက် အဲဒီအတိုင်း တောင်းဆိုလာတော့ ကျွန်မက
အရင်ပြောရမလား၊ အန်တီ အရင်ပြောမလား''

''အန်တီ့အထင်တော့ မိန်းကလေး အရင်ပြောလို့မဖြ
ဘူး၊ အန်တီ့စကားကို ဆုံးအောင်နားထောင်ပါ၊ မိန်းကလေးစကာ
တွေမှာ လျှို့ဝှက်ချက်တွေ ပါနေတယ်၊ အဲဒီလျှို့ဝှက်ချက်နဲ့ စကာ
ပြောရင်...''

''တဆိတ်လောက် ခဏနေပါဦး အန်တီ၊ ကျွန်မ တင်
ပြောပါရစေ၊ အဲဒီလို သံသယနဲ့ဆိုရင်တော့ မပြောဘဲ ပြန်သွာ
တာ ကောင်းပါလိမ့်မယ်၊ နှင်ထုတ်တာ မဟုတ်ဘူးနော် အန်တီ
အရှင်းဆုံးပြောရရင် ကျွန်မနဲ့အန်တီ အခုပြောနေတဲ့စကားတွေ
အရောင်းအဝယ်လုပ်နေတာ မဟုတ်ပါဘူး၊ အန်တီ့စကား ရိုးသာ
ရင် ကျွန်မစကားကလည်း အရိုးသားဆုံးပါပဲ''

သူမစကားကြောင့် ဒေါ်ရတီလွင် မျက်နှာတစ်ချက်ပျ
သွားသည်။ ကျေနပ်မှုမရှိသော မျက်လုံးတစ်စုံနှင့် ကြည့်လို
ပေမယ့် သူမကတော့ စကားကို အပြတ်သားဆုံးထက် ပြတ်သာ





အောင် ပြောနေသည်။

''အန်တီကလည်း အဲဒီစကားကို မျှော်နေတာပဲ၊
မိန်းကလေးရဲ့မိဘတွေနဲ့ မိန်းကလေးရဲ့အကြောင်းလေးကိုတော့
အန်တီတို့ သိထားသင့်တယ်၊ ဘာဖြစ်လို့လဲဆို မင်္ဂလာဖိတ်စာ
ရိုက်တဲ့နေ့ကျရင် ဒါတွေ ထည့်ရိုက်ရမှာပေါ့၊ မိန်းကလေး မပြော
ချင်သလို အန်တီကလည်း မသိချင်ပါဘူး''

''ဟုတ်တယ်၊ ကျွန်မက စူပါမတ်သုံးခုရဲ့ အုပ်ချုပ်မှု
ဒါရိုက်တာပါ၊ အဲဒီ စူပါမတ်သုံးခုလုံးရဲ့ ပိုင်ရှင်က ကျွန်မပါ၊
သုံးခုလုံးကို အုပ်ချုပ်သလို စူပါမတ်သုံးခုလုံးရဲ့ ကိစ္စအားလုံးကို
ပါ တာဝန်ယူထားသူပါ၊ ကျွန်မကို ရန်ကုန် ရွှေတောင်ကြား
ရပ်ကွက်မှာ မွေးဖွားတာပါ၊ မွေးကတည်းက သူဌေးသမီးလို
နေခဲ့တာပါ''

သူမ၏စကားကြောင့် ဒေါ်ရတီလွင် တုန်လှုပ်သွားသည်။
သူမ၏မိခင်ကို မကြားဖူးပေမယ့် ၎င်းစူပါမတ်သုံးခုကတော့
လက်ရှိကာလမှာ ရေ့ဆုံးကိုရောက်နေသော စတိုးဆိုင်ကြီးများ

ဖြစ်သည်။ ၄င်းဆိုင်ကြီးများမှာ ရောင်းချသောပစ္စည်းများက ဈေးအလွန်ကြီးသလို ဝယ်ယူသူတွေကလည်း ငြင်းဆိုခြင်းမရှိ ချက်ချင်းဝယ်ကြသည်။

၄င်းဆိုင်ကြီး သုံးဆိုင်ဟာ ပစ္စည်းသုံးမျိုးကို ဦးတည်ရောင်းသည်။

အခြားသော ပစ္စည်းများက အရန်သဘောနှင့်ရောင်းသည်။

သူမပိုင်ဆိုင်သော စတိုးဆိုင်မှာ ဒေါ်ရတီလွင်ကိုယ်တိုင် ဝယ်ဖူးသည်။ ဆိုင်၏ပြင်ဆင်ဖွဲ့စည်းပုံကို သဘောကျသလို ရောင်းချပုံစနစ်ကိုပါ သဘောကျသည်။ ၄င်းဆိုင်ပုံစံမျိုး တစ်ဆိုင်ဖွင့်ဖို့အထိ စိတ်ကူးမိသည်။ သူမ၏ဆိုင်ဖြစ်နေတာကြောင့် ဒေါ်ရတီလွင် သူမကို အမှတ်ပေးချီးကျူးနေမိသည်။ တခြားမေးချင်စရာတွေအတွက် သူမ၏လုပ်ဆောင်ချက်ကြောင့် ဘာမှဆက်မေးခြင်းမရှိတော့။ မင်္ဂလာပွဲကို သူမ ဘယ်လိုဖြစ်ချင်သလဲ ဟု မေးလိုက်သည်။

ဝိုးဝိုး၀၇၆ပ



သူမက သူဖြစ်ချင်တာတွေကို အကုန်ပြောလိုက်သည်။ သူမ၏စကားကို ဒေါ်ရတီလွင် ကျေနပ်စွာလက်ခံလိုက်ပြီး တင်းမာသော စကားစစ်ထိုးပွဲကို ငြိမ်းချမ်းရေးယူလိုက်ကြသည်။

◆ ◆ ◆

ဝိုးဝိုး၀၇၆ပ

ကမ္ဘာလောကမှာ

အချစ်ဆုံး ယောကျ်ားတစ်ယောက်ရှိတယ်

အမုန်းဆုံး ယောကျ်ားတစ်ယောက်လည်း ရှိခဲ့တယ်

အဲဒီအတွက် နောင်တမရခဲ့ဘူး

အသက်လောက် ချစ်တယ်ပြောခဲ့ပေမယ့်

အမုန်းဆုံးထက် ဆယ်ဆမုန်းဖို့ပဲ ကြိုးစားနေတယ်

အဲဒီစကားကိုကြားရင်

ရှင်…

ကျွန်မကို သတ်ပစ်ချင်လောက်အောင် မုန်းမိမှာ သေချာတယ်။

◆ ◆ ◆

# တတိယပိုင်း (၃)

ဝိုး၊ဝိုး၊စာပေ

## အခန်း (၁)

ကြီးကျယ်ခမ်းနားသော မင်္ဂလာဧည့်ခံပွဲအတွက် ကျပ်ငွေသိန်းပေါင်းများစွာ အကုန်ကျခံ ပြင်ဆင်ထားသည်။ ခန်းမအတွက် ပြင်ဆင်ထားသော အခမ်းနားဆုံးပစ္စည်းတွေက ဘယ်လိုမင်္ဂလာဧည့်ခံပွဲမှ မလုပ်နိုင်သော အကောင်းဆုံးပစ္စည်းများဖြစ်သည်။

ခန်းမကြီးအတွင်းထဲကို မရောက်ခင် ခန်းမကြီး၏ ဝင်ပေါက်မျက်နှာစာမှာ ရေးထားသော သတို့သားနှင့် သတို့သမီးတို့

၏ နာမည်စာလုံးများကို ကြည့်လိုက်ရုံနှင့် အခမ်းနားဆုံး မင်္ဂလာဆောင်ပွဲဟု ပြောနေကြသည်။

မင်္ဂလာဆောင်ပွဲအခမ်းအနား

မောင်ပျားရည် မယမုံနာ

အောက်ခံကတ္တီပါ အနက်စစ်စစ်ပေါ်မှာ အနီရောင်ကတ္တီပါစာလုံးက အုံ့မခန်းလောက်အောင် ကြီးကျယ်လွန်းနေသည်။ အဝါရောင် မီးလုံးဖျော့ဖျော့လေးက စာလုံးတွေကိုကြွားနေအောင် ပံ့ပိုးပေးထားသလို အောက်ခံကတ္တီပါအနက်ရောင်က သိသိသာသာ ပျောက်ကွယ်နေသည်။

၎င်းမင်္ဂလာဆောင်ပွဲကို ယမုံနာ၏ စိတ်တိုင်းကျ ဖန်တီး လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ၎င်းအတွက် ယမုံနာမှာ ပျော်ရွှင် ကျေနပ်ခြင်းမရှိ။ ပျားရည်မှာတော့ သူ တကယ်ချစ်သော ယမုံနာ နှင့် လက်ထပ်ရမည်ဆိုသောအတွေးနှင့် ပျော်ရွှင်ကျေနပ်နေသည်။ သူငယ်ချင်းတွေကိုပါ ပြောထားသည်။

မကြာမီ နာရီပိုင်းတွင် မင်္ဂလာဆောင်ပွဲ ကျင်းပသော





မည်။ ပျားရည်မှာ အရုံသတို့သား အဂ္ဂတို့နှင့် မြောက်မြားစွာသော စကားတွေပြောနေသည်။ သူ၏စကားသည် အလွန်တက်ကြွနေသည်။

မင်္ဂလာဆောင်ပွဲအချိန်က ညနေ ၄ နာရီမှ ည ၉ နာရီ အထိ၊ အချိန်က ကြာသလိုဟု တချို့အလုပ်များသူတွေက ထင်မြင်ကြသည်။

ယမုံနာ၏ဆန္ဒက လေးနာရီက ငါးနာရီ၊ တစ်နာရီပဲ လုပ်စေချင်တာ။ ကုန်ကျစရိတ် လက်ဖွဲ့ငွေ မရမှာစိုးတာကြောင့် နာရီကို အကြာကြီး ဆွဲလိုက်ရခြင်းဖြစ်သည်။

စီးပွားရေးသမား ဒေါ်ရတီလွင်က ဘယ်လိုအလုပ်ကိုပဲလုပ်လုပ် သူ့အတွက်အကျိုးမရှိတဲ့ အလုပ် ဘယ်လိုအလုပ်မျိုးကိုမှ မလုပ်။

မင်္ဂလာပွဲကို စတင်ရန်အတွက် အချိန်က အတော်ကို နီးကပ်နေ၏။

ယမုံနာမှာ မိတ်ကပ်အလှပြင်ဖို့ဆိုပြီး ကားတစ်စီးနှင့်

ထွက်သွားသည်။ ဗိုလ်ချုပ်ဈေးက သူ့သူငယ်ချင်းဆိုင်မှာသွားပြင်မယ်ဟု ပျားရည်ကို ပြောသွားသည်။

ပြင်ပြီးတာနှင့် ပြန်လာခဲ့မယ်လို့လည်း ထပ်ဆင့်ပြောသွားပြန်သည်။

"ယမုံနာ မိတ်ကပ်သွားပြင်တာ မင်း ဘာလို့လိုက်မသွားတာလဲ ပျားရည်"

"မိတ်ကပ်ပြင်ရုံပဲကွာ၊ လိုက်သွားစရာမလိုဘူးထင် တယ်၊ သတို့သမီးဝတ်စုံက ဒီရောက်မှ ဝတ်မှာပဲကွာ"

"အဲဒါတော့ ငါလည်းသိတာပေါ့ကွာ၊ တကယ်ဆို ဒီအချိန်လောက် ရောက်နေသင့်တာပေါ့၊ ဒါမှ မင်္ဂလာပွဲမစခင် ဓာတ်ပုံရိုက်လို့ရမှာပေါ့၊ မင်းကလည်းကွာ အစီအစဉ်အတော်ညံ့တာပဲ"

"ငါ ဘာမှမသိဘူး၊ မေမေနဲ့ သူနဲ့ လုပ်နေတာပဲ၊ ကဲ… အဲဒီတော့ ငါ ဘာလုပ်ရမလဲ၊ ပြော"

အဂ္ဂ၏စကားကြောင့် ပျားရည် ဘာလုပ်ရမှန်းမသိအောင်





ဖြစ်သွား၏။ အစ်ကိုဖြစ်သူ ဖွန့်ဟန်ထံ ပေးထားသော စီးကရက်ဘူးထဲက စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ယူသောက်နေ၏။ ပျားရည်၏ရှေ့မှာ ဆေးလိပ်အတိုများစွာ ရှိနေသည်။

မင်္ဂလာညှေ့ခံပွဲကို စတင်ရန် အချိန်အတော်နီးကပ်နေသည်။ မင်္ဂလာညှေ့ခံပွဲကို ရောက်ရှိလာသော ဧည့်သည်များစွာက သူ့နေရာနှင့်သူ နေရာယူနေကြသည်။

ပျားရည်တို့မှာ သတို့သမီး ယမုံနာအလာကို မျှော်နေကြသည်။ ပျားရည်မှာ ယမုံနာကို မျှော်နေသည်။

မိခင်၏စကားကြောင့် ပျားရည်မှာ သတို့သားဝတ်စုံကို ဝတ်ပြီး အသင့်စောင့်နေသည်။

ဂုဏ်သရေရှိ လူကြီးတွေရှေ့မှာ သိပ်ချစ်ရသော ယမုံနာနှင့်တွဲပြီး သွားရမည်။

"သူတို့နှစ်ယောက် သိပ်လိုက်တယ်၊ အသက်ငယ်လေးတွေဆိုတော့ ကြည့်လို့ကောင်းတယ်"

"ဝတ်ဆင်တူတာကလည်း သိပ်လိုက်တယ်"

"အေး...ဟုတ်တယ်၊ ချစ်စရာလေးတွေတော်"

"ရှေ့သွားနောက်လိုက် ညီတယ်နော်"

ညှို့ပရိသတ်၏ ချီးကျူးသံတွေက မင်္ဂလာတီးလုံးကို ကျော်ပြီး ပျားရည်၏နားထဲကို အဆုပ်လိုက် အဆုပ်လိုက် ဖြေး ဝင်လာသည်။

ပျားရည်၏ ကြည်နူးမှုအပြုံးတွေက ဘယ်လိုသော သူ၏ အပြုံးတွေနှင့်မတူ။

ခမ်းနားသော မင်္ဂလာပွဲမှာ ပျားရည်၏အပြုံးတွေကလည်း ထပ်ဆင့်ခမ်းနားနေသည်။

ပျားရည်၏လက်ကို ယမုံနာက ချိတ်၍ ချစ်စကားလေး တွေပြောပြီး ဧည့်သည်တော်များကို ဧည့်ခံနှုတ်ဆက်ကြသည်။

"ကောင်မလေးက စူပါမတ်နှစ်ခုလောက် ပိုင်တယ် တဲ့ ကောင်လေးကတော့ သိတဲ့အတိုင်းပဲလေ၊ ဒေါ်ရတီလွင်တို့ဆိုတာ က အဆက်အဆက် ချမ်းသာခဲ့တာပဲ"

"ဒီလိုပေါ့အေ၊ သူတို့နှစ်ယောက်ဘဝက ဘယ်တော့မှ





မဆင်းရဲတော့ဘူး၊ နောင်ဘဝတောင် စားလို့ကုန်မှာမဟုတ်ဘူး"

"ယမုံနာ"

"ဟင်"

"သူတို့ပြောတာ ကြားတယ်မဟုတ်လား"

"အင်းလေ...ကြားတာပဲ၊ ပျားရည်က မကျေနပ်လို့ လား"

"မဟုတ်ပါဘူး ယမုံနာရယ်၊ ဒီစကားကြားရတာ ပျားရည် ရွေးချယ်လိုက်တဲ့ မိန်းမက လူတော်မှန်းသိရလို့တွေး ပြီး ကျေနပ်နေမိတာ၊ ယမုံနာကရော ပျော်ရဲ့လား"

"ပျော်တာပေါ့ ပျားရည်ရယ်၊ ယမုံနာက ပျားရည်တို့ မိသားစုကို စားပြတ်ိုက်ပြီး လုယူထားရတာ"

"အဲဒီလို ဝမ်းနည်းစရာတွေတော့ မပြောပါနဲ့ ယမုံနာ ရယ်၊ ပျားရည် ယမုံနာကို သနားနေလို့ပါ၊ ပျားရည်တို့ အေးအေး ဆေးဆေး နေရတော့မှာပါကွာ"

ယမုံနာ၏လက်လေးကို တင်းကျပ်စွာ ဆုပ်ကိုင်နေမိ

သည်။ ညှို့သည်တွေ၏ရှေ့မှာ ကျွန်တော့်ရဲ့အချစ်ဆုံး ဖနီးမယား အသစ်လေးဟု အပြေးသာ ကြွေးကြော်လိုက်ချင်သည်။

"ပျားရည်…မင်း ဘာတွေတွေးနေတာလဲ"

"ငါနဲ့ ယမုံနာတို့ နှစ်ယောက်ရဲ့ နောင်ရေးကိုတွေးနေ မိလို့ပါကွာ"

"မင်းကတော့ ယမုံနာလိုမိန်းမကို ရလို့ ပျော်နေပြီပေါ့ ကွာ၊ ယမုံနာက ဘာလို့ရောက်မလာသေးလဲ မသိဘူးကွာ"

"အေးကွာ…မင်္ဂလာပွဲက စလို့ ဆယ်မိနစ်တောင် ကျော် လာပြီ၊ ယမုံနာကလည်းကွာ"

"ဘာများဖြစ်လို့လဲမှမသိတာ၊ လမ်းမှာများ တစ်ခုခု ဖြစ်နေသလားမသိဘူး"

"ဟာ…ဟုတ်သားပဲ၊ အဲဒါ ငါ ဘာလုပ်ရမလဲ အကွ"

"သူ့အိမ်ကို ဖုန်းဆက်ကြည့်၊ အလှပြင်ဆိုင်ကိုလည်း ဖုန်းဆက်ကြည့်ပေါ့ကွာ"

"အေး…ဟုတ်သားပဲ"

ဝိုးဝိုး၀၁၄ပ



ပျားရည် သတို့သားဝတ်စုံကြီးနှင့် ဖုန်းရှိရာကို ခပ်သွက် သွက်လေး ထွက်ခဲ့သည်။

◆ ◆ ◆

ဝိုးဝိုး၀၁၄ပ

# အခန်း (၂)

ခန်းမနှင့်ဖုန်းက သိပ်မဝေး။ စိုးရိမ်စိတ်တွေက များနေတာကြောင့် ပျားရည် အသက်ရှူကျပ်ပြီး မောနေသည်။

ပျားရည် ယမုံနာ ကိုင်နေကျ ဆယ်လူလာဖုန်းကိုဆက်သည်။ 'လူကြီးမင်း ခေါ်ဆိုတဲ့ ဖုန်းနံပါတ်သည် နယ်ကျော်နေသော်လည်းကောင်း၊ ဖုန်းပိတ်ထားသော်လည်းကောင်း တစ်ခုခုဖြစ်နေပါတယ်ရှင့်'

နယ်ကျော်နေတယ်ဆိုတာကိုတော့ ပျားရည် လက်မခံ။ ဖုန်းပိတ်ထားတာဖြစ်နိုင်သည်။

ဟုတ်သည်။

ယမုံနာ ဖုန်းကို တမင်ပိတ်ထားသည်။ အခါတိုင်း ၄င်း ဆယ်လူလာဖုန်းကို ဖွင့်ထားသလို သူမ သွားလေရာကို ယူသွား တာများသည်။

ပျားရည် မိတ်ကပ်ဆိုင်ဖုန်းကို ဆက်သည်။

၄င်းဖုန်းနံပါတ်ကို ယမုံနာ မိတ်ကပ်သွားပြင်ခါနီးမှာ ဆက်ရန်အတွက် ပေးထားခဲ့ခြင်းဖြစ်သည်။

ပျားရည်၏စိတ်လောမှုကြောင့် ပထမတစ်ကြိမ် ဖုန်းနံပါတ် မှားသွားသည်။ ၄င်းကြောင့် ဒုတိယအကြိမ် ထပ်မံ၍ ဆက်နှိပ် ရသည်။

တစ်ဖက်က ဖုန်းကိုကိုင်လိုက်၏။

"ယမုံနာ ရှိသေးလား"

"စောစောကပဲ ထွက်သွားတယ်၊ မရောက်သေးဘူး လား"

"မရောက်သေးလို့၊ ဘယ်သွားမယ်ပြောသွားသေးလဲ"





"ခန်းမကိုပြန်မယ် ပြောသွားပါတယ်၊ ကျွန်မတို့ အခုပဲ လာတော့မလို့"

စောစောက ထွက်သွားပြီဆိုသော စကားနှင့်ပတ်သက် ၍ အခုလောက်ဆို ရောက်သင့်ပြီ။

စောစောဆိုကတည်းက ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ် လောက်တော့ရှိသည်။

ပျားရည် ယမုံနာအိမ်ကို ဖုန်းဆက်လိုက်သည်။

အိမ်ဖော်မလေးနှင့်တွေ့သည်။ ထွက်ပေါ်လာသောအဖြေ က ထွက်သွားကတည်းက ပြန်မရောက်တာ။ တဆက်တည်းမှာ ဆယ်လူလာဖုန်းက ဓာတ်ခဲအားမရှိတာနှင့် ပိတ်ပြီးထားခဲ့တယ် ဆိုတဲ့ သတင်းတစ်ခုပဲ နိုင်နိုင်မာမာ ရောက်ရှိလာသည်။

ပျားရည် စိတ်ဓာတ် အတော်ကိုကျနေသည်။

မင်္ဂလာပွဲက စနေသည်။ သတို့သမီး ဘယ်ကိုရောက် နေမှန်းမသိ။ ဧည့်သည်များက သတို့သမီးနှင့် သတို့သားကိုတွေ့ ချင်နေကြသည်။

ပျားရည်မှာ အားအင်ကုန်ခန်းစွာ ထိုင်နေမိသည်။

"ယမုံနာ လုပ်ရက်တယ်ကွာ၊ ယမုံနာ လုပ်ရက်တယ်ကွာ၊ မင်္ဂလာဧည့်ခံပွဲ ကျင်းပတယ်ဆိုတာ သိရက်နဲ့"

ပျားရည် ထိုင်လိုက်ထလိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေသည်။

"မင်္ဂလာပွဲက ပြီးတော့မယ်ကွာ၊ မင်း တော်တော်ရက်စက်တယ်ကွာ၊ ဘာလို့ အချိန်မီ ရောက်မလာရတာလဲကွာ"

ပျားရည်သည် မျက်ရည်များ ရစ်ဝဲနေသော မျက်လုံးနှင့်အတူ အရူးတစ်ယောက်လို ပြောနေမိသည်။

ပျားရည် သပ်သပ်ရပ်ရပ် ဝတ်ထားသော မင်္ဂလာလုံချည်ကို အထပ်ထပ်အခါခါ ပြင်ဝတ်ရင်း မီးခဲနင်းထားသော ခြေထောက်တွေလို အငြိမ်မနေနိုင်။

၎င်းကိစ္စအတွက် ပျားရည်၏မိခင် ဒေါ်ရတီလွင်နှင့် ပျားရည်၏အစ်ကို ဌန်ဟန်တို့ လူလယ်မှာ မျက်နှာမပြရဲအောင် ဖြစ်နေကြ၏။ ကြွရောက်လာသော ဧည့်သည်များ၏အကြည့်က





အမေးတစ်ဝက်ရောနေ၏။

ဘယ်မှာလဲ…

ဘယ်သွားလဲ…

သတို့သမီး မရောက်သေးဘူးလား…

ယမုံနာ မရောက်သေးဘူးလား…

ဘယ်လိုဖြစ်ကြတာလဲ…

ခြောက်ခြားသော အထင်သေးမှု မျက်လုံးတွေ၏အောက်မှာ တောင်းပန်ပါတယ်ဆိုသော မရဲတရဲ အကြည့်အောက်မှာ မျက်လွှာချလို့နေရသည်။

ပျားရည်မှာ အဂ္ဂတို့၏ နားချပြောဆိုမှုအတွက် လုံချည်ကိုချွတ်ပြီး မင်္ဂလာဘောင်းဘီကို ဝတ်နေသည်။

"ယမုံနာမှ ရောက်မလာသေးတာ၊ ဒီသတို့သားဝတ်စုံဝတ်ထားလည်း အလကားနေမှာပေါ့ကွာ"

"ယမုံနာ မလာဘူးလို့ မင်းကိုပြောလား"

"အဲဒီလိုတော့ မပြောဘူးပေါ့ကွာ၊ ဒါပေမဲ့…"

"ဒါပေမဲ့တွေကို ရုပ်သိမ်းလိုက်စမ်းပါ ဖျားရည်ရာ၊ မင်္ဂလာရှိတာတွေ လုပ်နေတဲ့အချိန်မှာ မင်္ဂလာမရှိတာတွေကို မပြောစမ်းပါနဲ့"

အဂ္ဂတို့ပြောတဲ့အတိုင်း အနောက်တိုင်း သတို့သားဝတ်စုံကို ဝတ်ဆင်လိုက်သည်။

အရုပ်အမောင်း အသားအရေတွေကြောင့် အနောက်တိုင်းဝတ်စုံနှင့်လည်း ကြည့်လို့အလွန်ကောင်းသည်။

အကောင်းဆုံး ဆင်စွယ်ရောင် စတိုင်လ်ဘောင်းဘီ၊ အကောင်းဆုံး ဆင်စွယ်ရောင် ကုတ်အင်္ကျီ၊ ညာဘက်အပေါ်အိတ်မှာ နီရဲနေသော ရေမွှေးနှင်းဆီပွင့်ကြီးတစ်ပွင့်။ နိုင်ငံခြား နာမည်ကျော်မင်းသား၏ ဆံပင်ပုံစံကြောင့် ကြည့်လို့အလွန်ကောင်းလွန်းနေသည်။

"သား…ဘယ်မှာလဲ ယမုံနာ"

"ကျွန်တော်လည်း မျှော်နေတာပဲ"

"ဒီပွဲမှာ မေမေတို့တော့ သိက္ခာကောင်းကောင်းကျသွား





ပြီ၊ တကယ်ဆို မေမေတို့ကို ဒီလိုလုပ်ဖို့ မကောင်းပါဘူး"

"ယမုံနာ အဖေနဲ့အမေကလည်း ဘာပြောလဲ"

"သူတို့ကလည်း သူ့သမီးရဲ့လုပ်ရပ်ကို အတော် မကျေနပ်ဖြစ်နေတာပဲ၊ အဲဒါကို မေးစရာမလိုအောင် မေမေတို့တွေ့နေတာပဲ၊ အဘိုးကြီးဆို ထိုင်ရာကတောင် မထရဲဘူး၊ အဘွားကြီးတော့ ပြောမနေနဲ့၊ ခေါင်းတောင် မထောင်ရဲဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ဒါ မေမေတို့ကို သက်သက်စော်ကားတာပဲ၊ အဲဒီအတွက် ဘယ်တော့မှ သူ့ကို ကျေနပ်မှာမဟုတ်ဘူး"

မိသားစုတွေ ယမုံနာကို အပြစ်တင်စကားများ ပြောနေကြသည်။ ခန်းမအတွင်းမှာ ဧည့်သည်များ သိသိသာသာပျောက်ကုန်၏။

ရပ်ထားသောကားများ တစ်စီးမှမကျန်အောင် ပျောက်ကွယ်ကုန်သည်။

ခန်းမ၏အလယ်မှာ လက်ဖွဲ့ပစ္စည်းတွေနှင့် ဖျားရည်

တစ်ယောက်တည်းရှိနေသည်။

ပျားရည် ဘာဆက်လုပ်ရမှန်းမသိ။

ဒေါသတွေ အလိပ်လိုက် တက်လာသည်။

မျက်ဝန်းအထိ အလုအယက် တက်လာသော ကြေကွဲမှု မျက်ရည်တွေကိုပါ ဒေါသနှင့်ဖိနှိပ်ချနေသည်။

ရက်စက်တတ်သော မိန်းမတစ်ယောက်၏ လုပ်ရပ်က သူ၏ပထမဘဝကို ဖျက်ဆီးလိုက်သည်။

အစားပြန်မရနိုင်သော ဆုံးရှုံးမှုအတွက် သူမကို အနာကြည်းဆုံး မုန်းလိုက်မိသည်။

ဒေါသတွေ အလိပ်လိုက် တက်လာသည်။

ဒီလုပ်ရပ်က တမင်လုပ်တဲ့ လုပ်ရပ်တစ်ခုဖြစ်သည်။

သူ့ကို တကယ်ချစ်သလိုနှင့် လက်တွေ့ရင်ဆိုင်ကြုံတွေ့လာသောအခါ သူမ၏လုပ်ရပ်က သူ့အတွက် ကျေနပ်နိုင်စရာ မရှိ။

မိခင်၏စေတနာ၊ မိခင်၏သိက္ခာအားလုံးကို စော်ကား





လိုက်ခြင်းဖြစ်သည်။

ထို့နောက် သူ့ထံ အစ်ကိုဖြစ်သူက ဆယ်လူလာဖုန်းကို လာပေးသည်။

အစ်ကိုပေးလာသော ဖုန်းကိုလှမ်းယူပြီး နားထောင်လိုက်သည်။ သူသည် ဖုန်းထဲကအသံကို ကြားလိုက်ရသောအချိန်တွင် ဘိန်းချုပ်ထားသော ဒေါသမီးတောင်ကြီး ပေါက်ကွဲထွက်လာသည်။

"ဒီမှာ…ဒေါ်ယမုံနာ၊ ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ဒါ ကျုပ်သိက္ခာရော၊ ကျုပ်မိသားစုသိက္ခာကိုပါ ချလိုက်တာပဲ"

"အဲဒါတွေ မပြောနဲ့တော့ကွာ၊ ယမုံနာ အိမ်ပြန်ရောက်နေပြီ၊ အဲဒါပြောချင်လို့ ပျားရည်ကို ဆက်လိုက်တာပဲ"

"ကောင်းပြီ…ကျုပ် အခုပဲလာခဲ့မယ်"

ပျားရည်သည် ကိုင်ထားသော ဖုန်းကို ပိတ်ပစ်လိုက်၏။

ငှင်းနောက် မင်္ဂလာခန်းမအလယ်က ထွက်ပြေးခဲ့သည်။ ကျန်ရှိနေသေးသော ဧည့်သည်များက နားလည်သော မျက်လုံးများနှင့် ကြည့်လိုက်ကြ၏။

♦ ♦ ♦



## အခန်း (၃)

ပျားရည် ကားကို အရှိန်နှင့်မောင်းနေသည်။

ယမုံနာ၏လုပ်ရပ်ကို ဒေါသဖြစ်နေသည်။ သူမ ဘာသဘောနှင့် ဒီလိုလုပ်ရတာလဲ။ သူမ မကြိုက်တာ သူ ဘာတစ်ခုမှမလုပ်ခဲ့။ သူမ၏တောင်းဆိုချက်အတိုင်း မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် လုပ်ပေးသည်။

မင်္ဂလာဧည့်ခံပွဲကို သတို့သမီးအဖြစ် ဘာလို့မတက်ရောက်တာလဲ။ အဲဒီလို မတက်ရောက်နိုင်ဘူး၊ တက်ရမှာကြောက်ရင် ဘာလို့ ဧည့်ခံပွဲကိုကျင်းပဖို့ တောင်းဆိုတာလဲ။ ငှင်းကိစ္စနှင့်

ပတ်သက်၍ အရာအားလုံးကို သူ အရမ်းသိချင်သည်။

ကားကို အရှိန်မြှင့်မောင်းနေသည်။

ယမုံနာ တိုက်ရှေ့ကို အရှိန်နှင့်မောင်းဝင်သွားသည်။

ပျားရည် လာမည်ဆိုတာကို သိနေတာကြောင့် ခြံတံခါးကို အသင့်ဖွင့်ထားသလို တစ်အိမ်လုံးမှာ လူမရှိသလို တိတ်ဆိတ်နေသော်လည်း မီးရောင်ကတော့ ထိန်လင်းနေ၏။

သူ ကားပေါ်ကဆင်းပြီး တိုက်ပေါ်ကို ပြေးတက်ခဲ့၏။

"ယမုံနာ...ယမုံနာ၊ ခင်ဗျား အောက်ကိုဆင်းခဲ့စမ်းပါ၊ ကျုပ် ခင်ဗျားနဲ့ စာရင်းရှင်းစရာရှိလို့"

ပျားရည်၏အသံက အခန်းတစ်ခုလုံးကို ဆူညံစွာထွက်ပေါ်လာနေသည်။

"ဒေါ်ယမုံနာ...ကျုပ် ခေါ်နေတယ်လေဗျာ၊ အောက်ကို ဆင်းခဲ့စမ်းပါ"

ပြောလက်စ စကားမဆုံးခင်မှာ ယမုံနာ နားနေသော အခန်းတံခါးလေး အသာပွင့်လာ၏။





တံခါးသံနှင့်အတူ ယမုံနာ ကပ်ပါလာ၏။

"ပျားရည် ရောက်လာပြီလား၊ အတော်ပဲ...ယမုံနာလည်း ပျားရည်ကိုတွေ့ချင်လို့ ဖုန်းဆက်လိုက်တာ"

ပြောပြီး ယမုံနာ အောက်ထပ်ကိုဆင်းလာသည်။

"ဘာ...ခင်ဗျား ရူးနေလား၊ ဒီနေ့ ကျုပ်နဲ့ခင်ဗျားတို့ နှစ်ယောက်ရဲ့ မင်္ဂလာပွဲဆိုတာ ခင်ဗျားသိတယ်မဟုတ်လား"

"ယမုံနာ သိတာပေါ့ ပျားရည်ရယ်၊ ဒီမင်္ဂလာပွဲလုပ်ဖို့ ယမုံနာကိုယ်တိုင် တောင်းဆိုခဲ့တာပဲ"

"သိရက်နဲ့ ခင်ဗျား ဘာလို့ ဒီလိုလုပ်လိုက်တာလဲ၊ ကျုပ်သိက္ခာကို ချလိုက်တာလား၊ ကျုပ် ခင်ဗျားကို နာကြည်းအောင် ဘာလုပ်လိုက်လို့လဲ"

"လာပါ ပျားရည်ရယ်၊ အေးအေးဆေးဆေး ဧည့်ခန်းမှာ ပြောကြတာပေါ့"

ယမုံနာသည် ဧည့်ခန်းကို ရှေ့ဆုံးက ရောက်အောင်ခေါ်သွားသည်။ ပျားရည် အနောက်က လိုက်လာသည်။

ယမုံနာမှာ နှစ်ယောက်ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး ပျားရည်ကိုပါ သူ့ဘေးနားကို ဝင်ထိုင်စေသည်။

ပျားရည်က မထိုင်။ ယမုံနာရှေ့မှာ ရပ်နေ၏။

ယမုံနာသည် သူမ၏လုပ်ရပ်အတွက် ကျေနပ်နေသည်။

တည်ငြိမ်သော မျက်လုံးနှင့်သာ ကြည့်နေပေမယ့် ရင်ထဲမှာ ကျေနပ်နေသည်။ (ဟားတိုက်ရယ်နေသည်)

သူမလုပ်ရပ်က နည်းနေပါသေးတယ်ဟု စိတ်ထဲမှာ ထင်နေသလို နောက်ထပ်လုပ်ရပ်က ရှိနေသေးသည်။

သို့သော် သူမ ပျားရည်ကို အပြတ်ပြောလို့မဖြစ်သေး။ ပျားရည်ကို အေးအေးဆေးဆေး ရှင်းပြရန်သာ ဖြစ်သည်။

"ကျုပ်သိချင်တာမေးမယ်၊ ခင်ဗျား ဒီနေ့ ဘာဖြစ်လို့ မင်္ဂလာပွဲကိုမလာဘဲ ကျုပ်ကိုထားခဲ့ရတာလဲ"

"ပျားရည်ကို ချစ်လို့၊ ယမုံနာ ပျားရည်ကိုချစ်လို့၊ အဲဒါကြောင့် မလာတာ"

"ဘာ...ခင်ဗျား ကျုပ်ကိုချစ်လို့ ကျုပ်နဲ့ခင်ဗျားတို့





နှစ်ယောက်ရဲ့ မင်္ဂလာပွဲကိုမလာတာ ဟုတ်လား၊ ကျုပ်နဲ့ခင်ဗျား လက်ထပ်ပြီးတဲ့ လင်မယားပါလို့ ဘယ်သူ့ကိုပြောမလဲ၊ ဘယ်သူက ယုံကြည်စွာလက်ခံမလဲ၊ ခင်ဗျား သိပ်ရက်စက်တဲ့မိန်းမ၊ ခင်ဗျားလိုမိန်းမမျိုးနဲ့တွေ့ရတာ ကျုပ်ဘဝအတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးတစ်ခုပဲ"

"ဘာလို့ အဲဒီလောက် ဒေါသကြီးနေရတာလဲ ပျားရည်ရယ်၊ ကျွန်မနဲ့ရှင့်ကြားမှာ ဘာမှမဆုံးရှုံးဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ ကြီးကြီးကျယ်ကျယ် ညှိခံပွဲကျင်းပမှ လင်မယားဖြစ်တာ မဟုတ်ပါဘူး၊ တချို့ ဘယ်ရုံးတော်ကိုမှမရောက်ဘဲ လက်ထပ်ခဲ့တဲ့လူတွေ အများကြီးပဲ"

"ခင်ဗျားရဲ့ အဓိကရည်ရွယ်ချက်က ဘာလဲ၊ ခင်ဗျား ဉာဏ်အရမ်းများလွန်းတယ်၊ ခင်ဗျားစကားတွေကို ကျုပ် ဘယ်လို အတည်ယူရမှာလဲ၊ ကျုပ် စကားပြောရတာ အတော်ကိုကြောက်လာပြီ၊ ကျုပ် ခင်ဗျားကို မချစ်ရဲတော့ဘူး၊ ချစ်ခဲ့မိတာတွေ ပြန်ရုပ်သိမ်းတယ်"

"ဘယ်လိုပြောလိုက်တာလဲ ပျားရည်၊ ကျွန်မရဲ့အမှားကို ရှင် ခွင့်မလွှတ်နိုင်ဘူးဆိုရင် ရှင် ဘာလုပ်မလဲ၊ ကြိုက်တာလုပ်ပါ၊ ကျွန်မ ခံဖို့အသင့်ပါပဲ"

"ငါ မင်းကိုလုပ်ချင်တာ ပြောရရင် ငါ မင်းကိုသတ်ချင်တယ် အဲဒါပဲ၊ စကားကို အမျိုးမျိုးပြောရုံတင်မကဘူး၊ ငါ့မိသားစုကိုပါ သိက္ခာချ အရှက်ခွဲတယ်၊ မင်းရဲ့လုပ်ရပ်က ငါ့ဘဝဘယ်လိုမှ အသုံးချမရအောင် တစ်စစီ ဖွဲ့ချွေပျက်စီးကုန်ပြီ၊ အဲဒါမင်းသိလား၊ မင်း ဘာသဘောနဲ့ အခုလိုလုပ်လိုက်တာလဲဆိုတာငါ့ကို နိုင်လုံတဲ့အကြောင်းပြချက် ပြပါ ယမုံနာ"

"ကျွန်မပြောရင် ရှင့်ဘဝကို ရှင် သတ်သေပစ်ချင်သလိုဒီလိုလုပ်လိုက်တဲ့ ကျွန်မကိုပါ ရှင် ရက်ရက်စက်စက် သတ်ပစ်ချင်လောက်အောင် မုန်းမိမှာ သေချာတယ်"

"ဘယ်လို"

နားမလည်နိုင်သော မျက်လုံးများနှင့် ကြည့်လိုက်၏။ သူ့ရဲ့အကြည့်အောက်မှာ ယမုံနာ၏မျက်နှာသည် ကြေကွဲ





နေသည်။ ၎င်းကြေကွဲမှုတွေကို အပြုံးနှင့်ဖြေသိမ့်နေသော်လည်း ပျောက်ကွယ်ခြင်းမရှိ။

သူ၏မျက်လုံးမှာတော့ ယမုံနာအပေါ်မှာ ဘယ်လိုမှ နားမလည်နိုင်မှုတွေ လွှမ်းမိုးနေသည်။

သူမသည် အလိပ်လိုက်တက်လာသော ကြေကွဲမှုအထုပ်အပိုးကို ပိုင်နိုင်စွာ ဖြေထုတ်နေ၏။ ပထမဆုံးပြောရမည့်စကားကို စတင်ရွေးချယ်နေသည်။

"ပျားရည်ကို ပထမဆုံးတစ်ခု ကြိုတင်တောင်းပန်ထားမယ်၊ အခု ယမုံနာ…ကျွန်မပေါ့၊ ကျွန်မရဲ့လုပ်ရပ်က ပျားရည်ကို မုန်းလို့မဟုတ်ပါဘူးဆိုတာ ပြတ်ပြတ်သားသား ဝန်ခံပါရစေ"

"ဒီမှာ…ပြောမှာသာပြောပါ၊ ကျုပ်က တောင်းပန်လို့ရတဲ့ ယောက်ျားထဲမှာ မပါဘူးဗျ၊ အဲဒါ ခင်ဗျားသိလား"

"အဲဒါက ပျားရည်အပိုင်းလေ၊ ကျွန်မနဲ့မဆိုင်ဘူး၊ ကျွန်မက တာဝန်အရ တောင်းပန်ရတာပဲ၊ ကျွန်မဟာ ဦးတင်အောင်မြင့်၊ ဒေါ်မေခတို့ရဲ့ သမီးအရင်းမဟုတ်ဘူး၊ သူတို့က ကျွန်မရဲ့

အငှား အမေနဲ့အမေ''

''ဘာ…မင်း တော်တော်ပက်စက်တဲ့မိန်းမပဲ၊ အဲဒီလုပ်ရပ်ကို ငါ အမုန်းဆုံး၊ အဆုံးစွန် သတ်ပစ်ချင်လောက်အောင် စိတ်နာတယ်''

စိတ်နာတယ်။

သူမ ရဲရဲတင်းတင်း ပြုံးလိုက်၏။ သူမ၏အပြုံးသည် ပျားရည်အတွက် နာကျင်စေသည်။

ပျားရည် ယမုံနာကို မီးဟုန်းဟုန်းတောက်လောင်သော မျက်လုံးနှင့် ကြည့်နေ၏။ ယမုံနာကတော့ နာကျင်မှု၊ ကြေကွဲမှုတွေ ရောယှက်နေသော အပြုံးမျိုးနှင့် ကြည့်နေသည်။

ယမုံနာ ပြောလိုက်သော ဦးတင်အောင်မြင့်နှင့် ဒေါ်မေဓေဆိုတာ ယမုံနာ၏ အငှားမိဘများဖြစ်သည်။ ပျားရည်တို့မိသားစုကို သိက္ခာချ အရှက်ခွဲချင်သော ဆန္ဒကြောင့် လုပ်လိုက်ခြင်းဖြစ်သည်။

''စိတ်နာရုံပဲလား ပျားရည်ရယ်၊ ဒီထက် ပြင်းထန်တဲ့





စကားလုံး မသုံးတော့ဘူးလားကွယ်၊ ကျွန်မ ပြောသားပြီးပြီလေ၊ ကျွန်မရဲ့လုပ်ရပ်ကြောင့် ပျားရည်အတွက် ဂုဏ်သိက္ခာထိခိုက်တယ်ဆိုရင်တော့ ကြိုက်သလိုလုပ်ပါ၊ ကျွန်မ ကျေနပ်စွာခံပါ့မယ်၊ အဲဒီအထဲမှာ ပျားရည်ရဲ့မိဘတွေ ဂုဏ်သိက္ခာကျတာ ကျွန်မ မသိဘူး၊ ကျွန်မ သူတို့ကို ဂုဏ်သိက္ခာကျအောင် တမင်လုပ်လိုက်တာ''

''ဘာ…မင်း တော်တော်ရက်စက်တဲ့မိန်းမ၊ ရှော့''

''ဖြန်း''

''အား''

ထိန်းချုပ်မရသော ဒေါသမီးတောင်ကြီး ပေါက်ကွဲထွက်လာသည်။ ၄င်းအတွက်ကြောင့် ပျားရည် ယမုံနာ၏ပါးကို ရိုက်လိုက်သည်။

ကျိန်းစပ်သော ပါးတစ်ဖက်ကို ပွတ်သပ်ရင်း အံ့ဩ သောမျက်လုံးနှင့်ကြည့်ရင်း ကြေကွဲမှုမျက်ရည်များ အလိပ်လိုက် ဖိတ်စင်ထွက်ကျလာသည်။

ငှင်းမျက်ရည်သည် သူမ၏လုပ်ရပ်ကြောင့် ဖြစ်ရသည်ဟု သူမ ထင်နေမိသည်။

သူသည် သူမ၏မျက်နှာကိုကြည့်ပြီး သနားသော စိတ်အပိုင်းအစလေးတွေ တက်လာသည်။

"နောက်တစ်ချက်လောက် ရိုက်လိုက်ပါဦးလား ပျားရည်အဲဒါမှ မကျေနပ်သေးဘူးဆိုရင် ပျားရည်ရဲ့အနောက်မှာ ဓားရှိတယ်၊ အဲဒီဓားနဲ့ ကျွန်မကို အသေသတ်လို့ရတယ်၊ ဒါပေမဲ့ ပျားရည်ကို ကျွန်မ တစ်ခုပြောမယ်၊ မြို့သာမြို့က ဦးဝင်းအောင်မြင့်၊ ဒေါ်စံပယ်ဦးတို့ မိသားစုထဲက ဂဂ်ါကို သိသလားလို့မေးလိုက်ပါ"

ဦးဝင်းအောင်မြင့်၊ ဒေါ်စံပယ်ဦး၊ ဂဂ်ါ။

ဘယ်လိုတွေပတ်သက်နေသလဲ။ ပျားရည် တွေဝေသွားသည်။

အတွတ်အထိပ်ရောက်နေသော ဒေါသတွေ ထက်ဝက်မက ပျော်ကျပျက်စီးသွားသည်။ ယမုံနာ ပြောသော ဓားရှိရာကို





ရောက်သွားသော မျက်လုံးတစ်စုံ လမ်းတစ်ဝက်တွင် ပြန်လည်ရုပ်သိမ်းလိုက်မိသည်။

"ကျွန်မရဲ့လုပ်ရပ်ကြောင့် ပျားရည်အတွက် ဂုဏ်သိက္ခာထိခိုက်ကျဆင်းသွားတယ်ဆိုရင်တော့ ကြိုက်သလိုလုပ်ပါ၊ ကျွန်မကျေနပ်စွာခံပါ့မယ်၊ အဲဒီအထဲမှာ ပျားရည်ရဲ့မိဘတွေ ဂုဏ်သိက္ခာကျတာ ကျွန်မ မသိဘူး၊ ကျွန်မ သူတို့ကို ဂုဏ်သိက္ခာကျအောင်ဘမင်လုပ်လိုက်တာ"

သူမ၏စကားတွေက နားထဲမှာ ပဲ့တင်ထပ်နေ၏။

ဗလောင်ဆူနေသော သူ၏စိတ်တွေ ထိန်းချုပ်လို့မရအောင်ပွဲ့လွင့်နေသည်။

ထိခိုက်နေသော သိက္ခာကို ရှေ့တန်းတင်ပြီးလုပ်လိုက်တဲ့သူ၏လုပ်ရပ်ကို ဘာကြောင့် အသိတရားက ထိန်းချုပ်ခေါ်ယူနေရသလဲ။

မျှော်လင့်ထားသော မျှော်လင့်ချက်တွေ ပျက်စီးကုန်တာကြောင့် သူ လူသတ်ချင်လောက်အောင် စိတ်ကို ထိန်းချုပ်ရခက်

နေသည်။

"ဟာ"

"ဒုန်း"

သူသည် အနီးရှိနံရံကို လက်သီးနှင့်ထိုးလိုက်သည်။

တိတ်ဆိတ်နေသော ညကို သူ၏ဒေါသလက်သီးက လွှမ်းမိုးနေသည်။

ယမုံနာ သံယောဇဉ်မျက်လုံးနှင့် ပျားရည်ကိုကြည့်လိုက်သည်။

"ပျားရည်ရယ်...ဒေါသနဲ့ နံရံကို လက်သီးနဲ့ထိုးလိုက်တာ မင်းလက်နုနုလေးတွေ နာသွားမှာပေါ့၊ အဲဒီလို ဘာလို့ ကိုယ့်ကိုယ်ကို နှိပ်စက်နေရတာလဲကွယ်၊ မလုပ်ပါနဲ့ကွယ်၊ ပျားရည် တစ်ခုခုဖြစ်သွားရင် ကျွန်မ သေနိုင်တယ်၊ ပျားရည်...ကျွန်မ ပါးလေးကို ကြည့်လိုက်စမ်း၊ နီရဲမနေဘူးလား၊ ကျွန်မ နာသွားတယ်၊ အရမ်းကို နာပါတယ်၊ ဒီပါးကို ပထမဆုံးရိုက်သူက ပျားရည်၊ ဒါပေမဲ့ ကျွန်မ မနာဘူး၊ ပျားရည်ကျေနပ်မယ်ဆိုရင်





ကျွန်မကို ဘာလုပ်ချင်လဲ၊ လုပ်လို့ရပါတယ်၊ ဒါပေမဲ့ ကျွန်မ ပျားရည်ကို အပြစ်တင်မမုန်းပါဘူးကွယ်"

ပျားရည်ရယ်...

ကမ္ဘာလောကမှာ

ကျွန်မ အချစ်ဆုံး ယောကျ်ားတစ်ယောက်ရှိခဲ့တယ်

အမုန်းဆုံး ယောကျ်ားတစ်ယောက်လည်းရှိခဲ့တယ်

အဲဒီအတွက် ကျွန်မ နောင်တ ဘယ်တော့မှမရဘူး။ ကျွန်မ အသက်လောက်ချစ်တယ်ပြောခဲ့ပေမယ့် အမုန်းဆုံးထက် ဆယ်ဆ မုန်းဖို့ပဲ ကြိုးစားနေတယ်။ အဲဒီလို ကျွန်မပြောတော့ ရှင် ကျွန်မကို သတ်ပစ်ချင်လောက်အောင် မုန်းမိမယ်ဆိုတာ ကျွန်မ ကြိုတင်သိနေပါတယ်။

"ဟာ"

ပျားရည် နံရံကိုခွာပြီး ပြန်ရန်ဆုံးဖြတ်လိုက်သည်။

ငှင်းအတွက်ကြောင့် စည့်ခန်းကို ကျောပေးပြီး သူ့ကား ရှိရာကို အပြေးတစ်ဝက်နှင့် လှမ်းခဲ့သည်။

ယမုံနာ ပျားရည်ကို အသက်မဲ့ အရုပ်တစ်ရုပ်လို ကြည့်နေ၏။ ပျားရည် ကားပေါ်ကိုတက်လိုက်၏။

"ဂျိမ်း"

ကားတံခါးပိတ်လိုက်သော အသံကို ကြားလိုက်ရ၏။

"မောင်"

ဆိုသော အသံသဲ့သဲ့ကို ကြားလိုက်ရပေမယ့် ဆုံးဖြတ်ချက်ကို ချထားပြီးသော ပျားရည်က ကားကို အရှိန်နှင့်မောင်းထွက်သွားသည်။

ယမုံနာ စိုးရိမ်စိတ်တွေနှင့် ကြည့်နေသည်။

"ကျွန်မကို ခွင့်လွှတ်ပါ မောင်ရယ်"

သူမ ကြေကွဲသောအကြည့်နှင့် ပြောလိုက်သည်။ သူမ သူ၏လုပ်ရပ်ကြောင့် မျက်ရည်များကျနေ၏။

"ငါ ဘာလို့မျက်ရည်ကျရမှာလဲ၊ ငါ သူ့ကို တကယ်ချစ်လို့ လက်ထပ်ယူတာမှမဟုတ်ဘဲ၊ ငါတို့မိသားစု ဒုက္ခရောက်ခဲ့သလို သူတို့မိသားစု ဒုက္ခရောက်အောင်လုပ်တဲ့ကိစ္စပဲ၊ အရှင်း





ဆုံးပြောရရင် သူတို့ပိုင်ဆိုင်ထားတာတွေ ငါ အကုန်ပိုင်ဆိုင်အောင် လုပ်တဲ့လုပ်ရပ်ပဲ၊ အခုလောက်နဲ့ ငါ မျက်ရည်ကျကြေကွဲနေရင် ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းတွေ ဘယ်လိုလုပ်အောင်မြင်မှာလဲ၊ ဟုတ်တယ်...ငါ မကြေကွဲဘူး၊ မခံစားဘူး၊ ငါ့ရဲ့အစ်မ ဂင်္ဂါသေသလို သူတို့မိသားစု သေစေရမယ်"

သူမသည် ကြေကွဲမှုတွေကို ဒေါသနှင့်ချေပနေသည်။ အနိုင်ယူနေသည်။

သူတို့မိသားစု၏ လုပ်ရပ်ကြောင့် သူ ပြန်လည်လုပ်ရသည်။ သူမ၏လုပ်ရပ်ကြောင့် သူတို့မိသားစုမှာ စိတ်ဝမ်းကွဲစရာအကြောင်းတွေ ပေါ်လာသည်။

♦ ♦ ♦

# အခန်း (၄)

သူမထံက ပြန်သွားသော ပျားရည်၏မိသားစုအတွက် ဘယ်လိုမှမျှော်လင့်မထားသော အံ့ဩမှုတစ်ခုနှင့် ကြုံတွေ့ရသည်။

ယမုံနာအပေါ် အပြစ်တင်နေသော သူတို့မိသားစု၏ အကြည်းချက်တွေ ပျားရည် အပြောစကားကြောင့် ဘယ်လို းလည်ယုံကြည်ရမှန်း မသိအောင်ဖြစ်နေသည်။

ပျားရည်၏စကားကို ဘယ်လိုအထောက်အထားတွေနှင့် က်ခံရမှန်းမသိအောင် ခက်နေသည်။

သား၏မင်္ဂလာပွဲကို မကျေမနပ် ကျင်းပပေးလိုက်ရတာ

ကြောင့် ယမုံနာအပေါ် ဒေါသဖြစ်နေသော ဒေါ်ရတီလွင်မှာ ပျားရည်၏စကားကြောင့် ဘယ်လိုမှတ်ချက်တွေ ပေးရမှန်းမသိ အောင် ခက်နေသည်။

"ကျွန်တော် ဘယ်တုန်းက အမေတို့ကို မဟုတ်တာ ပြောဖူးလို့လဲ၊ ယမုံနာရဲ့စကားထဲမှာ အပြတ်သားဆုံးစကားက ဦးဝင်းအောင်မြင့်၊ ဒေါ်စံပယ်ဦးတို့မိသားစု ဂင်္ဂါကို သိလားတဲ့"

"ဘယ်လို…ဦးဝင်းအောင်မြင့်နဲ့ ဒေါ်စံပယ်ဦးလဲ သား"

"မြိုင်သာမြို့ကတဲ့"

"ဟင်"

အားလုံး အံ့ဩကုန်ကြသည်။ ၄င်းထဲမှာ ပွန်ဟန်၏ အံ့ဩမှုက အားလုံးထက်ပိုသည်။

ရင်ခုန်သံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။

မြိုင်သာမြို့က ဂင်္ဂါ..။

မှတ်မိသည်။

သေချာစွာ မှတ်မိသည်။

ဝိုး၊ဝိုး၊၀၁၉ပ



လွန်ခဲ့သော လေးငါးရှစ်နှစ်လောက်က သူ အသက် လောက်ချစ်ခဲ့ရသော ဂင်္ဂါဆိုသော မိန်းမတစ်ယောက် ရှိသည်။ ဂင်္ဂါနှင့်ပတ်သက်လာလျှင် ဘယ်သို့သော အရာဝတ္ထုများနှင့် တိုင်းတွာပြောဆို မခံနိုင်။ ဂင်္ဂါကို အချစ်ဆုံး။

ဂင်္ဂါကလည်း ပွန်ဟန်လိုပဲ အသက်လောက်ချစ်သည်။ သူ၏အချစ်ထက် ဂင်္ဂါ၏အချစ်က ပိုသည်။

"ကိုကို…ဂင်္ဂါတို့တွေ လက်ထပ်ကြရအောင်ကွာ"

"ကိုကိုလည်း ဂင်္ဂါလိုပါပဲ၊ အတူတူနေချင်ပြီကွာ၊ အတူတူနေဖို့ ကိုကို အမေ့ကို ပြောလိုက်မယ်နော်"

သူမ ပျော်ရွှင်သွားသည်။ သူမ ပွန်ဟန်ကို သိပ်ချစ် သည်။ ပွန်ဟန်အတွက်ဆို ဘာမဆို သူမ ငြင်းပယ်ခြင်းသိပ်မရှိ တတ်။

အဲဒီတုန်းက သူတို့က မြိုင်သာမြို့မှာ နာမည်ကြီးပွဲရုံ ပိုင်ရှင်ကြီး ဒေါ်ရတီလွင်ပွဲရုံဆို ဘယ်သူမှ မသိသူမရှိသလို ဒေါ်ရတီလွင်ဆို မြို့ခံနေထိုင်သူအားလုံးက လေးစားရသည်။

ဝိုး၊ဝိုး၊၀၁၉ပ

အဲဒီအထဲမှာ ဦးဝင်းအောင်မြင့်၊ ဒေါ်စံပယ်ဦးတို့ မိသားစု လည်းပါသည်။

ဦးဝင်းအောင်မြင့်တို့ မိသားစုက ဒေါ်ရတီလွင်လောက် မချမ်းသာ။ မြို့၏တစ်နေရာမှာ စတိုင်းဆိုင်ပေါက်စလေး ဖွင့်ထား သည်။

၄င်းအချိန်မှာ ဦးဝင်းအောင်မြင့်၏ သမီး ဂင်္ဂါဆိုသော သမီးရှိသည်။ ဂင်္ဂါက မြို့မှာ အချောဆုံး အလှဆုံး။ ကာလသား တွေ အကြိုက်ဆုံးဖြစ်လာသည်။

ဂင်္ဂါကို လက်ထပ်ရန် ချစ်ရေးဆို ခွင့်ပန်သည်။ ၄င်းအထဲ တွင် ရွှန်းဟန်လည်း ပါသည်။

ရွှန်းဟန်က မိဘချမ်းသာမှုအောက်တွင် နေရသော်လည်း မိန်းမတွေကျလောက်တဲ့ ရုပ်ရည်ပိုင်ရှင်။

သူမနှင့်ဂင်္ဂါတို့ ဘယ်လိုပတ်သက်နေသလဲဆိုသော အဖြေ က တစ်ခုတည်းထွက်လာ၏။

"ဒါဆို ယမုံနာနဲ့ ဂင်္ဂါတို့ တစ်ခုခုပတ်သက်နေတယ်





ထင်တယ်"

"ကျွန်တော်လည်း အဲဒီလိုတွေးမိတယ်၊ ဒါနဲ့ ဂင်္ဂါက သေဆုံးသွားပြီတဲ့"

"ဟုတ်တယ်၊ မေမေတို့ ရန်ကုန်ကိုပြောင်းလာပြီး မကြာ ခင်မှာ ဆုံးသွားတာပဲ၊ အို…ဘာပဲဖြစ်ဖြစ် အတိတ်က အတိတ် မှာပဲ ထားခဲ့တာ အကောင်းဆုံး၊ ပြီးခဲ့တာတွေကို မေမေ ဘာမှ မစဉ်းစားချင်ဘူး"

"မေမေတို့ အတိတ်မှာထားခဲ့တဲ့ဖြစ်ရပ်က အခု ပစ္စုပ္ပန် အထိ လိုက်လာပြီ၊ နောက် အနာဂတ်ထိ မလိုက်နိုင်ဘူးလို့ ပြော ရဲလား၊ ဘာပဲဖြစ်ဖြစ် အခုလောလောဆယ် ဝိဇ္ဇာသရေရှိလူကြီးတွေ ရဲ့အလယ်မှာတော့ သိက္ခာကျရပြီ၊ အဲဒီအတွက် ကျွန်တော့်မျက်နှာ ဘယ်မှာထားရမလဲ၊ မေမေတို့ရဲ့လုပ်ရပ်ကို ကျွန်တော် နားမလည် တော့ဘူး၊ ဒီမျက်နှာကြီးကို ဓားနဲ့တောင် လှီးလိုက်ချင်တယ်"

သား…မင်း ဘာဖြစ်လို့ စိတ်ဓာတ်ကျနေတာလဲ"

မိခင်က ပျားရည်ကို ပြတ်သားသော မေးခွန်းတစ်ခုမေး

လိုက်၏။

မိခင်၏မေးခွန်းက သူ့အတွက် အဆန်းကြယ်ဆုံးမေးခွန်း မဟုတ်။ အလွန်ညံ့လွန်းသော မေးခွန်းကြီးတစ်ခုဖြစ်သည်။

ဘယ်လိုပင်ဖြစ်စေ။ သူကတော့ ဒီကိစ္စမှာ ကြားထဲက ခံလိုက်ရသည်။

ဒေါ်ရတီလွင်၊ ဌှန်ဟန်တို့ပြောနေသော ဂဂ်ါနဲ့ ယမုံနာ ပြောတဲ့ ဂဂ်ါက ဘယ်လိုပတ်သက်နေသလဲ။

ဂဂ်ါနှင့် ယမုံနာက တစ်ယောက်တည်းလား။

ပျားရည် တွေးရခက်နေသည်။

၎င်းအတွက် အဖြေမဖော်နိုင်။ မိခင်နှင့် အစ်ကိုတို့ နှစ်ယောက်က စဝေဇဝါဖြစ်နေရင် ပျားရည်အတွက် ဘယ်ဟာကို သက်သေပြုပြီး အစရှာရမလဲ။ ယမုံနာ၏လုပ်ရပ်နှင့် မိခင်ပြော စကား ဘယ်သူက အမှန်ဆိုတာ ပျားရည် သိချင်စိတ်တွေပေါ်လာ ၏။

ပျားရည် ထိုင်ခုံအလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။





"ကျွန်တော် စိတ်ဓာတ်ကျနေတာ မဟုတ်ဘူး မေမေ နားမလည်နိုင်တဲ့ ကိစ္စတစ်ခုကို သိချင်နေတာ၊ ဒီကိစ္စမှာ ယမုံနာ ပဲ မှားသလား၊ မေမေတို့ပဲ မှားသလားဆိုတာ သိချင်တာ၊ နောက်ပြီး ယမုံနာနဲ့ ဂဂ်ါ ဘယ်လိုပတ်သက်နေသလဲ၊ အဲဒီအချက်ကို ကျွန်တော် အသိချင်ဆုံးပဲ"

"ညီလေးပြောတာ ကိုကို လက်ခံတယ်၊ ဒါပေမဲ့ ယမုံနာ နဲ့ ဂဂ်ါ ဘယ်လိုပတ်သက်နေတယ်ဆိုတာတော့ မသိဘူး"

"အဲဒါကို ကျွန်တော် ဆက်မမေးတော့ဘူး၊ တစ်ခုပဲ ကိုကိုနဲ့ဂဂ်ါ ပတ်သက်ခဲ့ဖူးသလား"

၎င်းမေးခွန်းအတွက် ဌှန်ဟန် တော်တော်ကိုကြေကွဲသွား သည်။

ဂဂ်ါနဲ့ ပတ်သက်ခဲ့ဖူးသလား။

အသက်လောက် ချစ်ခဲ့ရတဲ့သူ ဖြစ်ခဲ့ဖူးသည်။

ဌှန်ဟန်နှင့် မိခင်တို့ ပျားရည်ကိုကြည့်လိုက်ကြသည်။ ၎င်းအကြည့်သည် အမှားတစ်ခုကို ကျူးလွန်ထားသူ၏ ဝန်ခံသော

အကြည့်ဖြစ်သည်။

ဂွမ်ဟန် စီးကရက်ကို ဘူးထဲကထုတ်ယူပြီး မီးညှိသောင်
လိုက်သည်။

ငုံထားသော မီးခိုးများကို မှုတ်ထုတ်လိုက်သည်။

ပျားရည်ကို ကြည့်လိုက်၏။

"ကိုကိုနဲ့ဂင်္ဂါ ပတ်သက်ခဲ့ဖူးတာထက် ကျူးလွန်ခဲ့ တာဆိုရင် ပိုပြီးမှန်တယ် ညီလေး၊ ကိုကိုနဲ့ ဂင်္ဂါဟာ တစ်ယောက် ကိုတစ်ယောက် ယုံယုံကြည်ကြည်နဲ့ ချစ်ခဲ့တယ်၊ ချစ်သူဆိုတာ ထက် ဇနီးမောင်နှံဘဝကို ပိုပြီးမျှော်လင့်ခဲ့တယ်၊ မျှော်လင့်ထားတဲ့ အတိုင်း ဖြစ်အောင် ကြိုးစားခဲ့ကြတယ်"

"အဲဒီတုန်းက ကိုကိုဟာ မြိုင်သာမြို့မှာ ပွဲရုံဖွင့်နေတဲ့ အချိန်ပေါ့၊ ကိုကိုတို့ဆိုတာ ကိုကို မဟုတ်ဘူးနော်၊ မေမေတို့ပေါ့ ကိုကိုတို့မိသားစုက ရန်ကုန်မှာနေပြီး မြိုင်သာမြို့မှာပွဲရုံဖွင့်ကြတယ် အဲဒီမှာ ဂင်္ဂါနဲ့ကိုကိုတို့ တွေ့ကြတယ်ပေါ့ကွာ"

သူသည် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး ဆေးလိပ်

ဝိုးဝိုး၀၇၆ပ



မီးခိုးများကို ပိုင်နိုင်စွာ မှုတ်ထုတ်လိုက်၏။

ရစ်ဝိုင်းနေသော မျက်လုံးအိမ်အတွင်းမှ မျက်ရည်စတွေ ဆို့နေသည်။

ရင်ထဲက ခံစားမှုတွေ ပွင့်ထွက်လာသည်။

ရှေ့ကိုပြေးနေသော စိတ်တွေ အနောက်ကို ပြန်လည် ရောက်ရှိသွားပေသည်။

◆ ◆ ◆

ဝိုးဝိုး၀၇၆ပ

## အခန်း (၉)

"ဘာပြောတယ်"

"ခလွမ်"

"ဒုန်း…ဒုန်း"

အုံ့ညြသော လေသံနှင့်အတူ ဒေါ်ရတီလွင်လက်ထဲမှာ ကိုင်ထားသော အချိုရည်ဖန်ခွက် လွင့်ကျသွားသည်။

မယုံကြည်နိုင်သော မျက်လုံးတွေနှင့်အတူ ရွှန်ဟန်ကို ကြည့်လိုက်သည်။

သူတို့အကြည့်တွေ၏ နောက်ကွယ်မှာ နားမလည်နိုင်သော

သံယောဇဉ်တွေ ကပ်ပါလာသည်။ အချိန်က လူသူကင်းသော အချိန်မို့ တိတ်ဆိတ်မှုသည် ဝန်းကျင်ကို ဆူညံသွားစေသည်။

ဒေါ်ရတီလွင်သည် "မိုက်လိုက်တာသားရယ်" ဟု နှမြောသော မျက်လုံးတွေ ထပ်မံတိုးချဲ့လာပြန်သည်။

"အဲဒီအဆင့်ထိ ရောက်နေပြီ ဟုတ်လား သား၊ မင်းဟာက မလွန်လွန်းဘူးလား၊ မင်းအသက်ကိုရော ပြန်စစ်ကြည့်စမ်း။ ဘယ်လောက်ရောက်သွားပြီလဲလို့"

ဟုတ်ပေသည်။

မိခင်ပြောသလို သူ၏အသက်သည် နှစ်ဆယ်ပြည့်ရန် လေးရှိသေးသည်။

ဂဂ်ါက နှစ်ဆယ်ပြည့်ရန် တစ်နှစ်လိုသေးသည်။

ဆယ့်ကိုးနှစ်သာသာလေးရယ်။ အချစ်ကို ဦးစားပေးနေသလို အချစ်၏အရသာကို မက်မောနေသော အချိန်ဖြစ်သည်။ သူတို့၏ချစ်ခြင်းကို မြို့ရှိလူတွေက သဘောကျချီးကျူးကြသည်။

သူတို့သည် ပျော်ရွှင်ကြသည်။





အချစ်တစ်ခုတည်းကို ရယူပိုင်ဆိုင်ခြင်းဖြစ်သည်။

စွန့်လွှတ်ခြင်းကို သူတို့ ဘယ်လိုမှလက်မခံကြ။

ဖွန်ဟန်သည် မိခင်၏မျက်နှာကို ပြတ်သားစွာကြည့်လိုက်၏။ ၎င်းအကြည့်၏နောက်ကွယ်မှာ အဖြေစကား တစ်ခုမှ ကပ်ပါလာခြင်းမရှိ။

"သား…မေမေ မေးတာ ဘာလို့မဖြေတာလဲ"

"မေမေ့ရဲ့မေးခွန်းမှာ ကျွန်တော့်ရဲ့အဖြေ ကပ်ပါသွားပြီလေ၊ အဲဒီတော့ ကျွန်တော် ဖြေဖို့မလိုတော့ဘူး ထင်လို့ပါ မေမေ"

"ဒါဆို မေမေ့စကားကို နားထောင်တယ်ဆိုတဲ့သဘော သား သား"

"ကျွန်တော့်ကို စကားနည်းနည်းပြောခွင့်ပြုပါ မေမေ"

မိခင်ထံမှာ ခွင့်တောင်းလိုက်သော်လည်း မိခင်၏အကြည့်က ခွင့်ပြုတဲ့အပြုံးနှင့်သာ ကြည့်လိုက်ပေမယ့် အပြုံး၏နောက်ကွယ်တွင် ဘာလို့ မတူသောပုံစံတစ်ခုက ကပ်ပါလာသည်။

"သားပြောတဲ့စကားတွေကို မေမေ လက်ခံခွင့်ပြုခဲ့တာ မှတ်မိတဲ့အရွယ်ကနေ မင်းအသက် ဒီအရွယ်ရောက်လာတဲ့အထိ ပဲပေါ့၊ မေမေ တစ်ခါမှ ပိတ်ပင်တားဆီးခဲ့ခြင်း မရှိဘူး"

"မေမေပြောတာ ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ အဲဒီတုန်းက ပြောခဲ့တဲ့စကားတွေနဲ့ အခု သားပြောတဲ့ စကားတွေက ဘယ်လိုမှမတူအောင် ကွာခြားနေတယ် မေမေ"

"သားပြောတာ မေမေ သဘောပေါက်တယ်၊ မေမေ သားကို စကားတစ်ခွန်း ဖြတ်ပြောမယ်၊ သားက လသားကလေး မဟုတ်ဘူးနော်၊ အဲဒါ သားသိတယ်နော်၊ အသက်နှစ်ဆယ်ကျော် လာပြီ၊ စကားပြောတယ်ဆိုတာ အရွယ်နဲ့လိုက်ပြီး ပြောင်းပါတယ် သား အခုပြောမယ့်စကားက အသက်နှစ်ဆယ်အရွယ်က ပြောမယ့် စကားဆိုတာ မေမေသိပါတယ်၊ ဒီထက်သေချာအောင်ပြောရရင် သား အခုပြောမှာ သားနဲ့ သားကောင်မလေးရဲ့အကြောင်း မဟုတ် လား"

ပွင့်လင်းသော မိခင်၏စကားကို သူ ခေါင်းညိတ်လက် ခံလိုက်သည်။ မိခင်၏စကားသည် ဒေါသဖြစ်နေပေမယ့် ဒေါသ သံတွေ ပျောက်ကွယ်နေသည်။

"ဟုတ်တယ် မေမေ၊ ကျွန်တော် အခုပြောမှာက ဂင်္ဂါ နဲ့ ကျွန်တော့်အကြောင်းပါ၊ ဂင်္ဂါဆိုတာ ကျွန်တော့်ရဲ့ ချစ်သူနာမည် ပါ၊ အရှင်းဆုံးပြောရရင် ကျွန်တော် လက်ထပ်ယူမယ့် ကျွန်တော့် ဇနီးနာမည်ပါ"

"သား"

သူ၏စကားကို ဒေါ်ရတီလွင် ဖြတ်ပြီး ဟန့်တားလိုက် ၏။

"နေဦး မေမေ၊ ကျွန်တော့်စကားကို ဆုံးအောင်ပြော လိုက်ဦးမယ်၊ ကျွန်တော့်စကားဆုံးသွားမှ ကျွန်တော့်ကိုပြောပါ၊ ကျွန်တော် မေမေ့ကိုခွင့်တောင်းပြီးမှ ပြောတာလေ"

"မေမေ အချိန်မရှိလို့ နားမထောင်ချင်ရင် ကျွန်တော် တိုတိုလေးပဲ ပြောပါ့မယ်၊ ကျွန်တော် ဂင်္ဂါကို လက်ထပ်ချင်တယ်၊ အဲဒါ မေမေ တာဝန်ယူပေးပါ"




ဝိုးမိုးစာပေ

"သား"

"ကျွန်တော် နားထောင်နေပါတယ် မေမေ"

"သားစကားကို မပြင်တော့ဘူးလား၊ စကားကို ပြန်ပြီး မပြောင်းတော့ဘူးလားလို့ ပြောတာပါ"

"ပြောင်းလို့မရအောင် လွန်သွားပြီ မေမေ၊ နောက်ထပ် တစ်ခွန်းပြောင်းပြီး ပြောပါဆိုရင် ဂဂ်ါနဲ့ အမြန်လက်ထပ်ပေးပါ လို့ပဲ တောင်းဆိုရပါလိမ့်မယ်"

"ဘာ"

မိခင်သည် အလိုမကျသော မျက်နှာနှင့် ကြည့်လိုက် သော်လည်း ဒေါ်ရတီလွင်၏အကြည့်ထက် ဂျွန်ဟန်၏စကားတွေ က အဆက်မပြတ် ထွက်ပေါ်လာ၏။

ဒေါ်ရတီလွင်၏ စကားပြောင်းပါဟု ပြောလိုက်တာကို ဂျွန်ဟန်က ထပ်မံပြောင်းသည်။ ၎င်းစကားက ပို၍ခံပြင်းတာထက် ကြေကွဲမှုတွေ တက်လာ၏။

နှမြောလာသည်။





စိုးရိမ်စိတ်တွေ အလိပ်လိုက်တက်လာသည်။

ဒေါ်ရတီလွင်မှာ သူ၏သားကို တကယ်ချစ်သည်။ သူ၏ သားနှင့် လက်ထပ်ပေးစားမည့် မိန်းကလေး ရွေးဖွားခြင်းမရှိသေး ဟု ထင်နေမိသည်။

ဒေါ်ရတီလွင်သည် ဂျွန်ဟန်ကို တကယ်ချစ်သည်။

သူ့ထက်အချစ်ဆုံးက သားငယ် ပျားရည်ဖြစ်သည်။

သူတို့နှစ်ယောက်ဟာ ဒေါ်ရတီလွင်၏ဘဝဟု ထင်မှတ် ားသည်။ သူတို့နှစ်ယောက်အတွက်ဆို ဒေါ်ရတီလွင် ဘာမဆို ကုန်လုပ်ပေးသည်။

သို့သော်…

ဒေါ်ရတီလွင်က အရမ်းမာနကြီးသော မိန်းမဖြစ်သည်။ ူတိုင်းအပေါ်ကို အမြဲတမ်း ကျော်နေသည်။

စီးပွားရေးလောကမှာဆို ဒေါ်ရတီလွင်ကို ဘယ်သူမှ ာအောင် မကြိုးစားနိုင်သလို ဒေါ်ရတီလွင်နှင့် ပြိုင်လိုက်တာနှင့် ကို နိုင်သွားတယ်ဆိုသောသူ မရှိ။

လက်ရှိ သားတွေနှင့်တွေ့မှ သူ၏မာနတွေကို ခဝါချရတော့မလို ဖြစ်နေသည်။

ဒေါ်ရတီလွင်သည် ဌျှန်ဟန်ကို ဒေါသလွှမ်းမိုးသော မျက်လုံးနှင့် ကြည့်လိုက်သည်။

"သားက အဲဒီမိန်းကလေးကို အဲဒီလောက်ပဲ ချစ်နေပြီလား၊ တက်နေတဲ့ မင်းဘဝကို ဒီအရွယ်မှာ အညွန့်ချိုးလိုက်တော့မလို့လား၊ မေမေ သဘောမတူရင် သား မေမေ့ကို ဘာပြောမလဲ"

"ကျွန်တော် မေမေ့ကို ဘာမှမပြောပါဘူး။ ကျွန်တော် ဂင်္ဂါကို ရအောင်လက်ထပ်ယူမယ်၊ မေမေ မပေးစားရင် ကျွန်တော် ဂင်္ဂါကို ခိုးပြေးရပါလိမ့်မယ်"

"သားက ဒီလိုလား၊ မိန်းမနဲ့ပတ်သက်လာတော့ မေမေ့ စကားကိုတောင် လက်မခံတော့ဘူးပေါ့၊ ကောင်းပြီလေ၊ သား လက်ထပ်ယူမယ့် ကောင်မလေးရဲ့ မိဘတွေက ဘယ်သူလဲ ဘယ်မှာနေလဲ၊ ဘာလုပ်သလဲ၊ အဲဒါတွေကို မေမေသိချင်တယ်"





မိခင်ပြောလိုက်သော စကားကို ဌျှန်ဟန် ပျော်သွား သည်။ ကျေနပ်သည်။ ပြုံးရွှင်သော မျက်နှာနှင့် မိခင်ကိုကြည့်လိုက်သည်။ မိခင်၏အကြည့်က ကျေနပ်မှုထက် ကြေကွဲမှုက ပိုများနေသည်။

ဒေါ်ရတီလွင် ရင်ထဲမှာ ဘယ်လောက်ခံစားနေရတယ်ဆိုတာကို ဌျှန်ဟန် မသိ။ သူ ဖြစ်ချင်တာကို သိနေသည်။ သူ ဂင်္ဂါနှင့်လက်ထပ်မယ်။ ပျော်ရွှင်စွာ နေထိုင်မည်။ ထိုအချက်ကိုသာ ဦးတည်နေသည်။ အခြားသော အကြောင်းအရာကို သူ ကြိုတင်မတွေးမိ။ အဲဒီလောက်လည်း မတွေးထားသည်မှာ အမှန်။

ဂင်္ဂါက လက်ထပ်ကြရန် ပြောသည်။ ဒါကို လက်ခံသည်။ ၎င်းအတွက် မိခင်ကိုပြောရန် ဂင်္ဂါကို ကတိပေးခဲ့သည်။

"မြိုင်သာမြို့က ဦးဝင်းအောင်မြင့်နဲ့ ဒေါ်စံပယ်ဦးပါ မေမေ၊ သူတို့က မြိုင်သာမြို့ခံတွေပါ၊ စတိုးဆိုင်လေးတစ်ဆိုင်ဖွင့်ထားပါတယ်၊ ဆင်းရဲသား မဟုတ်ပါဘူး၊ ကျွန်တော်တို့လောက်လည်း မချမ်းသာပေမယ့် ဒီမြို့မှာဆိုရင်တော့ လူချမ်းသာစာရင်းတော့ ဝင်ပါတယ်"

"ကောင်းပြီလေ၊ အဲဒါဆိုရင် သားရဲ့ကောင်မလေးမိဘ တွေကို မေမေက တွေ့ချင်တယ်ဆိုပြီးခေါ်လိုက်၊ သူတို့နဲ့မေမေ စကားပြောမယ်၊ သားဆန္ဒအတိုင်း မေမေ လက်ထပ်ပေးမယ်၊ သားနဲ့ အဲဒီကောင်မလေး လက်ထပ်ပြီးရင် မေမေ လုပ်ချင်တာ ဆက်လုပ်မယ်၊ ဒါပေမဲ့ သားကို တစ်ခုကြိုပြောထားမယ်၊ အဲဒီ ကောင်မလေးနဲ့မေမေ လုံးဝသဘောမတူဘူးနော်၊ နောက်တစ်ခါ ထပ်ပြောမယ်၊ လုံးဝသဘောမတူဘူး၊ ကဲ...သား မေမေပြောတဲ့ အတိုင်း သားရဲ့ကောင်မလေးမိဘကို သွားခေါ်ခဲ့"

မိခင်၏ခွင့်ပြုချက်စကားကို ကြားလိုက်ရသောအချိန် သည် ဠုန်ဟန် ဖော်မပြနိုင်အောင် ပျော်ရွှင်သွားသည်။

သူသိပ်ချစ်ရသော ဂဂ်ါနှင့် လူကြီးတွေ၏ရှေ့မှာ လက် ထပ်ရတော့မည်။ ခွဲခွာနေရသော ညနေတွေကို ဖျက်ဆီးပြီး ညစဉ် ချစ်သူ၏အနားမှာ အတူတူနေရတော့မည်။

◆ ◆ ◆



## အခန်း (၆)

ဟုတ်သည်။

ဒေါ်ရတီလွင်က သူပြောတဲ့အတိုင်းကို တကယ်လုပ် သည်။ သူမ၏လုပ်ရပ်က တကယ်ရက်စက်သည်။ တစ်ဖက်သား လူ၏ ကောင်းခြင်း၊ မကောင်းခြင်းကို သူ ဘယ်လိုမှစိတ်မဝင်စား။ သူ၏ငွေကြေးမောက်မာမှုကြောင့် ထင်ရာအကုန်လုပ်သည်။

ဠုန်ဟန် သွားရောက်ခေါ်တာကြောင့် ဂဂ်ါ၏ မိဘနှစ်ပါး ရောက်လာသည်။ မြို့လေးသူဌေးနှင့် မြို့ကြီးသူဌေးဆိုတော့ ပါဝါ ခြင်းက မတူညီအောင် ကွာခြားနေသည်။

"ဟုတ်ကဲ့…ပြောပါ"

ဒေါ်ရတီလွင်သည် စကားကိုမဆက်သေး။ ပိုက်ဆံအိတ်ထဲက စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။ လည်ပင်းမှာဆွဲထားသော စိန်ဘယက်ကြီးက ကာလတန်ကြေး သိန်းလေးဆယ်ကျော်အထက် တန်သည်။ ၎င်းနေ့မှာ ဒေါ်ရတီလွင် ဝတ်ထားသော ရတနာပန္နည်းက သိန်းရှစ်ဆယ်ကျော် တန်သည်။

အင်ဒိုနီးရှားပါတိတ် အဝါရောင်ဖျော့ဖျော့၏အပေါ် စိန်ဘယက်၊ စိန်နားကပ်၊ စိန်လက်ကောက်၊ စိန်လက်စွပ်၊ စိန်ကြယ်သီး၊ သူမတစ်ကိုယ်လုံး စိန်တွေ အရောင်ထွက်နေသည်။

၎င်းကြောင့် ဂင်္ဂါ၏မိဘများက သူမကို အရိုအသေပြုလေးစားရသည်။

သူမသည် ရွှေကိုင်းမျက်မှန်ကို အပေါ်ကို တစ်ချက် မတင်လိုက်သည်။

"ကျွန်မ အခု သားနဲ့တစ်ဆင့် ခေါ်နိုင်းရတဲ့ကိစ္စကို ရှင်တို့သိမယ်ထင်ပါတယ်"





"အဲဒီလောက်အထိ သေသေချာချာ မသိသေးတာတော့ အမှန်ပါပဲ၊ ကျွန်တော်တို့လည်း အလုပ်များနေလို့ပါ၊ မောင်ဂွန်ဟန်ကတော့ အရိပ်လောက်တော့ ပြောပါတယ်၊ ဒါတောင် ဒီကိုလာမှ လမ်းမှာပြောတာပါ၊ အဲဒီအတွက် ကျွန်တော်တို့က ဘာကူညီရမယ်ဆိုတာ သိပါရစေ"

"ကိစ္စက ဒီလိုပါ၊ ကျွန်မသား အကြီးကောင်နဲ့ ရှင်တို့သမီး ဂင်္ဂါ ချစ်သူဖြစ်နေကြတယ်၊ အဲဒါ သားက လက်ထပ်ပေးပါဆိုလို့ သားရဲ့ဆန္ဒအရ ရှင့်သမီးနဲ့ ကျွန်မသားကို ဒီယာသိမ်းပြီး ကျွန်မတို့ပွဲရုံ ရန်ကုန်မပြောင်းခင် လက်ထပ်မင်္ဂလာဆောင်ပေးချင်တယ်၊ အဲဒါ ရှင်တို့ဘက်က…"

"ကလေးတွေအချင်းချင်းက နှစ်သက်နေကြတယ်ဆိုတော့ ကျွန်တော်တို့ဘက်က ဘာမှပြောစရာမရှိပါဘူး"

"ကောင်းပြီ၊ ဒါဆိုရင် ဒီမင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပမယ်၊ အဲဒီတော့ ရှင်တို့အိမ်ရှေ့မှာ မဏ္ဍပ်ကြီးထိုးပြီး မင်္ဂလာဆောင်ပေးမယ်၊ ဘယ်လောက်ကုန်မလဲ၊ ကြိုက်သလောက်

ကုန်ပါစေ"

ဒေါ်ရတီလွင် စကားကို နားထောင်သဘောကျသော နောက် ဌာန်ဟန်နှင့် ဂင်္ဂါတို့ မင်္ဂလာပွဲ ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ရန် စီစဉ်နေကြပေတော့သည်။

♦ ♦ ♦



## အခန်း (၇)

ထိန်းချုပ်မရသော ကြေကွဲမှုတွေက ဌာန်ဟန်၏ မျက်နှာပေါ်မှ အထင်သား ပေါ်လွင်နေသည်။

နှစ်တွေ ပြောင်းလဲခဲ့တယ်ဆိုပေမယ့် တကယ်တမ်း လက်တွေ့ကြုံလာတော့ ဘယ်လိုမှမေ့လို့မရ။

ဂင်္ဂါကို သူ မေ့ထားခဲ့သည်မှာ ကြာခဲ့သည်။ ပျားရည်နှင့်ပတ်သက်လာတော့ သူ၏ အိပ်မောကျစိတ်တွေက ထွက်ပေါ် လာသည်။

ဌာန်ဟန် စီးကရက်ကို မီးညှိသောက်လိုက်၏။

"ညီလေး…ကိုကို ပြောမယ်၊ အဲဒီမင်္ဂလာပွဲ ကျင်းပတဲ့နေ့မှာ မေမေဟာ ကိုကို့ကို ရန်ကုန် အတင်းပြန်ခေါ်ခဲ့တယ်၊ ညီလေးမင်္ဂလာပွဲမှာ ယမုံနာ မလာသလိုပေါ့၊ အဲဒီနေ့ကစပြီး မြိုင်သာမြို့နဲ့ ဝေးခဲ့ရတယ်၊ ဒါပေမဲ့ ဂင်္ဂါ ဘယ်မှာရှိလဲမေးတော့ ဂင်္ဂါသေပြီလို့လည်း ပြောတယ်၊ တစ်ရွာကို မိသားစုအားလုံး ပြောင်းသွားတယ်ပြောတယ်"

"အဲဒါတော့ မေမေရော ကိုကိုပါ မကောင်းဘူး၊ မေမေတို့လုပ်ရပ်ကြောင့် အခု ကျွန်တော်တို့ ပြန်ခံရပြီ၊ ကျွန်တော် ဘာလုပ်ရမလဲ၊ ခုတော့ ကျွန်တော်က ကြားထဲက အလှည့်စားခံရတယ်၊ သိက္ခာကျခံရတယ်၊ ဘာမှမကောင်းဘူး၊ လူ့လောကထဲမှာ နေချင်တဲ့စိတ် တစ်ခုမှမရှိတော့ဘူး"

"ရော"

"သားလေး"

"ခွမ်း"

ပျားရည် လက်ထဲမှာကိုင်ထားသော ကော်ဖီခွက်ကို မီး





နှင့် ပစ်ပေါက်လိုက်သည်။ အစိတ်စိတ် ကွဲကျသွားသော ကော်ဖီခွက်၏ ကျေကွဲမှုနှင့်အတူ သူ၏ကြေကွဲမှုသည် တစ်ထပ်တည်း ဖြစ်နေပေသည်။

ဒေါ်ရတီလွင်နှင့် ဂျွန်ဟန်တို့ နားမလည်နိုင်သော မျက်လုံးများနှင့် ကြည့်လိုက်သော်လည်း ပျားရည်သည် သူတို့ အနားက ဝေးရာကို ရောက်သွားသည်။

"ဝုန်း"

ပြင်းထန်သော အသံနှင့်အတူ ပျားရည် ပျောက်ကွယ်သွားသည်။ မိခင်မှာ စိုးရိမ်စိတ်နှင့်အတူ အသံကြားရာ အပေါ်ထပ်ကို ပြေးတက်သွားသည်။

ပျားရည်မှာ သူ နေထိုင်ရာ အိပ်ခန်းအတွင်းကို ဝင်ရောက်သွားခြင်းဖြစ်သည်။

မိခင်နှင့် ဂျွန်ဟန်တို့ ဘာလုပ်ရမှန်းမသိအောင် ဖြစ်ကုန်၏။ သူတို့ကို ခေါင်းကို အသွင်ခါ ရပ်လိုက်ကြသည်။

တစ်ချိန်တုန်းက အတ္တမာနတွေရဲ့ အကျိုးဆက်က သူတို့

ထံ ထပ်ခါထပ်ခါ ရောက်နေသည်။

ဒေါ်ရတီလွင်သည် ပျားရည်အခန်းရှေ့က ထိုင်ခုံမှာ စိတ်ဓာတ်အင်အား ကုန်ခန်းစွာ ထိုင်ချလိုက်သည့်အတွက် ဌာန်ဟန်မှာလည်း ဘာဆက်လုပ်ကြမလဲဆိုသော မေးခွန်းနှင့် ထိုင်ချလိုက်သည်။

◆ ◆ ◆



မင်းရဲ့လုပ်ရပ်ဟာ

ဘယ်လောက်ကောင်းတယ်ဆိုပေမယ့်

ငါ့အထင်တော့

သိပ်ကို အောက်တန်းကျတယ်…

ရက်စက်လွန်းတယ်…

ကမ္ဘာလောကမှာ

မင်းလိုမိန်းမကို ပထမဆုံးအကြိမ် တွေ့ဖူးခြင်းပဲ၊

◆ ◆ ◆

# စတုတ္ထပိုင်း

ဝိုးမိုး၀၁၄ပ

## အခန်း (၁)

အစားထိုးမရခဲ့သော ကြေကွဲမှုအတွက် ခံစားရတယ်ဆို ဘာထက် အဖျက်ဆီးခံလိုက်ရတဲ့ မာနသိက္ခာ၊ ကိုယ်ကျင့်တရား၊ အဲဒါတွေကြောင့် အရာအားလုံးကို မကျေနပ်အောင် ဖြစ်မိသည်။

တကယ်တော့ ဒီလုပ်ရပ်ဟာ သူ့အတွက် ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် ဖြစ်ရသည်။

ပိုး၍ဆိုးသည်က အသက်လောက်ချစ်ရသော ယမုံနာက သူထင်ထားသလို မဟုတ်သလို ပြောလိုက်သည့်စကားက ပို၍ပင် ခံပြင်းလွန်းလှသည်။

သူ ယမုံနာထံ ဖုန်းဆက်သည်မှာ အကြိမ်ပေါင်းမနည်း တော့။

တွေ့ဆုံစကားပြောရသလို မတွေ့ဆုံရတာ များစွာရှိခဲ့ သည်။

အဆိုးဆုံးအချက်က တွေ့ခွင့်မပေးသောအချက်ပင်ဖြစ် သည်။ သူ မျှော်လင့်ထားသည်က ယမုံနာနှင့်တွေ့ချင်သည်။ ဆွေးနွေးစရာတွေရှိသည်။ စူပါမတ်ကို သွားသည်။ ယမုံနာ မလာ။ အိမ်ကိုလိုက်သွားသည်။ အလုပ်ကိစ္စနှင့် ပြန်မရောက်သေး။ ၎င်း အတွက်ကြောင့် ပျားရည်ရင်ထဲ၌ အစိုင်အခဲတွေဖြစ်နေသည်။

အဆိုးဆုံးစကားတွေက နားထဲမှာ တိပ်ခွေထည့်လိုက် သလို အထပ်ထပ် ကြားနေရသည်။

"ကျွန်မ ရှင့်ကိုချစ်လို့ လက်ထပ်လိုက်တာ မဟုတ်ဘူး ပျားရည်၊ ပျားရည်တို့မိဘတွေ၊ အရှင်းဆုံးပြောရရင် ပျားရည်တို့ မိသားစု သိက္ခာကျ အရှက်ကွဲအောင် လုပ်လိုက်တာ၊ အဲဒီထဲမှာ ပျားရည်မပါဘူး၊ ပျားရည်ကို ကျွန်မ သနားတယ်"

"ယမုံနာ ကျွန်တော့်ကို တကယ်မချစ်တာ အမှန်

ဝိုးမိုး၀၁၉ပ



လား"

"ကျွန်မ ရှင့်ကို ဘယ်လိုလုပ်ချစ်ရမှာလဲ၊ ရှင်တို့မိသားစု ရဲ့လုပ်ရပ်က ကျွန်မတို့မိသားစုကို ပြိုကွဲအောင် ခွဲလိုက်တာနဲ့ အတူတူပဲလေ၊ ကျွန်မရဲ့ အဓိကရည်ရွယ်ချက်က ရှင်တို့မိသားစု ကို ကျွန်မတို့မိသားစု ကွဲသလို ခွဲဖို့ပဲ၊ စိတ်ချ…မကြာခင် ရှင်တို့ မိသားစုထဲကို နောက်ထပ် လူတစ်ယောက် ရောက်လာဦးမယ်"

"ယမုံနာ…ခင်ဗျား ဘာတွေပြောနေတာလဲ၊ ခင်ဗျား ပြောတာတွေ အမှန်ပဲလား၊ ခင်ဗျားနဲ့ ကျွန်တော်က ချစ်သူတွေ မဟုတ်ဘူးဆိုတာ ခင်ဗျား မေ့သွားပြီလား"

"ပျားရည်ပြောတာ မှန်ပါတယ်၊ ကျွန်မတို့နှစ်ယောက် ဟာ ဘယ်လိုမှမတော်စပ်ကြတဲ့ သူစိမ်းတွေလေ"

သူမ၏စကားကို ပျားရည် နားမလည်နိုင်အောင် ဖြစ် သွားသည်။ တယ်လီဖုန်းထဲမှာ ဖြစ်နေတာကြောင့် ဘာမှလုပ်ခရ။ အပြင်မှာသာဆို ၎င်းစကားနှင့်ပတ်သက်၍ ယမုံနာကို တစ်ခုခု လုပ်မိမှာသေချာသည်။

ယခုတော့ အသံကိုတောင် သဲကွဲအောင် ဂရုစိုက်နား

ဝိုးမိုး၀၁၉ပ

ဆောင်နေရသော်လည်း 'ဘယ်လိုမှ မတော်စပ်တဲ့ သူစိမ်းတွေ' ငှင်းစကားက သဲသဲကွဲကွဲ ကြားလိုက်ရသည်။

"ဘာ…မင်း ဘယ်လိုပြောလိုက်တာလဲ ယမုံနာ၊ ကျွန် ခဲ့တဲ့ သုံးရက်က ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ထားတဲ့ ငါ့ရဲ့ ကာမပိုင်ဇနီးမယားဆိုတာ မင်း မသိဘူးလား"

"ဘယ်လို သတ်ပုံတွေ မှားနေရတာလဲ ပျားရည်၊ အဲဒီ ပွဲကို ကျွန်မ လာလို့လား၊ ကျွန်မ ပြောထားပြီးသားပဲ၊ ကျွန်မ ရှင်တို့ကို တမင်သိက္ခာချလိုက်တာပါ ပျားရည်"

အထပ်ထပ် အခါခါ အပြောခံနေရတာကြောင့် ပျားရည် နားမလည်နိုင်လောက်အောင် ဖြစ်မိသည်။

"မင်း တော်တော်သစ္စာမရှိတဲ့ မိန်းမပဲ၊ ငါကတော့ မင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ရတာ၊ ငါ့အမေကို ပြောလိုက် ရတာ၊ အခုတော့ ငါ့ရဲ့ကြိုးစားမှုဟာ အလကားပဲ၊ မင်းရဲ့လုပ်ရပ် ကြောင့် ငါ့ရဲ့မေမေ၊ ငါ့ရဲ့မိသားစုတွေ အတော်သိက္ခာကျ အရှက် ကွဲနေရပြီ၊ မင်းလုပ်ရပ် ဒီနေရာရပ်ရင်ရပ်၊ မရပ်ရင် မင်းကို ငါ သတ်မိလိမ့်မယ်"





"မင်းနဲ့ငါ အဆင့်ထိ ဖြစ်သွားပြီလား ပျားရည်ရယ်၊ ကျွန်မပြောတာ အဲဒီလောက်အဆင့်ထိ မရောက်သေးပါဘူး ပျားရည်ရယ်၊ စိတ်ကို ထိန်းလိုက်ပါကွာ၊ မကြာခင် ပျားရည်တို့ မိသားစုကို ဒုက္ခပေးဖို့ ကျွန်မ လာပါဦးမယ်၊ ဒါပဲနော် ပျားရည်"

"ယမုံနာ…ယမုံနာ…တောက်"

ယမုံနာ ဖုန်းကို ချသွားသည်။ ငှင်းအတွက်ကြောင့် ပျားရည် ကြေကွဲမှုတစ်ခု ရင်ထဲမှာကျန်နေခဲ့သည်။

ယမုံနာ၏စကားသည် သူ့အတွက် နားထောင်လို့အလွန် ကောင်းပါတယ်ဆိုပေမယ့် တည်ကြည်မှုမရှိ၊ ခနဲ့တဲ့တဲ့အသံတွေ ကသာ များလွန်းနေသည်။

သူ ယမုံနာကို ဘာကြောင့် စိတ်ဝင်တစား ချစ်နေရ တာလဲဆိုတာ သူ၏စိတ်ကို မဝေခွဲနိုင်သောအချိန်တွင် ပြဿနာ တစ်ခုက ထပ်မံတိုးလာသည်။

◆ ◆ ◆

## အခန်း (၂)

မျှော်လင့်မထားသော နေ့တစ်နေ့…။

ငှင်းနေ့ နံနက်ပိုင်း…သူတို့၏တိုက်ကို ဖုန်းတစ်လုံးဝင်လာသည်။ ဒေါ်ရတီလွှင်၊ ဥန်ဟန်တို့မိသားစု နံနက်စာ အပြင်မသွားခင် ကော်ဖီသောက်နေသည်။

ပျားရည်က အခန်းတွင်း၌ရှိနေသည်။ ပျားရည်အတွေးထဲတွင် ယမုံနာ သူတို့တိုက်ကို လာပါဦးမည်ဆိုသောစကားကြောင့် မျှော်နေရခြင်းဖြစ်သည်။

ယမုံနာ သူတို့ထံကို ရောက်လာမည်ဆိုတဲ့အကြောင်း

မိခင်ထံပြောလိုက်သည်။

ဌင်းအတွက် သူတို့တိုက်ကိုရောက်လာသော ဖုန်းကို ပျားရည် အခန်းအတွင်းက ထွက်ပြီး ကိုင်လိုက်သည်။

ပျားရည် မျှော်လင့်ထားသည်ထက် ဆယ်ဆ အံ့သြသွားသည်။

ဖုန်းဆက်လာသူ၏အသံမှာ အလွန်ယဉ်ကျေးပြတ်သားလွန်းတာကြောင့် နားထောင်ရတာ ကောင်းနေသည်။ တစ်ဖက်ကဆက်လာသူမှာ ယမုံနာ မဟုတ်၊ ဂင်္ဂါ တဲ့။

"ရွှန်ဟန် ရှိလား၊ ရွှန်ဟန်နဲ့တွေ့ချင်သောကြောင့် သူ့အခုလာနေပြီ၊ စောင့်နေပါ"

ပျားရည်ပြန်ပြောဖို့ အချိန်မရလိုက်။ ဖုန်းကိုချသွားသည်။

မိခင်တို့၏အကြည့်ကို ပြန်သာကြည့်လိုက်ရပေမယ့် ဖုန်းဆက်သူ ဂင်္ဂါဟု ပြောရမှာခက်နေသည်။

ရင်ခုန်သံတွေ ဆူညံစွာတက်လာသည်။ သူမ သူတို့ဆီရောက်လာရင် နောက်ထပ်ပြဿနာတစ်ခု ထပ်တိုးလာမည်လား





သူနှင့်ယမုံနာကိစ္စ အပြီးပြတ်နိုင်လားဆိုတာကို တစ်ယောက်တည်း တွေးနေမိသည်။

"သား…ဘယ်သူဆက်တာလဲ"

"ဂင်္ဂါတဲ့၊ သူ အခုလာနေပြီ၊ စောင့်နေပါတဲ့"

"ဂင်္ဂါ"

"ဂင်္ဂါ"

အားလုံး၏မျက်နှာတွေ ပြောင်းကုန်သည်။

ဂင်္ဂါလာမည်ဆိုသော သတင်းက သူတို့အတွက် အဲဒီလောက်များ ထူးဆန်းနေသည်လား။

မိခင်မျက်နှာ ထင်ထားသည်ထက် ပို၍အိုသွားသည်။

မိခင်ဟာ သူမနှင့်ရွှန်ဟန်ကို ဘယ်လိုမှသဘောမတူတာကြောင့် ရက်ရက်စက်စက် သိက္ခာချခဲ့သည်။ အရှက်ခွဲခဲ့သည်။ မြို့သာမြို့မှာ မနေနိုင်အောင် ဖန်တီးခဲ့သည်။ နောက်ဆုံး မကောင်းသော မိန်းမစာရင်းကိုပါ မြို့သာမြို့ လူငယ်တွေနှင့်ပေါင်းပြီး သတင်းအမှားကြီး ထုတ်လွှင့်ခဲ့သည်။

ငှင်းကိစ္စတွေကို ဒေါ်ရတီလွင်မှတစ်ပါး အခြား ဘယ်သူမှမသိခဲ့ရ။

မကြာခင် မိနစ်ပိုင်းမှာ လာတော့မယ်ဆိုသော သတင်းစကားက ဒေါ်ရတီလွင်အတွက် အတိတ်တစ္ဆေ ခြောက်နေသည်။

ဩန်ဟန်၏မျက်လုံးမျက်နှာတွေ ပျော်ရွှင်နေသည်။ နှစ်အတော်ကြာ ခွဲခွာနေရသော ချစ်ဦးသူ သူ့ထံကို ရောက်လာမည်ဆိုတာကြောင့် အိပ်စက်အနားယူနေခဲ့ရသော နှလုံးသားက သံယောဇဉ်စက်ဝန်းအိမ်လေး အလုပ်ပြန်လည်လုပ်လာသည်။

ဩန်ဟန်မှာ ဂင်္ဂါနှင့် ဝေးခဲ့ပြီးနောက် နိုင်ငံခြားမှာ ခြောက်နှစ်ကျော် အလုပ်သွားလုပ်သည်။

နိုင်ငံခြားကပြန်လာတော့ မိခင်က အိမ်ထောင်ပြုရန် သူသဘောတူသော သူဌေးသမီးတစ်ယောက်နှင့် လက်ထပ်ပေးရန် စီစဉ်ခဲ့သည်။ ဩန်ဟန် လက်မခံခဲ့။ သူ အသက်လောက်ချစ်ရသူ ဂင်္ဂါနှင့် ခွဲပြီးကတည်းက နောက် ဘယ်မိန်းမကိုမှ စိတ်မဝင်စားကြောင်း၊ ဘဝခရီးဖော်အတွက် လက်တွဲဖို့ မစဉ်းစားတော့ကြောင်း





မိခင်ကို တရားဝင် ငြင်းဆိုခဲ့ဖူးသည်။ ငှင်းငြင်းဆိုချက်ကြောင့် ဒေါ်ရတီလွင် အတော့်ကို စိတ်သောကရောက်ခဲ့သည်။ သူမ ဖြစ်ချင်တာ တစ်ခုမှဖြစ်မလာ။

မကြာခင် သူမတို့မိသားစုထဲက ရက်ရက်စက်စက် ပစ်ထားခဲ့သော မိန်းမတစ်ယောက် သူတို့မိသားစုထံ ပြန်လည်ရောက်ရှိလာဦးမည်။

ဒေါ်ရတီလွင် ဘာလုပ်ရမှန်းမသိအောင် ခြောက်ခြားနေသည်။ တိုက်ရှေ့ကို အကောင်းစား ကားတစ်စီးဆိုက်လာသည်။ မိသားစု ကားကိုကြည့်လိုက်ကြသည်။

ကားမှာ ကာလတန်ကြေး သိန်း ၃၀၀ ကျော် တန်သည်။

ကားပေါ်က မိန်းမတစ်ယောက် ဆင်းလာသည်။

အားလုံး အံ့ဩသော မျက်လုံးနှင့် ကြည့်နေကြသော်လည်း ဩန်ဟန်၏ ခေါ်သံက ဝန်းကျင်၏တိတ်ဆိတ်မှုကို အနှောင့်အယှက်ပေးလိုက်သည်။

"ဂင်္ဂါ"

သူမ ဘာစကားမှမပြော။ သူတို့မိသားစုထံ ဦးတည်လာသည်။

ဟုတ်သည်။

ဂင်္ဂါသည် ရွှေရောင်ကာလမျက်မှန်ကို တပ်ထားသည်။ ခေါင်းပေါ်က ဆံပင်ကို လူကြီးဆန်ဆန်ထုံးထားပြီး ရွှေဘီးနှင့် ထိုးတန်းထားသည်။ မျက်နှာတစ်ခုလုံး ပြည့်နေသော်လည်း ဘယ်ဘက်ပါးမှာ မှဲ့တစ်လုံးကို အထင်းသားတွေ့လိုက်ရသည်။

ငှင်းမှဲ့ကြောင့် ဂင်္ဂါဟု သတ်မှတ်သည်။ မှဲ့သာ မရှိပါက ယမုံနာဟု ပျားရည်ခေါ်မိမှာ။

ယခုတော့ ယမုံနာ၏ခေါ်သံနေရာကို ဂျွန်ဟန်က ဦးစွာ ခေါ်လိုက်သည်။

တကယ်တော့ ပျားရည်က ဂင်္ဂါကို မမြင်ဖူးခဲ့။ သူတို့ ပြောတာကိုသာ ကြားဖူးသည်။ ဖြစ်နိုင်ရင် ပျားရည်က ဂင်္ဂါကို သတ်ချင်သည်။

ဂင်္ဂါကြောင့် သူ သိပ်ချစ်ရသော ယမုံနာနှင့် နီးလျက်





နှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

"ကျွန်မကို ထိုင်ခွင့်မပြုတော့ဘူးလား ဂျွန်ဟန်"

သူမ၏စကားကြောင့် ငေးငိုင်နေသော မိသားစု အသက်ပြန်ဝင်လာသည်။

"ထိုင်ပါ ဂင်္ဂါ၊ ခရီးဦးမကြိုမိတဲ့အတွက် ဆောရီးပဲ"

"ကျွန်မက အဲဒီလောက် ထူးဆန်းတဲ့ဧည့်သည်မဟုတ်ပါဘူး၊ ထိုင်ခွင့်ပြုတာကိုပဲ ကျေးဇူးတင်ပါတယ်"

သူမ၏စကားကို အားလုံး အံ့ဩသောမျက်လုံးနှင့် ကြည့်နေသည်။

ဂင်္ဂါက အလွန်အေးပြီး မပြောတတ်တဲ့ ခပ်ရိုးရိုးမိန်းမ တစ်ယောက်။

ယခု သူမတို့မိသားစုထံ ရောက်လာတော့ လွန်ခဲ့သော လွှမ်းများနှစ်မတူအောင် ကွာခြားသွားသည်။ ခေတ်မီသည်။ လှပသည်။ သပ်ရပ်သည်။ အလွန်ချောသည်။

ခေတ်မီတယ်ဆိုပေမယ့် အလွန်မြန်မာဆန်သည်။ ဂင်္ဂါကို

တွေ့လိုက်တော့ ယမုံနာနှင့် ဘယ်လိုမှမဆိုင်သော ကွာခြားမှုများ စွာတွေ့သည်။ ယမုံနာက အလွန်ခေတ်မီသည်။

မြန်မာဆိုသော မြန်မာမလေးနှင့်တူတာ တစ်ခုပဲရှိသည်။ အဲဒါက မြန်မာမလေးဆိုတာ။ ကျန်တာတွေက အနောက်တိုင်း ဝတ်စုံတွေ များသည်။

နိုင်ငံခြားဝတ်စုံတွေကို အမြဲတမ်း ပြောင်းလဲဝတ်တတ်သည်။

ဒေါ်ရတီလွင်သည် ဂင်္ဂါနှင့်တွေ့ဆုံရမှာကို ဝန်လေးနေတာကြောင့် တစ်နေရာကိုထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

"ကျေးဇူးပြု၍ ဘယ်ကိုမှမသွားပါနဲ့ဦး အန်တီ၊ ကျွန်မ အခုလာတဲ့ကိစ္စက အန်တီနဲ့တွေ့ချင်တာလည်း ပါပါတယ်"

"အန်တီနဲ့ ဂင်္ဂါ စကားပြောစရာအကြောင်းမရှိလို့ အန်တီ ကို သွားခွင့်ပြုပါ"

"အန်တီ ကျွန်မကို ပြောစရာမရှိဘူးဆိုတာ ကျွန်မကို တွေ့ဖြစ်လို့နေမှာပါ၊ ကျွန်မပြောတဲ့အခါ အန်တီ ကျွန်မကို ပြန်





ပြောစရာတွေ ရှိလာလိမ့်မယ် ထင်ပါတယ်၊ သုံးမိနစ်လောက်ထိုင် ပါလို့ ကျွန်မကပဲ စတင်တောင်းဆိုပါရစေ"

သူမ၏တောင်းဆိုချက်တွေကို ဒေါ်ရတီလွင် ဘယ်လိုမှ ငြင်းဆိုမရအောင် ပိတ်မိသွား၏။

ဒေါ်ရတီလွင်သည် ကျောနှပ်မှုကင်းမဲ့စွာ အနီးရှိ ဆိုဖာ ပေါ်မှာ ထိုင်ချလိုက်၏။

"ညီမလေးရဲ့လုပ်ရပ်ကြောင့် အန်တီတို့မိသားစု အဖတ် ဆယ်မရအောင် ဂုဏ်သိက္ခာတွေ ကျသွားမယ်ဆိုတာ ကျွန်မ သိလိုက်ရတဲ့အတွက် စိတ်မကောင်းပါဘူး၊ အဲဒီလိုမလုပ်ဖို့ အတန်တန်ပြောပါတယ်၊ ဒါပေမဲ့ ကျွန်မတို့မိသားစု ဂုဏ်သိက္ခာ ကျပြီး အရှက်ကွဲသလို အန်တီတို့မိသားစု အရှက်ကွဲ သိက္ခာကျ အောင် လုပ်မယ်ဆိုပြီး တမင်လုပ်လိုက်တာပါ၊ ညီမလေးက လူတစ်မျိုးလေ၊ သူ့အပေါ်ကို ကျောသွားတဲ့လူကို ပြန်ပြီးကျောဖို့ ပဲ စိတ်ကူးနေတာပဲ"

"ဒီမှာ မိန်းကလေး၊ အဲဒီနေ့က မင်းညီမရဲ့လုပ်ရပ်က

အန်တီတို့မိသားစုဂုဏ်သိက္ခာကို စော်ကားတာထက် အန်တီတို့ မိသားစုရဲ့ဘဝကိုပါ အယဉ်ကျေးဆုံးနဲ့ သတ်လိုက်တာပဲ၊ အဲဒီ လောက် အောက်တန်းကျတဲ့ မိန်းကလေးမျိုးကို အန်တီ ဒါ ပထမ ဆုံး ကြုံတွေ့လိုက်တာပဲ''

''အောက်တန်းကျတယ်ဆိုတဲ့စကားကို မသုံးပါနဲ့ အန်တီ အန်တို့လုပ်ရပ်လောက်တော့ ဆိုးမယ်မထင်ပါဘူး''

''ဘာ''

သူမ၏စကားကို ကြားလိုက်ရသော သူတို့မိသားစု အံ့ဩ မဆုံး မျက်နှာနှင့်ကြည့်လိုက်၏။

သူမ၏မျက်နှာက အတည်ငြိမ်ဆုံးထက် ပို၍ပင် တည် ငြိမ်နေသည်။ သူမသည် တပ်ထားသော မျက်မှန်ကို အပေါ်သို့ ပင့်တင်လိုက်၏။

ဒေါ်ရတီလွင်သည် လွန်ခဲ့သော နှစ်တွေကမှ ကြည့်ဖူး ဖြစ်ခဲ့သည်။ ယခု အနီးကပ်စကားပြောလာတော့ ပို၍ပင်ဆိုးလာ သည်။





အဆိုးဆုံးက သူ့လုပ်ရပ်လောက် မဆိုးပါဘူးဆိုသော စကားဖြစ်သည်။

သူ့လုပ်ရပ်ကို ကိုင်ပြောလာသော သူမကို အတော် မကျေမနပ်ဖြစ်မိသည်။

ဒေါ်ရတီလွင်တို့ မင်္ဂလာပွဲကို လုပ်လိုက်သော လုပ်ရပ် က အတော့်ကို အကျည်းတန်အရုပ်ဆိုးသည်။

''ဂင်္ဂါ''

''ကျွန်မပြောတာကို ခဏလောက်ဆုံးအောင်နားထောင် ပါဦး ဠွန်ဟန်''

ဆုံးအောင် နားထောင်ပါတဲ့။

ဠွန်ဟန် ဘယ်လိုမှပြောမရအောင် စိတ်ဆိုးသွားသည်။

သူမကို သူ တကယ်ချစ်သည်။ သူမကို သူ ပြန်လည် ဆုံချင်သည်။ ၄င်းအတွက်ကြောင့် စကားကို ကုန်အောင်မပြော စေချင်။

သို့သော် ဂင်္ဂါက ဘယ်လိုမှတားလို့ရမည့်ပုံ မပေါ်တာ

ကြောင့် ပွန်ဟန် ဘာစကားကိုမှ ဆက်မပြောတော့။ ပိတ်ဆို့နေသည်။

"ကျွန်မ စကားကို အယဉ်ကျေးဆုံးနဲ့ ဒေါသမပါအောင် ကြိုးစားပြောပါမယ် အန်တီ"

"ကျွန်မဟာ ညီမလေးကို အန်တီ့သား ပျားရည်နဲ့ ချစ်သူဘဝ မရောက်အောင် တားပါတယ်၊ ယမုံနာက စိတ်မှတ်သိပ်ကြီးပါတယ်၊ ကျွန်မကိစ္စဆို သူ့ကိုပြောလို့ရနိုင်မှာပါ၊ ဒါပေမဲ့ ကျွန်မရဲ့မေမေနဲ့ဖေဖေ သေသွားတဲ့ကိစ္စမှာ ညီမလေးဟာ အန်တီတို့ကို အရမ်းစိတ်နာနေပါတယ်"

"ဘယ်လို"

"ဒီလိုပါ၊ ဒီကိစ္စကို အန်တီတို့ မေ့ချင်မေ့နေမှာပါ၊ ကျွန်မတို့မိသားစုနဲ့ မြိုင်သာ မြို့သူမြို့သားတွေကတော့ ဘယ်လိုမှမေ့ကြမှာ မဟုတ်ကြသေးပါဘူး၊ ကျွန်မရဲ့မင်္ဂလာပွဲကို ကျင်းပတဲ့နေ့မှာ အန်တီတို့မိသားစု ရောက်မလာတာထက် သတို့သားပွန်ဟန်ရောက်မလာတာက အရုပ်ဆိုးဆုံးပဲ၊ ခုန အန်တီပြောသလို





အောက်တန်းကျတဲ့လုပ်ရပ်ပေါ့"

"ကျွန်မစကားကို ဆုံးအောင်နားထောင်ပါဦး၊ မင်္ဂလာ အချိန်က ကုန်သွားတယ်၊ ရှင်တို့မိသားစု တစ်ယောက်မှရောက်မလာဘူး၊ မြို့သူတွေ ဘာဖြစ်တာလဲ၊ ဘယ်လိုလုပ်တာလဲ မေးကြတယ်၊ ဖေဖေဟာ အဲဒီကိစ္စကိုဖြေရင်းက အိပ်ရာပေါ်လဲရတယ်၊ ကျွန်မစိတ်နဲ့ ရှက်လွန်းလို့ပါလို့ ပြောလို့မရသလို မြိုင်သာမြို့မှာ မနေရဲတော့ဘဲ တခြားမြို့ကို ပြောင်းပြေးရတဲ့အဆင့်ထိ ဖြစ်သွားတယ်၊ ကျွန်မလည်း အိပ်ရာထဲ လဲကျပြီး သေတဲ့အဆင့်ထိရောက်တော့ အမေနဲ့အဖေပါ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြတယ်"

"ဘယ်လို…ဂင်္ဂါ သေသွားတယ်"

အံ့ဩသလို နားမလည်သော မျက်လုံးများနှင့် ဂင်္ဂါကို ကြည့်နေကြသည်။ ဂင်္ဂါ ပိုက်ဆံအိတ်ထဲက အကောင်းဆုံး စီးကရက်ဘူးကိုထုတ်ပြီး စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်သည်။ မီးညှိသောက်လိုက်သည်။

"ကျွန်မစကား မဆုံးသေးဘူးလေ၊ ဖေဖေနဲ့မေမေ ကွယ်လွန်ပြီးနောက် ကျွန်မလေ ညီမလေး ယမုံနာကိုလည်း စိတ်မချ၊ ဦးဌွန့်ဟန်ကို ချစ်တဲ့စိတ်တွေက ပိုနေတာကြောင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတယ်၊ အဲဒီအချိန်မှာ ညီမလေး ယမုံနာက စတိုးဆိုင်ကြီးဖွင့်ပြီး အန်တီတို့မိသားစုအကြောင်းကို အပင်ပန်းခံပြီး စုံစမ်းတယ်၊ တွေ့လိုက်တဲ့အခါကျ သူလုပ်ချင်တာ အကုန်လုပ်တယ်"

"ဒါပေမဲ့ ယမုံနာဟာ အန်တီ့သား ဖျားရည်ကို တကယ်ချစ်ပါတယ်၊ အန်တီတို့လုပ်ရပ်ကြောင့် သူချစ်တဲ့ ဖျားရည်ကိုမားစာခံလုပ်လိုက်တာပဲ၊ ကျွန်မ ထင်တယ်လေ၊ အန်တီတို့လုပ်ရပ်အမှားကို နောက်တစ်ယောက်က ထပ်လုပ်တာပဲလို့ ထင်တယ်၊ တရားသဘောအရ ဝဋ်လိုက်တာပေါ့ အန်တီရာ၊ ကဲ…အန်တီကျွန်မကို ပြောချင်တာရှိလား၊ မရှိရင် ကျွန်မ ဆက်ပြောမယ်"

"အန်တီက ဘယ်သူ့ကိုမှ တောင်းပန်တတ်တဲ့ မိန်းမမဟုတ်ဘူး၊ အဲဒီတော့ ယမုံနာကို သူ့ရဲ့လုပ်ရပ်အမှားတွေကို





ဒီနေရာကရပ်ပါလို့ ပြောပေး၊ နောက်ကျရင် အန်တီ့အပြစ် မဆိုပါနဲ့လို့"

ဒေါ်ရတီလွင်၏စကားကို ဂင်္ဂါ ကျေနပ်မှုအပြည့်နှင့်ပြုံးလိုက်သည်။

၎င်းနောက် ခေါင်းကို ပိုင်နိုင်စွာတစ်ချက်ညိတ်လိုက်သည်။ ဂင်္ဂါ၏လုပ်ရပ်ကို ဌွန့်ဟန်နှင့် ဒေါ်ရတီလွင်တို့ သဘောကျသွားသည်။

"စိတ်ချ အန်တီ၊ ကျွန်မ ပြန်ရောက်တာနဲ့ ယမုံနာကိုပြောလိုက်ပါ့မယ်၊ ဒါပေမဲ့ လက်မခံမှာတော့သေချာတယ်၊ သူကလုပ်မယ်ဆိုရင် ဘယ်လိုအရာတွေနဲ့တားတား လက်မခံတတ်ဘူး၊ ရအောင် လုပ်တတ်တယ်၊ အဲဒါ ငယ်ငယ်လေးကတည်းက အကျင့်ပဲ၊ ကဲ…အန်တီ ကျွန်မ ပြန်လိုက်ပါဦးမယ်"

သူမစကားကို အဆုံးသတ်လိုက်သည်။

"ဂင်္ဂါ"

"ဒါတွေပြီးခဲ့ပါပြီ ဦးဌွန့်ဟန်၊ ဘာမှ သံယောဇဉ်တွေ

တွယ်မနေပါနဲ့တော့၊ ပျားရည် သွားမယ်နော်''

ဂင်္ဂါသည် ထိုင်ရာမှ ထလိုက်၏။

''ဩော်…မေ့လို့ အန်တီ၊ ယမုံနာ အန်တီ့ဆီမှာ အကြွေး ရစရာရှိသေးတယ်လို့ပြောတယ်၊ အဲဒါ လာတောင်းလိမ့်မယ်''

''အကြွေး လာတောင်းမယ်''

မိသားစုတွေ အံ့ဩကုန်သည်။ ဘယ်ဟာကို အကြွေးလို့ ခေါ်တာလဲ။ သူမနဲ့ ဘယ်လိုအလုပ်မှ မလုပ်ဖူးတာ သေချာသည်။

သူတို့နှင့်ဝေးရာကို ဂင်္ဂါ ရောက်သွားသည်။ ပွန်ဟန် ဂင်္ဂါအနောက်ကို ပြေးလိုက်သော်လည်း အဝေးဆုံးနေရာမှာ ရောက် နေခဲ့သည်။

သူမ ကားကို အရှိန်နှင့်မောင်းထွက်သွားသည်။

◆ ◆ ◆



## အခန်း (၃)

ဂင်္ဂါ၏ နောက်ဆုံးစကားကြောင့် ဒေါ်ရတီလွင်မှာ သောကရောက်နေရသည်။

ယမုံနာနှင့်သူ ဘယ်လိုအလုပ်ကိစ္စမှ လုပ်ဖူးခြင်းမရှိသလို အကြွေးဆိုသောစကားက သူမအတွက် အတော့်ကို ကြေကွဲစရာ ဖြစ်နေသလို အကြွေးလာတောင်းမယ်ဆိုသော ယမုံနာကို မျှော် ရင်းနှင့် အဖြေများကို အပြန်ပြန်အလှန်လှန် တွေးနေသည်။

ငင်းအတွက်နှင့် ဒေါ်ရတီလွင်မှာ ဝေဒနာတစ်ခု ခွဲပြီ ခံစားနေရသည်။

အကြွေး…

အကြွေး…

ဘာအကြွေးလဲ။ ယမုံနာ သူမထံမှာ လာတောင်းမည်ဆိုသော အကြွေးက ဘာအတွက်လဲ။

နေ့စဉ်နှင့်အမျှ ၄င်းစကားက တစ္ဆေခြောက်နေသည်။

ဒေါ်ရတီလွင် ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်၊ ဘာကို ဦးစားပေးလုပ်ရမှန်းမသိ။

"ကလင်…ကလင်"

ဖုန်းလာသည်။

ဒေါ်ရတီလွင် ဖုန်းကိုကိုင်လိုက်သည်။ ရင်ခုန်သံတွေ ဆူညံလာသည်။ ဖုန်းကို စကားမပြော။ ပျားရည်ကို ခေါ်လိုက်သည်။ ပျားရည်သည် မိခင်ပေးသော ဖုန်းကို နားထောင်လိုက်သည်။

အံ့ဩမှုတွေ အလိပ်လိုက်တက်လာသည်။

"ဟဲလို…ပျားရည် စကားပြောနေပါတယ်"





"အဲဒီကို ယမုံနာ ရောက်နေပြီလား"

"မရောက်သေးပါဘူး၊ အခု ဘယ်သူဆက်နေတာလဲ"

"ဂင်္ဂါ ဆက်နေတာပါ၊ ယမုံနာ မရောက်တာ သေချာတယ်နော်၊ ဦးဌန်ဟန်ရော ရှိလား"

"ကိုကိုလည်း မရှိဘူး၊ ကိုကိုလာရင် ဘာပြောပေးရမလဲ"

"ယမုံနာကို ပြန်ပို့ပေးပါလို့"

"ဗျာ"

"ယမုံနာကို ပြန်ပို့ပါ"

အံ့ဩခြင်းများစွာနှင့် ရေရွတ်လိုက်သည်။ ရင်ခုန်သံတွေ ဆူညံလာသည်။

ယမုံနာကို ဘာသဘောနဲ့ ခေါ်သွားရတာလဲ။

အတွေးဆများက အလိပ်လိုက်တက်လာသည်။ သူချစ်ရသော နေးကို ဘာသဘောနှင့် ခေါ်သွားရတာလဲ။ ကြားရသောနားကို မယုံချင်သလို ဖြစ်သွားသည်။

သူ့နားနှင့်ကပ်ထားသော တယ်လီဖုန်းကို ပြန်ကြည့်လိုက်သည်။

"ကိုကိုက ယမုံနာကို ဘာလို့ခေါ်သွားတာလဲ၊ ဟုတ်ရဲ့လား မမဂင်္ဂါရယ်"

"မမက မဟုတ်တာ ပြောပါ့မလား ပျားရည်ရယ်၊ ဒီမှာ မင်းတို့က ယောက်ျားလေးရှင်မို့ ဘာမှမဖြစ်ပေမယ့် မမတို့က ညီမလေး မွေးထားတော့ စိုးရိမ်ရတာပေါ့ ပျားရည်ရယ်၊ ယမုံနာ လာရင် ဂင်္ဂါ စိတ်ပူနေတယ်ဆိုပြီး ပြန်ပို့ပေးပါနော်"

"ကိုကိုက ဘာလို့ ယမုံနာကို ခေါ်သွားရမှာလဲ၊ ယမုံနာ က ကျွန်တော့်ရဲ့ဇနီးလေ၊ ဒါကို ကိုကို သိတာပဲ"

"ပျားရည်က ဂျွန်ဟန်ကို ယုံလို့လား၊ မင်းအစ်ကိုရဲ့ အကြောင်းကို မမကလွဲရင် မောင်လေးတို့အမေ ဒေါ်ရတီလွင်တောင် မသိနိုင်ဘူး၊ မောင်လေးတို့အမေက သားတွေကို ချစ်တယ်ဆိုပြီး သားတွေလုပ်တာကို ဘာတစ်ခုမှ မတားဘူး၊ မမနဲ့တုန်းကလည်း ဒီအတိုင်းပဲ"





"ဒါဆို ယမုံနာက ဘာလို့လိုက်သွားရတာလဲ"

"ဒါက ရှင်းတယ်လေ၊ ဒေါ်ရတီလွင်နဲ့တွေ့ပြီး အကြွေးဆိုတာ အခုလာတောင်းပါဆိုပြီး လာခေါ်လို့လိုက်သွားတာပဲ"

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ ကိုကိုက အဲဒီလောက်ထိ မယုတ်မာဘူးထင်တယ်၊ ခင်ဗျားကြီး မဟုတ်တာပြောနေတာ၊ ကျုပ် မယုံဘူး၊ မယုံဘူး၊ မပြောနဲ့၊ မကြားချင်ဘူး"

ပျားရည် ဒေါသနှင့်အော်နေသည်။ သူ၏စကားသည် တိတ်ဆိတ်ခြင်းကို ပျက်စီးစေ၏။

သူမစကားကို ပျားရည် မယုံ။ ယမုံနာကို ဂျွန်ဟန် ခေါ်သွားသည်ဟု ပြောလိုက်ခြင်းသည် သူတို့မိသားစုကို သိက္ခာချနေ၏။

"မမပြောတာ မယုံဘူးလား၊ ရပါတယ်၊ အဲဒီလောက် ပြဿနာမရှိပါဘူး၊ ယမုံနာပြန်ရောက်ရင် မောင်လေးဆီကို ဖုန်းဆက်ခိုင်းမယ်၊ သူ မဆက်ရင် မမ မင်းဆီကိုဆက်မယ်၊ ကဲ… ဘယ့်နှယ်လဲ၊ အဲဒါဆို မင်းယုံမယ်မဟုတ်လား"

ဝိုးဝိုး၀၁၀၆ပ

"ကောင်းပြီလေ၊ အဲဒါဆို မင်း ဖုန်းနားကစောင့်နေ၊ သူပြန်လာတာနဲ့ ငါ မင်းဆီကို ဖုန်းဆက်ခိုင်းမယ်"

စကားကို အဆုံးသတ်လိုက်သည်။ သူသည် ဘယ်ကို အမှန်လုပ် ပြောရမယ်ဆိုတာ မသိအောင်ဖြစ်နေသည်။ အဆိုးဆုံး အချက်က ယမုံနာ သူ့ကို အတွေ့မခံတဲ့ကိစ္စ။

ဖုန်းထဲမှာ စကားပြောလိုက်ရသည်။ အပြင်မှာ နှစ်ယောက် သားတွေ့ဖို့ဆိုတော့ လက်မခံခဲ့။

ငင်းကိစ္စနှင့်ပတ်သက်၍ ယမုံနာကို သံသယဖြစ်နေလျက် နှင့် ကိုကိုနှင့်သွားတယ်ဆိုသော စကားကို သူ ဘယ်လိုယုံရမှာလဲ။

"ယမုံနာ...မင်း ဘာတွေလုပ်နေတာလဲ၊ မင်းရဲ့လုပ်ရပ်ကို ငါ လိုက်မမီတော့ဘူး"

သူသည် ကြေကွဲစွာတွေးနေသည်။ သူ မျှော်လင့်ထားသော ယမုံနာက သူ့အပေါ် ဘာလို့သစ္စာဖောက်ရတာလဲ။ သူသည် တယ်လီဖုန်းအနားတွင် အချိန်ကြာမြင့်စွာထိုင်နေသည်။

♦ ♦ ♦



## အခန်း (၄)

ဂင်္ဂါ ပြောသည့်အတိုင်း ဖြစ်ပေါ်လာသော ပြဿနာက ထင်ထားသည်ထက် ပို၍ပင် ကြီးထွားလာသည်။

ငင်းကိစ္စအတွက် ပျားရည် ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်မိသည်။ တခြားလူဆို သူ ဒီလောက်ဖြစ်မိမှာမဟုတ်။ ညီအစ်ကိုရင်းဖြစ်လျက်နှင့် ဒီလိုဖြစ်ရသည်။ ငင်းစကားကို တခြား လူပြောရင် မယုံမှာမဟုတ်သလို သိပ်ချစ်ရသောယမုံနာ ပြောရင် လည်း ယုံမှာမဟုတ်။

သို့သော် အပြောနှင့်ယက်တွေ့ တစ်ထပ်တည်းဖြစ်နေ

သည်။

ပျားရည် တယ်လီဖုန်းအနားမှာ ထိုင်စောင့်နေသည်။ မိနစ်၊ နာရီ အတော်ကြာ ညနေစောင်းအချိန်တွင် ဖုန်းလာသည်။ ပျားရည် ကိုင်လိုက်သည်။ ထင်ထားတာနှင့် ခြားနားနေသည်။ ယမုံနှာ မဟုတ်။ ဂင်္ဂါ ဆက်တာဖြစ်သည်။ ယမုံနှာ ပြန်ရောက်နေပြီဆိုတဲ့ အကြောင်း ဖုန်းမဆက်ဘဲ ဒေါသထွက်နေသည့်အကြောင်းတွေ ကိုပြောသည်။

ရုတ်တရက် ပျားရည် ဘာလုပ်ရမှန်းမသိ။

အချိန်အတော်ကြာအောင် စဉ်းစားနေသည်။ ဂင်္ဂါ၏ အစီအစဉ်အရ တယ်လီဖုန်းကို ယမုံနှာထံ သွားပို့လိုက်သည်။

"ယမုံနှာ…ပျားရည်ပါ၊ ဒီနေ့ ဘယ်သွားနေလဲ၊ ပျားရည် တွေ့ချင်လို့စောင့်နေတာ တစ်နေ့လုံးပဲ"

"တကယ်မသိတာလား၊ မသိဟန်ဆောင်တာလား"

"ပျားရည် တကယ်မသိလို့ပါ ယမုံနှာရယ်၊ ယမုံနှာ ကို တွေ့ချင်လို့စောင့်နေတာ"





"ရှင် တကယ်မသိရင် ကျွန်မ ပြောမယ်၊ မနက်က ကျွန်မကို ဌာနမှူး လာခေါ်သွားတယ်၊ ဒေါ်ရတီလွင်က အကြွေး ကိစ္စ စာရင်းရှင်းစရာရှိတယ်ဆိုပြီး လာခေါ်သွားတယ်၊ ကျွန်မက ဘာကယ်အဟုတ်မှတ်ပြီး လိုက်သွားတယ်၊ ဟုတ်လည်း မဟုတ် ဘဲနဲ့၊ တစ်နေကုန် ကျွန်မကို မဟုတ်တာတွေပြောတယ်၊ ပျားရည် စဉ်းစားကြည့်စမ်း၊ တကယ်ဆို ကျွန်မက ရှင့်ရဲ့ဇနီးပဲ၊ ဒါကို သိရက်သားနဲ့ မဟုတ်တာတွေပြောတယ်၊ ကျွန်မ သူ့ကို ပါးရိုက် ဖို့အထိ စဉ်းစားသေးတယ်၊ ရှင့်မျက်နှာကြောင့် ဘာမှမလုပ်လိုက် တာ"

"မဖြစ်နိုင်ဘူးထင်တယ်၊ ကျွန်တော့်အစ်ကိုက အဲဒီ လောက်အထိ အောက်တန်းမကျသေးဘူး ယမုံနှာ၊ ဒီထက်ခိုင်လုံ တဲ့ သတင်း မရှိတော့ဘူးလား"

"ကျွန်မစကားကို ရှင် တကယ်မယုံတာ အမှန်ပဲလား၊ ဒါဆို ကျွန်မ ဌာနမှူးရှိတဲ့နေရာပြောရင် ရှင် ယုံမလား"

"အဲဒီလိုဆိုရင် ကျွန်တော် ယုံတယ်"

"ဒီမှာ သေချာနားထောင်၊ ကျွန်မ ပြောမယ်၊ တြိဂံ စားတော်ဆက်၊ ထိုင်ခုံနံပါတ် တစ်ဆယ်မှာ ထိုင်သောက်နေတယ် ဆိုရင် ပျားရည် ယုံလား"

တိကျသော ယမုံနာ စကားကြောင့် ပျားရည် တွေသွားသည်။ မဟုတ်ဘဲနှင့်တော့ မပြောနိုင်။ ပျားရည် လက်ခံသည်။

"ကျွန်တော် သွားကြည့်မယ်၊ ယမုံနာ ပြောသလို တွေ့ရင် ကျွန်တော်ကိုယ်တိုင် ဖြေရှင်းလိုက်ပါ့မယ်"

သူသည် ကိုင်ထားသောဖုန်းကို ချက်ချင်းချလိုက်သည်။ အသင့်ထားသော ကားပေါ်ကို တက်လိုက်၏။ ဠွန်ဟန်ရှိရာ စားသောက်ဆိုင်ကို အပြေးမောင်းသည်။

ယမုံနာပြောသော စားသောက်ဆိုင်ကို ရောက်သည်။ ယမုံနာ ပြောလိုက်သည့်အတိုင်း ကွာခြားမှုမရှိအောင် တူနေသည်။

ထိန်းချုပ်မရသော ပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်လာသည်။ သူသည် ဠွန်ဟန် ထိုင်နေသော ယိုင်ခုံရှေ့ကို ဝင်မထိုင်သေး ပေါက်ကွဲမှုမျက်နှာနှင့် ကြည့်လိုက်သည်။

စိုး၊မိုး၊၀၇၄ပ



ဠွန်ဟန် ပျားရည်ကို အံ့သြစွာကြည့်နေသည်။ သူ၏ အကြည့်သည် ဇဝေဇဝါနေသလို ထင်ရှားမှုမရှိ။

"ညီလေး...မင်း ဒီကို ဘာလာလုပ်တာလဲ"

"ကိုကို တော်တော်အကြံပက်စက်တယ်ဗျာ၊ ဒီလိုလုပ်လိမ့်မယ်လို့ ဘယ်တုန်းကမှ ဒီလိုမထင်ခဲ့ဘူး၊ ကိုကို သိပ်ရက်စက်တယ်"

"ညီလေး...မင်း ဘာတွေပြောနေတာလဲ၊ မင်းပြောတာကို ငါ နားမလည်ဘူးကွ၊ ကိုကို တကယ်ပြောတာ၊ ကိုကို့ကို ရှင်းရှင်းပြောကွာ"

"ဒီလိုလား...ရပါတယ် ကိုကို၊ ယမုံနာကို ဘာလို့ မဟုတ်တာပြောလိုက်တာလဲ၊ ကိုကို မဟုတ်ဘူးလို့ ငြင်းလို့မရဘူး၊ ဘယ်လိုမှမငြင်းပါနဲ့၊ ကိုကို ဝန်ခံလိုက်စမ်းပါ"

"ညီလေး...ကိုကို ဘာလို့ဝန်ခံရမှာလဲ၊ ကိုကို မဟုတ်ကာ မလုပ်ဘူးနော်၊ အဲဒါကို သိတယ်မဟုတ်လား"

ပျားရည် ထိန်းချုပ်မှုကင်းမဲ့သော မျက်နှာနှင့် ဠွန်ဟန်

စိုး၊မိုး၊၀၇၄ပ

ကို ကြည့်လိုက်သည်။ ဖြူနှံဟန် သောက်နေသော အရက်ခွက်ကို ဆွဲသွန်လိုက်သည်။

သွားဟ‥။

"ညီလေး…ဒါ ဘယ်လိုလုပ်လိုက်တာလဲ"

"ကိုကို ဘာလို့ ယမုံနာကို မဟုတ်တာပြောလိုက်တာလဲ"

"ဘာ…ဘယ်မှာလဲ ယမုံနာ၊ အဲဒီစကားကို ညီလေးကို ဘယ်သူပြောတာလဲ၊ ကိုကို့ကိုပြောစမ်း"

"ဒီလောက် သက်သေနိုင်လုံနေတာကို ဘာလို့လိမ်ချင်နေရတာလဲ ကိုကို၊ ကိုကိုဟာ တကယ်တော့ လူသားမဟုတ်တဲ့လူ၊ လူ့အတ္တသမား၊ ဒါ ငါနဲ့ဘယ်လိုပတ်သက်နေတယ်ဆိုတာ ကိုကို မတွေးတော့ဘူး၊ ငါလုပ်ချင်တာ လုပ်မယ်၊ ဘယ်သူဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူးဆိုတဲ့စိတ် ကိုကို့မှာရှိတယ်၊ ဒါကြောင့် ပြဿနာတွေ ဖြေရှင်းလို့မပြီးနိုင်တာ"

"ညီလေး…မင်းစကားတွေက အရမ်းကိုလွန်လာပြီ

ဝိုးဝိုး၁၀၇၄ပ



ကိုကို တစ်ခုခုလုပ်မိလိမ့်မယ်"

"ကိုကို လုပ်ချင်တိုင်း လုပ်လို့ရမယ် ထင်လို့လား၊ မရဘူး ကိုကို၊ ယနေ့အချိန်ထိ ကျွန်တော်ဟာ မဟုတ်တာတစ်ခုမှ မလုပ်ခဲ့ဘူး၊ လူကြားမကောင်းတဲ့ ရာဇဝင်ဇာတ်လမ်းရေးရတယ်လို့၊ နောက်ပိုင်း ဘာတွေဖြစ်လာမယ်ဆိုတာ မတွေးတော့ဘူး"

"ညီလေး"

"ကိုကို ဘာပြောချင်သေးလဲ"

ပျားရည်ဒေါသတွေ ဖြူနှံဟန်ပေါ်ကို ရောက်နေသည်။ ပျားရည်သည် သူ့အစ်ကိုရှေ့က အရက်ခွက်ကို နောက်တစ်ကြိမ် လှမ်းယူလိုက်သည်။

ငှင်းအချိန်တွင် ဖြူနှံဟန်သည် ပျားရည်လက်ကို ဆုပ်ကိုင်လိုက်သည်။

"ညီလေး"

"ကိုကို ယမုံနာကို မဟုတ်တာ ဘာလို့ပြောတာလဲ၊ အဲဒါ ကိုကို ဝန်မခံဘူးလား"

ဝိုးဝိုး၁၀၇၄ပ

"ကိုကို ဘယ်တော့မှ မဟုတ်တာမလုပ်ဘူး ညီလေး"

"ဟာ"

"ခွပ်"

"ခလွမ်"

ပျားရည်သည် ကိုင်ထားသော အရက်ခွက်ကို တစ်ချက် ဆောင့်ချလိုက်ပြီး ဘေးကို ပစ်ချလိုက်သည်။

ပျားရည်၏လုပ်ရပ်ကို မခံနိုင်တာကြောင့် မီးဟုန်းဟုန်း တောက်သော မျက်လုံးနှင့်ကြည့်လိုက်၏။

ငှင်းနောက်…

"ရှော"

"ခွပ်"

ပျားရည်ကို ဖွန်ဟန် လက်သီးနှင့်ထိုးလိုက်သည်။ အထိုး ခံလိုက်ရတာကြောင့် ပါးစပ်မှာထွက်လာသော သွေးတွေကို ဘေး ကို ထွေးထုတ်လိုက်၏။

"ဒီလောက် လှပါးဝတဲ့ အစ်ကို"





"ရှော"

"ခွပ်"

ပျားရည် ဖွန်ဟန်ကို လက်သီးနှင့် မျက်နှာကိုထိုးလိုက် သည်။

ဖွန်ဟန် ပေါက်ကွဲသွားသည်။ ပျားရည်သည် သူ့ကို ဒီလိုလုပ်ခြင်းသည် ပထမဆုံးအကြိမ် လုပ်ခြင်းဖြစ်၏။ သူသည် ထွက်ကျလာသော နှုတ်ခမ်းက သွေးကို တစ်ချက်သိမ်းယူပြီး နောက် ဘေးကို ထွေးထုတ်လိုက်၏။ ညီက ထိုးခံရသော အစ်ကို တစ်ယောက်အနေနှင့် သူ့ကိုယ်သူ ရှက်သည်။ ကြေကွဲသည်။ ယူကြုံးမရ ဖြစ်မိသည်။

သူသည် ပုလင်းထဲမှာ တစ်ဝက်သာသာ ကျန်ရှိနေသော ဝိုင်အရက်ကို မော့သောက်လိုက်သည်။

ပြင်းထန်သော အရက်၏အရှိန်က ရင်ထဲမှာ မီးခဲကြီး ထိုးထည့်လိုက်သလို ခံစားလိုက်ရ၏။

အရက်၏ဆန္ဒပြမှုကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ထုံထိုင်း

လာပြီး ဆံပင်တွေ အပေါ်ကိုထောင်တက်သလို ထင်နေ၏။

ဝန်းကျင်ကို သဲသဲကွဲကွဲ မမြင်ရတော့။ နှလုံးသွေးများ ပွက်ပွက်ဆူလာသည်။ နီရဲသော မျက်လုံးများနှင့် ဖျားရည်ကို တစ်ချက်ကြည့်လိုက်သည်။

"ကိုကို ညီကို ဘယ်တော့မှမကျေဘူး"

သူသည် စီးလာသော ကားအကောင်းစားကြီးပေါ်သို့ ချက်ချင်းတက်လိုက်သည်။ ကားစက်ကိုနှိုးပြီးတာနှင့် ချက်ချင်း မောင်းထွက်သွားသည်။

ဖျားရည် ဖွန့်ဟန်အနောက်ကလိုက်ရန် သူ့ကားပေါ်သို့ တက်ထိုင်လိုက်သည်။

ကြောက်စရာကောင်းသော ပေါက်ကွဲသလိုလို နားထဲမှာ ကြားလိုက်၏။

"ဝုန်း"

"ဒုန်း"

လင်းထိန်နေသော လမ်းဘေး လျှပ်စစ်မာကျူရီမီးလုံး





များ အလင်းရောင်ကို မျက်ကွယ်ပြုသွားသည်။

ဝန်းကျင်တစ်ခုလုံး မဟူရာစောင်ကြီးကို လွှမ်းခြုံလိုက်သလို ထင်ရသည်။ ဖျားရည်ရင်ထဲတွင် ကြေကွဲမှုတွေတားဆီးမရနိုင်တော့။ သူ၏ ထိန်းမရသောစိတ်ကြောင့် လုပ်မိလိုက်တာကြောင့် ဖြစ်ရတာဟုတွေးရင်း စိတ်မကောင်းဖြစ်နေမိသည်။

ဖွန့်ဟန်သည် လမ်းဘေးပလက်ဖောင်းပေါ်က လျှပ်စစ်မီးတိုင်ကို ဝင်တိုက်မိသည်။ ၎င်းအတွက် ဖွန့်ဟန်မှာ ကားပေါ်က ပြုတ်ကျသွားသည်။ နီရဲသော သွေးတွေက ခန္ဓာကိုယ်တစ်ခုလုံးကို လွှမ်းမိုးနေသည်။

"ဖြစ်မှဖြစ်ရလေ ကိုကိုရယ်၊ ကိုကို အခုလိုဖြစ်ရတာ ကျွန်တော့်ကြောင့်ပါ၊ ကျွန်တော့်ကြောင့် ကိုကို အခုလိုဖြစ်ရတာပါ ကိုကိုရာ"

ဖျားရည် ဖိတ်စင်ထွက်ကျလာသော မျက်ရည်များကို မသုတ်နိုင်။ အစ်ကိုဖွန့်ဟန်၏ အလောင်းကို ဆေးရုံတင်ရန် စီစဉ်လိုက်သည်။

◆ ◆ ◆

## အခန်း (၅)

ကြေကွဲမှုထက် ထပ်ဆင့်ကြေကွဲမှုကို ပျားရည် ထပ်မံ ခံစားရသည်။ ကြေကွဲရသည်။

သူ့ဘဝမှာ အစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ခုပါ ထပ်ဆင့်ပေါ်လာသည်။

ပျားရည် ဆေးရုံကနေ မိခင်ထံ ဖုန်းဆက်သည်။

ငှင်းသတင်းကို ကြားလိုက်ရတာကြောင့် မိခင်မှာ သောကတွေ တစ်ပွေ့တစ်ပိုက်နှင့် ခံစားလိုက်ရသည်။ မိခင်၏အသံကို နောက်ဆုံးကြားလိုက်ရသည်မှာ သူ့ဘဝအတွက် ဘယ်တောမှ

ဝိုးဝိုးစာပေ

မေ့နိုင်မည်မဟုတ်။

"သားကြီး ကားတိုက်မှုဖြစ်လို့ ဟုတ်လား၊ မေမေ အခုပဲ လာခဲ့မယ်၊ သားလေး ဘာမှမဖြစ်ဘူးနော်"

"ဟုတ်…ကျွန်တော် ဘာမှမဖြစ်ပါဘူး မေမေ"

"အမလေး…တော်ပါသေးရဲ့၊ မေမေ ရူးရတော့မလားလို့"

မေမေ ရူးရတော့မလားလို့။

မိခင်ပြောသော စကားကို ဖုန်းထဲမှာ နောက်ဆုံးကြားလိုက်ရသည်။

မိခင်လာမည့်လမ်းကို အားအင်ကုန်ခန်းစွာနှင့် မျှော်နေမိသည်။ မိနစ်အတော်ကြာတော့ ဆေးရုံအတွင်းကို အရေးပေါ် ဆေးရုံကားတစ်စီး ဝင်လာသည်။

၎င်းကားပေါ်မှာ မေမေ့ကို အတွင်းလူနာအဖြစ် တွေ့လိုက်ရသည်။ မေမေ၏ ကိုယ်လုံးနေရာအနှံ့မှာ နီရဲသောသွေးကွက်များကို ကွက်ကွက်ကွင်းကွင်း တွေ့လိုက်ရသည်။





သူမိခင်အနားကို အပြေးရောက်သွားသည်။ မိခင်မှာ သူ့ကို စကားပြောနိုင်သော စွမ်းအားမရှိတော့။ စိုးရိမ်သော မျက်လုံးများနှင့် ကြည့်နေသည်။ မိခင်သည် ပျားရည်ကို စိတ်မချသော အမူအရာတွေ ပြနေသည်။

"မေမေ…မေမေ၊ ကျွန်တော် ခေါ်နေတယ်လေ၊ မေမေ…မေမေ"

သူ ဘယ်လိုပင်ခေါ်သော်လည်း မိခင်မှာ ကြားနိုင်သော စွမ်းအားတွေ မရှိတော့။

မျက်ရည်များက ထိန်းချုပ်မရအောင် လွတ်လွတ်ကျွတ် ကျွတ် ကျနေသည်။

မိခင်ဟာ သူ့ကြောင့် သေဆုံးသွားရတာဟု ကြေကွဲစွာ ပြောနေမိသည်။ ကိုကို ကားတိုက်ခံရတာ အိမ်ပြန်မပြော။ ဖုန်းဆက်ပြောလိုက်သည်။ မိခင်မှာ စိုးရိမ်စိတ်တွေ လွှန်ကဲပြီး တိုက်အပေါ်ထက်က ဆင်းလိုက်သည်။ မိခင်မှာ တိုက်အပေါ်က ပြုတ်ကျသည်။ အောက်ကိုရောက်တာနှင့် မိခင်မှာ စကားလုံးဝမပြော

နိုင်တော့။ ဒဏ်ရာတွေကိုသာ ခံစားနေရပေသည်။

အခုတော့····

ဗျားရည်၏အနားမှာ မိခင်လည်း မရှိတော့။ ကိုကိုလည်း မရှိတော့။ ရတီလွှင် စံအိမ်ကြီးထဲမှာ သူတစ်ယောက်တည်း ရှိနေသည်။

ငှင်းအချိန်မှာ အသက်လောက်ချစ်ရသူ ယမုံနာကို တွေ့ချင်နေသည်။ ယမုံနာ သူတို့မိသားစုအကြောင်းကို သိနေမလား ဟု တွေးနေမိပေသည်။

◆ ◆ ◆



## အခန်း (၆)

နလုံးသား၏ တောင်းဆိုမှုက တကယ်တမ်း ပြည့်တယ် ဆိုပေမယ့် ပြည့်ပြည့်ဝဝ မခံစားရ။

အနှောင့်အယှက် အတားအဆီးတွေကို ပြန်ကျော်ပြီးမှ လိုချင်သောအရာတစ်ခုကို ရသည်။ သို့သော် သူ တကယ်မျှော်လင့်ထားတာတွေ ဘာတစ်ခုမှ ရလာခြင်းမရှိ။ ကြေကွဲမှုများစွာ ပြည့်သိပ်နေသောအချိန်တွင် သူ၏ထံကို စာတစ်စောင်ရောက်လာသည်။ ယမုံနာ ပို့လိုက်သောစာ ဖြစ်သည်။

အခေါက်လိုက် စာရွက်ကို သူ ဖတ်နေမိသည်။

မောင်

မောင်လို့ပဲ ခေါ်တော့မယ်နော်၊ မောင် ဒီစာကို ဖတ်နေရတဲ့အချိန်မှာ ကျွန်မ မြို့သာမြို့ကို ပြန်သွားပါပြီ။ မောင် စာကို ဆုံးအောင်ဖတ်နော်၊ ပြီးရင် ကျွန်မရဲ့ တယုသန့်လုပ်ရပ်တွေကိုပါ တဆက်တည်း တောင်းပန်ပါတယ်။

မောင် ကျွန်မရဲ့စာကို ဖတ်ပြီးတာနဲ့ ကြိုက်သလိုဆုံးဖြတ်နော်။ ကျွန်မ ဘာမှမပြောပါ။ လွန်ခဲ့တဲ့လက မောင်တို့အိမ်ကို ဂဂ်ါလာတယ်၊ အဲဒါ မောင် ဘယ်လိုထင်သလဲ၊ အဲဒါ မမဂဂ်ါ မဟုတ်ဘူး၊ ကျွန်မ လာတာ၊ မမဂဂ်ါရဲ့ ပုံစံလုပ်ပြီးလာတာ။ အဲဒါ ဘာဖြစ်လို့လာတာလဲ မောင်သိလား၊ ကျွန်မ မောင့်ကို တွေ့ချင်လို့လာတာ၊ ကျွန်မမှန်း မောင် မသိဘူးမဟုတ်လား။

ကျွန်မလေ မောင့်ကိုမုန်းဖို့ အမျိုးမျိုးကြိုးစားတယ်၊ မရဘူး မောင်။ အဲဒီအတွက် ကျွန်မကိုယ်ကျွန်မ အဖြေထုတ်နေတယ်။ အခုထိ အဖြေမထွက်သေးဘူး။





အဲဒီတုန်းက မောင်တို့မိသားစုမေးတဲ့ မေးခွန်းတစ်ခုကို ကျွန်မ မဖြေဘဲ စကားကို လုံးထွေးပြီးကျော်ခဲ့တယ်၊ ဂဂ်ါ သေပြီဆိုတဲ့၊ ဟုတ်တယ်...မောင်၊ မမဂဂ်ါ သေသွားပါပြီ။ မမဂဂ်ါဟာ ကိုကိုရွှန်ပာန်စိတ်နဲ့ အိပ်ရာထဲ လဲသွားလိုက်တာ ပြန်မထတော့ဘူး။ မမဂဂ်ါ သေရတာကို စိတ်ထိခိုက်ပြီး မေမေနဲ့ ဖေဖေပါ ရှေ့နောက်သေဆုံးသွားကြတယ်။ အဲဒီတုန်းက ကျွန်မက တော်တော်ငယ်သေးတာပေါ့၊ ကျွန်မလေ ဖေဖေ မေမေ မမတို့ သေတုန်းက အရွေးမီးဝိုင်းတာထက် ဆယ်ဆခံစားရတယ် မောင်၊ အရွယ်နဲ့ ဝေဒနာ မမျှဘူးပေါ့၊ အဲဒီအချိန်မှာ ကျွန်မလေ မောင်တို့မိသားစုကို အရမ်းမုန်းတယ်၊ ကျွန်မမိသားစုဖြစ်သလို မောင်တို့မိသားစု ခံစားစေရမယ်ဆိုတဲ့စိတ်နဲ့ ကျွန်မ မောင့်ကိုမချစ်ဘဲ ချစ်ဟန်ဆောင်ခဲ့တယ်၊ မောင့်အတွက် အချိန်တွေပေးတယ်၊ မောင်နဲ့ အတူတူ အမြင့်ကိုသွားတယ်၊ မောင့်ကိုလက်ထပ်ဖို့ ကျွန်မ အမျိုးမျိုးပြောခဲ့တယ်။ ကျွန်မ စိတ်တိုင်းကျ မင်္ဂလာပွဲကျင်းပတဲ့နေ့မှာ ကျွန်မ ဘယ်ကိုရောက်နေတယ်ထင်လဲ၊ ဘုရားမှာ ပုတီးစိပ်

နေတယ်၊ မင်္ဂလာပွဲပြီးလောက်မှ အိမ်ကိုပြန်ခဲ့တာ။

ဒီလောက်ဆို ကျွန်မရဲ့လုပ်ရပ်ကို မောင် သိပြီထင်ပါတယ်။ မောင် ကျွန်မကို တကယ်ချစ်လို့ အတူတူ ဘဝခရီးကို လျှောက်လှမ်းမယ် ဆုံးဖြတ်ပြီးလို့ ကျွန်မထံကိုလာမယ်ဆိုရင် ပိတ်ဆို့တားဆီးမှု ကင်းမဲ့စွာ မျှော်နေပါ့မယ်။

မောင့်ရဲ့ယမုံနာ

သူသည် စာရွက်ကို ပြန်လည်ခေါက်သိမ်းလိုက်သည်။ ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာ မတွေးတတ်အောင် ခက်နေသည်။ ချစ်နေသည်…ယမုံနာကို အသက်လောက်ချစ်သည်။

ယမုံနာနေရာမှာ ဘယ်လိုမိန်းမ အစားထိုးဝင်ရောက်လာမည်ကို သူ လက်မခံ။ သူ ယမုံနာနောက်ကိုလိုက်ရန် ဆုံးဖြတ်လိုက်သည်။

◆ ◆ ◆



## အခန်း (၇)

ကြေကွဲမှုတပွေ့တပိုက်နှင့်အတူ မိဘများနေထိုင်ခဲ့သော မြိုင်သာမြို့လေးကို သိန်းရာကျော်တန်ကားကြီးနှင့် ပြန်ရပေမယ့် ပျော်ရွှင်ခြင်းမရှိ။ ချစ်တဲ့သူနဲ့ ဝေးကွာခဲ့ရသော အလွမ်းများက နှလုံးသားမှာ အစိုင်အခဲကြီးတွေ အဆုပ်လိုက် အဆုပ်လိုက် စုပုံနေကြသည်။

သူမသည် မျက်ဝန်းအိမ်က မျက်ရည်ကို သုတ်သိမ်းယ်ထုတ်နေရပေမယ့် ချစ်သူ ပျားရည်နှင့် ပျော်ရွှင်ခဲ့သော ကာလတွေကို သတိရနေသည်။

"မောင်ရယ်…ကျွန်မလေ မောင့်ကို အချစ်များစွာနဲ့ မျှော်နေပါ့မယ် မောင်ရယ်၊ ကျွန်မရဲ့ရင်ခွင်ထဲကို မောင် အချိန်မရွေး နားခိုနိုင်ပါတယ်၊ နားခိုဖို့လည်း မောင့်အတွက် အေးမြသာယာလှတဲ့ အကြင်နာစံအိမ်ကြီးတစ်ခု တည်ဆောက်ထားပါ့မယ် မောင်ရယ်"

ယမုံနာသည် ချစ်သူ ပျားရည်ကို မျှော်ရင်းနှင့် ကားကြီးကို ကိုယ်တိုင်မောင်းနေသည်။

ငင်းအချိန်တွင် သူ၏ကားထဲက သီချင်းသံကို ကြားလိုက်၏။

ဒီအချိန်ဆို လွမ်းတယ်နော် ××× တို့မှာ ဆုံချင်နေလည်းဝေး ×× အရင်ကို ပြန်စဉ်းစားရင် ချစ်သူ မင်းကိုသိပ်လွမ်းတယ် ×××

အချစ်ဆုံးလေး ×× သူကလည်း လွမ်းမယ် ×× စိတ်ထဲ ဒီအတိုင်းပဲ ×× အပြင်ကို တစ်ယောက်တည်း မသွားချင်ဘူး ××





အထီးကျန်နေဆဲကွယ် ×× စိတ်တိုင်းကျတွေ့တာ အိပ်မက်များ ×× မုန်းသွားလို့မဖြစ်နိုင်ဘူး ××

အချစ်ဆုံး တို့တစ်တွေ အကြင်နာများ ×× လွယ်လွယ် မကုန်နိုင်ဘူး ×× ဒီလို အိပ်မက်ဟောင်းလေးများကို ×× သတိရနေတယ် ×× ဒီမှာ ကြင်နာခြင်းရဲ့အစပေါ့ သိပ်မှတ်မိတယ် ×× ဒီအချိန် နှစ်ယောက်သား တွေ့ကြရဖို့ တစ်ယောက်နဲ့တစ်ယောက် ကဝေး ×× ချစ်လေး ×× အမြဲတမ်း သတိရနေတယ် ××××

ယမုံနာ သီချင်းကို ပိတ်လိုက်သည်။ နှလုံးသားတွေ နာကျင်လွန်း၍ ဆက်နားမထောင်နိုင်တော့။ ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေကြောင့် အမြင်တွေ ဝေဝါးသွားကာ လမ်းတစ်နေရာမှာ ကားကိုထိုးရပ်ပြီး လက်ဖဝါးနှစ်ဖက်ပေါ် မျက်နှာအပ်ကာ အားပါးတရ ငိုချလိုက်သည်။

မောင်ရယ်…

ယမုံနာကို မုန်းသွားပြီလားကွယ်။

"ယမုံနာ"

"ဟင်...မောင်"

ရုတ်တရက် မောင့်ကိုမြင်လိုက်ရတော့ ယမုံနာ ကားပေါ်က အပြေးဆင်းသွားတော့ မောင်က မျက်ရည်တွေနှင့် ယမုံနာကို သူ့ရင်ခွင်ထဲ တင်းကျပ်စွာ ထွေးပွေ့ကြိုဆိုကာ ချစ်အနမ်းတွေကို အလွမ်းတွေနှင့် အတိုးချ ရှိုက်နမ်းသည်။

"လွမ်းလိုက်ရတာ ယမုံနာရယ်"

"ယမုံနာကို မမုန်းဘူးလား မောင်"

"မုန်းတယ်"

"ဟင်"

မောင့်ထံမှ အမုန်းစကားကြောင့် ယမုံနာ သွေးပျက်တုန်လှုပ်သွားပေမယ့် မောင့်ပုံစံကတော့ ခပ်တည်တည်။

"ဒါ...ဒါဆို...ယမုံနာကို မောင် ဒီအတိုင်း တစ်ယောက်တည်း ထားပစ်ခဲ့တော့မှာပေါ့နော်"

ပြောရင်း အသံတွေတုန်လာကာ ယမုံနာ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လာ၏။ ယမုံနာကတော့ မောင် လိုက်လာလို့ ပျော်လိုက်ရတာ။ ယမုံနာ မျှော်လင့်သလို မောင်က ယမုံနာကို ခွင့်လွှတ်လို့၊ ချစ်လို့ မဟုတ်ဘူးပေါ့။

"ယမုံနာ သွားတော့မယ်"

"ဘယ်ကိုလဲ"

"မောင်က ယမုံနာကို မုန်းလိုက်ပြီပဲကွယ်၊ ယမုံနာ ဘယ်သွားသွား မောင်သိဖို့လိုသေးလို့လား"

"လိုတယ်၊ ယမုံနာကို ဒီအတိုင်းသွားခွင့်မပြုနိုင်ဘူး၊ မောင်နဲ့လက်ထပ်ပြီးမှ သွားပြုမယ်"

"မောင်"

ယမုံနာ ရင်တွေ တသိမ့်သိမ့်ခုန်သွားချိန်မှာ မောင်က ယမုံနာကိုယ်လေးကို သူ့ရင်ခွင်ထဲ တင်းကျပ်စွာပွေ့ဖက်လျက်ရယ်သည်။

"အရူးမလေး...မောင် ဒီကိုလိုက်လာတယ်ဆိုကတည်းက ယမုံနာကို ချစ်လို့၊ ခွင့်လွှတ်လို့ပေါ့၊ ဒီလောက်မှမတွေးတတ်တော့ဘူးလား"





စိုးမိုးစာပေ

"မောင်ရယ်"

ပျော်လွန်း၍ မောင့်ကိုယ်ကြီးကို တအားဖက်ပြီး ခြေဖျား လေးထောက်ကာ မောင့်မေးဖျားလေးကို လှမ်းအနမ်းမှာ ချိုလွင်သော မောင့်ရယ်သံနှင့် မောင်ထံမှ ပြန်လည်ကျရောက်လာသော အနမ်းနွေးနွေးက ယမုံနာ ဘဝတစ်ခုလုံး နွေးထွေးလုံခြုံသွား၏။

ရွှေအခွေသီ

ဝိုးဝိုး၀၁၀ပ